www.burmeseclassic.com

အောင်မြင်စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု သစ်

# ပြိတ္တ (၂)

## သရဲမျက်နှာဖုံး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ ဦးအောင်မြင့်၊ မြင့်ချိုရာ ဧအောင်မြင်စာပေ
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ် ဧအောင်မြင်ပုံနှိပ်တိုက်
၂၀၁၄ ခုနှစ် (နှစ်လ)၊ အုပ်ရေ (၅၀၀)၊

၈၉၅.၈၃
တြိစက္ကာ
သရဲမျက်နှာဖုံး/ တြိစက္ကာ။ - ရန်ကုန်၊
ဧအောင်မြင်စာပေ၊ ၂၀၁၄။
၂၃၀ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) တြိစက္ကာ

# ဒသယနုလက်ဆောင်

❖ အသည်းနှလုံးမှ ထွက်သောသွေးသည်
မျက်ရည်အဖြစ်ပြောင်းလဲနိုင်သည်၊
ဝမ်းနည်းကြေကွဲမှု၏ အဖော်သည်လည်း
မျက်ရည်ပင်ဖြစ်သည်၊

❖ အသည်းနှလုံး၌ ပုလောင်သောအခါ
နှုတ်ခမ်းမှထွက်သော စကားလုံးတိုင်းသည်
ပါးစပ်ဖျားမှ မီးပွားများဖြစ်လာကြပါတယ်၊

❖ အချစ်ကို တန်ဖိုးထားသူတို့၏
စကားလုံးများသည်၊
သူတို့၏ အသည်းနှလုံးထဲမှာရှိပြီး၊
တန်ဖိုးမထားတတ်သူများ၏
အသည်းနှလုံးကတော့
သူတို့၏ပါးစပ်ဖျား၌သာ
အလွယ်တကူချိတ်ဆွဲထားလေ့ရှိကြသည်၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ သန်းခေါင်ယံမတိုင်ခင်အထိ
ရောက်နေဆဲ အသက်သာရှိသည်၊
သန်းခေါင်ယံကျော်မှသာ
အသက်တစ်ရက်ပိုရှည်ပြီဟု
အသိအမှတ်ပြုရပါမယ်။

❖ နီးတစ်ချောင်းလိုချင်ပေမယ့်
ဝါးတစ်လုံးခုတ်ရတာပါပဲ၊
ရည်ရွယ်ချက်တစ်ခုရဖို့အတွက်
ကြိုးစားခြင်းအများကြီး အသုံးပြုရပါတယ်။

❖ မိမိက သုတစ်ပါးရှေ့မှာ
ဒူးမထောက်ချင်ဘူးဆိုရင်တော့
သုတစ်ပါးတွေ ဒူးထောက်လာစေဖို့
အများကြီး ကြိုးစားရမှာပေါ့။

ဒဿနလက်ဆောင်

❖ သင်ကြားလေ့လာမှုမရှိသော
အတွေ့အကြုံသည်
အတွေ့အကြုံမရှိဘဲ လေ့လာသင်ကြားခြင်းထက်
ပိုရှုံကောင်းပေသည်။

❖ မျက်နှာပေါ်မှာ
ရုက်သွေးရောင်သမ်းခြင်းသည်
အသည်းနှလုံးမှာ လှပ်ရှားခြင်း၏
သင်္ကေတတစ်ခုပင်ဖြစ်သည်။

❖ ဘဝတံခါးများက
ဆိုးသူရော၊ ကောင်းသူအတွက်ပါ
ဖွင့်ပေးထားပါတယ်၊
ထောင်တံခါးကတော့
ဘဝဒဿနများကို ပေးလေ့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒသသနုလက်ဆောင်

❖ သံကြိုးကြီးပေမယ့်
ရွှေကြိုးနဲ့ဖြတ်ရင်ပြတ်ပါတယ်၊
သံယောဇဉ်ကြိုးကိုတော့
မျက်ရည်နဲ့ဖြတ်ကြရပါတယ်၊

❖ အချစ်မှာ မျက်စိမရှိသော်ငြားလည်း
အသည်းနှလုံးရှိသည်၊
မုန်းတီးခြင်းကျတော့
မျက်စိရော အသည်းနှလုံးပါမရှိတော့ပေ၊

❖ ခြသေ့်တစ်ကောင်၏
အမြီးဖြစ်ရသည်ကို ဂုဏ်မယူပါနှင့်
မစင်စွန့်တိုင်း အနံ့ခံနေရသည်၊
မြေခွေးတစ်ကောင်၏ ဦးခေါင်းဖြစ်လျှင်
အဝေးကို မျှော်ကြည့်နိုင်ပါတယ်၊

# ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) ထူးဆန်းသောသရဲမျက်နှာဖုံး၊
အခန်း(၂) ကယန်းဒေသမှအလှတရား၊
အခန်း(၃) ဖုတ်ဝင်လာသော အလောင်းကောင်၊
အခန်း(၄) ဒေါ်မင်းဇာနှင့်ပြူးစားတတ်သောပညာ၊
အခန်း(၅) အစိမ်းသေပါးမှ သနပ်ခါး၊
အခန်း(၆) မြလေးခင်နှင့်ကံကြမ္မာဆိုးများ၊
အခန်း(၇) သရဲမျက်နှာဖုံးရှင်ဘယ်သူလဲ၊
အခန်း(၈) အစိမ်းသေနှင့်ဓလေ့ဆန်းများ၊
အခန်း(၉) ပုဏ္ဏကတိုက်သောဂါတ်တဲ၊
အခန်း(၁၀) သေရွာပြန်ဝိညာဉ်ကလဲ့စား၊
အခန်း(၁၁) ထူးဆန်းသောမှော်ဝင်မျက်နှာဖုံး၊
အခန်း(၁၂) တောပင်းနှင့်သွေးစမ်းပညာ၊
အခန်း(၁၃) မှော်ဝင်မျက်နှာဖုံးကိုရရှိခြင်း၊
အခန်း(၁၄) ကြောက်စရာကောင်းသော အပင်းသွင်းခြင်း၊
အခန်း(၁၅) သရဲမျက်နှာဖုံးနှင့်တစ်ကျော့ပြန်ကြမ္မာ၊
အခန်း(၁၆) ပူးစာမှန်သောကံတရား၊


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

# ထူးဆန်းသော သရဲမျက်နှာဖုံး

ကမ္ဘာမြေပြင်နေရာအနှံ့အပြားတွင် နေထိုင်ကြသော လူမျိုးစုတို့မှာ ဓလေ့ထုံးစံချင်းတူသည်လည်း ရှိသည်၊ မတူကြသည်လည်းရှိသည်။

လူမျိုးတူသော်လည်း ဓလေ့မတူကြသည်များပင် ရှိကြသည်။ အထူးသဖြင့်တော့ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့စရိုက်များ တစ်နေရာနှင့်တစ်နေရာ ကွဲပြားခြားနားနေကြလေသည်။ မြန်မာလူမျိုးအချင်းချင်းမှာပင် ယုံကြည်ကိုးကွယ်မှု ကွဲပြားနေကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အများအားဖြင့် နတ်ယုံကြည်ကိုးကွယ်မှုနှင့် ရိုးရာဓလေ့ အစဉ်အလာများ မတူကြပေ။ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ ကရင်၊ နာဂ၊ ကယား၊ မွန်၊ မြန်မာ စသော တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့မှကွဲပြားသွားသော မျိုးနွယ်စုများမှာ မြောက်မြားစွာ ရှိကြလေသည်။

ရှမ်းတိုင်းရင်းသားများမှာပင် လူမျိုးစုပေါင်းမြောက်မြားစွာရှိနေကြသည်ကို တွေ့ကြရမည်ဖြစ်သည်။ ဥပမာ-နာဂဆိုလျှင် နာဂမျိုးနွယ်ပေါင်း မြောက်မြားစွာ ရှိနေကြသည်ကို တွေ့ရပေမည်။

သို့ကြောင့်. . နာဂဆိုသော်လည်း၊ ရှမ်းဆိုသော်လည်း မျိုးနွယ်သာတူသော်လည်း ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ထုံးစံ စရိုက်လက္ခဏာများကတော့ တူနိုင်ကြမည် မဟုတ်ပေ။

မြန်မာနိုင်ငံသည် တောတောင်ရေမြေသဘာဝကောင်းခြင်း၊ အသီးအနှံ၊ အစားအသောက်ပေါများခြင်းကြောင့် မှီတင်းနေထိုင်သော လူမျိုးစုအတော်များများ ရှိကြသည်။

အများအားဖြင့်တော့ တောတောင်များထဲမှ နေထိုင်ကြသော မျိုးနွယ်စုတို့ ဓလေ့ထုံးစံများမှာ အံ့သြစရာကောင်းလှပေသည်။

နတ်များယုံကြည်ကိုးကွယ်ခြင်း၊ တင်မြှောက်ပသခြင်း၊ ရှာတည်ခြင်း၊ စစ်တိုက်ခြင်း၊ ထိမ်းမြားလက်ထပ်ခြင်း၊ ဆေးကုသခြင်း၊ အမဲလိုက်ခြင်း၊ တောင်ယာစိုက်ခြင်း၊ ယောက်ျားမိန်းမတို့





ချစ်စကားပြောခြင်း၊ အတူနေခြင်း စသော ဓလေ့ထုံးစံများမှာ တစ်နေရာနှင့်တစ်နေရာ လူမျိုးစုတစ်စုနှင့်တစ်စု မတူညီကြပေ။

နေရာအတော်များများမှာ မိန်းမပျိုက မနှစ်သက်လျှင် အသားတို့ဖို့မဆိုထားနှင့် အနားကပ်ခွင့်ပင်ရမည် မဟုတ်ပေ။ သို့သော်. . ရှမ်းပြည်နယ်၏ အချို့နေရာများတွင် မိန်းမပျိုတစ်ယောက်ကို နှစ်သက်သဘောကျလျှင် ပခုံးဖက်ပြီး စကားပြောခွင့်ရှိသည်။

လူပျိုစကားပြောသူကို မိန်းမပျိုကနှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ ပခုံးဖက်ပြီး စကားပြောတာကိုတော့ သည်းခံပေးရသည်။

အဖော်ပါလာလျှင်ပင်. . အဖော်က တစ်နေရာမှ ရပ်စောင့်ပေးရလေသည်။

အကယ်၍ မိန်းကလေးမှာ လေးလံသော ခြင်းတောင်း၊ ပလိုင်းများလွယ်ထားလျှင် ပခုံးဖက်ထားသူက လွှတ်မပေးမချင်း ထိုနေရာမှ သွားခွင့်မရပေ။

ထိုဓလေ့မျိုးကို အခြားအရပ်ဒေသများမှာနေကြသော မိန်းမပျိုများကြားပါက ရယ်ကြပေလိမ့်မည်။

"ကိုယ်မကြိုက်ပဲ ပခုံးဖက်တာခံရမလား. . ၊ သူပြောတဲ့ စကားနားထောင်ရမတဲ့လား. . "

ဟု ယဉ်ယဉ်ကျေးကျေးပြောချင်လည်းပြောမည်။ ဒါမှမဟုတ် အချို့စိတ်ကြမ်းကိုယ်ကြမ်းရှိသော မိန်းမပျိုတစ်ယောက်ဆိုလျှင်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သဘောမကျဘဲ လက်ကိုင်၊ ပခုံးကိုင်လာလုပ်လို့ကတော့ ပါးကွဲအောင် ရိုက်ပစ်မှာပေါ့"

ဟု ပြောချင်လည်း ပြောပေမည်။

ထိုထက်ပိုဆိုးသော ဓလေ့တစ်မျိုးလည်း ရှိပေသည်။

နာဂလူမျိုးအချို့၏ ဓလေ့ထုံးစံပင်ဖြစ်သည်။ အရွယ်ရောက်လာသည်နှင့် ယောက်ျားပျို မိန်းမပျိုတို့မှာ မိမိတို့အိမ်မှာ မအိပ်ကြတော့ဘဲ လူပျိုဆောင်မှာ သွားအိပ်ကြလေသည်။

(ကယန်းလူမျိုးများမှာလည်း ယောက်ျားလေးများ လူပျိုဖြစ်ပါက လူပျိုဆောင်မှာ သွားအိပ်သောဓလေ့မျိုးရှိသည်)

နာဂတို့ဓလေ့တွင် . . . လူပျိုဆောင်တွင် ယောက်ျားပျို မိန်းမပျိုတို့ အတူတူနေခွင့်၊ အတူအိပ်ခွင့်ရှိကြလေသည်။

၎င်းတို့သဘောကတော့ . . . လက်မထပ်ခင်မှာ တစ်ယောက်သဘော တစ်ယောက်သိစေရန် ယခုကဲ့သို့ အတူတူနေကြခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုဓလေ့မျိုးကတော့ အခြားတိုင်းရင်းသား မိန်းမပျိုလေးများအနေနှင့် ပြုလုပ်ဝံ့ဖို့ဝေးပါရော စိတ်ကူးထဲပင် ထည့်ဝံ့ကြမည် မဟုတ်ပေ။

အခြားသူကပြောလျှင်ပင် နားထောင်ဝံ့ကြမည် မဟုတ်ပေ။ သို့သော် မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၊ မျိုးနွယ်စုပေါင်းမြောက်မြားစွာ ရှိကြသလို ဓလေ့စရိုက်များကလည်း စုံလင်လှသည်။ ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း တစ်နေရာနှင့်တစ်နေရာ လူမျိုးတစ်မျိုးနှင့်





တစ်မျိုး ဓလေ့စရိုက်ချင်း မတူကြပေ။ လူသေဆုံးသွားသောအခါ အသုဘချသောဓလေ့များလည်း တစ်နေရာနှင့်တစ်နေရာ မတူကြပေ။

အချို့ မြေမြှုပ်သည်။ အချို့ မီးရှို့သည်။

အချို့က အလောင်းကို သစ်ပင်မှာတင်ထားသည်။

အချို့က သစ်ပင်ကြီးများကို အခေါင်းဖောက်ပြီး . အတွင်းမှာ ထည့်ထားသည်။

အချို့က ကျောက်တောင်နံယံများမှာ အပေါက်ဖောက်ပြီး ထည့်ပိတ်ထားသည်။

အချို့ ဆလုံများကတော့ အလောင်းကို ဖျာဖြင့်ပိတ်ပြီး တောထဲမှာ လေးတိုင်စင်ပြုလုပ်ကာ တင်ထားသည်။

ထိုအလောင်း အသက်ပြန်ရှင်လာပါက စားသောက်ရန် အစားအသောက်နှင့် သူပိုင်သော လက်နက်ကိရိယာများကိုလည်း အဆင်သင့်တင်ထားပေးသည်။

အချို့နေရာများမှာ အလောင်းကိုမသယ်ဘဲ ဖုတ်သွင်းပြီးခေါ်လာခဲ့ပြီးမှ သင်္ဂြိုဟ်သောနေရာရောက်တော့မှ သင်္ဂြိုဟ်ခြင်းမျိုးလည်းရှိသည်။

အလောင်းကဖုတ်ဝင်ပြီး သူဘာသာလျှောက်လာသော သင်္ဂြိုဟ်နည်းဖြစ်သည်။

နေရာတိုင်းမှာတော့ သူ့နေရာနှင့်သူ ထူးခြားဆန်းပြားသော ဓလေ့ဆန်းများရှိနေကြသည်မှာ အမှန်ပင်ဖြစ်ပေသည်။

ယခုရေးသားမည့်အကြောင်းမှာ . . 'သရဲမျက်နှာဖုံး' အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပင်ဖြစ်သည်။

သရဲမျက်နှာဖုံးကို တောတောင်ထဲ သွားလာသည့်အခါ အမဲလိုက်သည့်အခါနှင့် အခြားအကြောင်းကိစ္စများ၌ အသုံးပြုလေ့ရှိကြသည်။

သရဲမျက်နှာဖုံးကို အသုံးပြုကြသူများမှာ အာဖရိက တောထဲမှာနေကြသော လူရိုင်းများပင်ဖြစ်သည်။

၎င်းတို့သည်. . တောထဲမှာ သွားလာကြသည့်အခါမှာသော်လည်းကောင်း. . ၊ အမဲလိုက်ထွက်ကြရမှာသော်လည်းကောင်း သရဲမျက်နှာဖုံးကို အသုံးပြုကြသည်၊

သရဲမျက်နှာဖုံးဟု အလွယ်တကူခေါ်ကြခြင်းမှာ သရဲမျက်နှာအမျိုးမျိုးတို့ကို ကြောက်စရာကောင်းလောက်အောင်ရေးဆွဲထားပြီး မျက်နှာမှာတပ်ဆင်ရသောကြောင့် 'သရဲမျက်နှာဖုံး' ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

သားရေချပ်များ၊ စက္ကူချပ်အထူများကို လူမျက်နှာနှင့်တူအောင်ပြုလုပ်ပြီး သရဲမျက်နှာများဆွဲကာ မျက်နှာရှေ့ဘက်တွင်မတပ်ဘဲ နောက်စေ့ဘက်တွင် တပ်ဆင်လေ့ရှိကြသည်။

ဘာကြောင့် နောက်စေ့ဘက်၌ တပ်ကြရခြင်းမှာ. . အကြောင်းရှိသည်။

အာဖရိကတောထဲတွင် ကျားအလွန်ပေါသည်။

အာဖရိကကျားများမှာ အကောင်ကြီးသလို. . လူနှင့်တိရစ္ဆာန်တို့အား ဖမ်းဆီးသတ်ဖြတ်ရာမှာလည်း လျင်မြန်လှသည်။ သို့သော် ကျားတို့၏သဘောမှာ လူကိုကြောက်သည်။





အများအားဖြင့် လူနှင့် မျက်နှာချင်းမဆိုင်ဝံ့ကြပေ။

အခြားတိရစ္ဆာန်များက လူနှင့် မျက်နှာချင်းဆိုင်တိုက်ခိုက်ဝံ့သော်လည်း ကျားကတော့ လူနှင့်မျက်နှာချင်းမဆိုင်ဝံ့ပေ။ ဖြစ်နိုင်လျှင် လူကိုမဖမ်းဘဲ အခြားသားကောင်များကိုသာ ဖမ်းဆီးသတ်ဖြတ်လိုကြသည်။

လူကို မလွှဲမရှောင်သာမှသာ ဖမ်းဆီးသတ်ဖြတ်ကြသည်။ လူသားစားဖူးပြီးသော ကျားများ၊ ဒဏ်ရာရထားသော ကျားများနှင့် အိုမင်းမစွမ်းဖြစ်နေသော ကျားအိုများလောက်သာ လူနှင့်တွေ့ပါက ဖမ်းဆီးသတ်ဖြတ်စားသောက်ကြသည်။ ထိုသို့သတ်ဖြတ်ရာမှာလည်း မျက်နှာချင်းဆိုင်ခုန်အုပ်လေ့မရှိဘဲ. . နောက်ဘက်မှသာ ချောင်းမြောင်းတိုက်ခိုက်လေ့ ရှိကြပေသည်၊

သို့ကြောင့် တောထဲသွားသူများ၊ အမဲလိုက်သူများက နောက်စေ့ဘက်တွင် သရဲမျက်နှာဖုံးကို တပ်ဆင်လျက်သွားလာကြလေသည်။ ကျားသည် လူကိုသတ်ဖြတ်ပြီးလျှင်သော်မှ ပက်သက်အနေအထားမျိုးဖြင့် မစားဝံ့ပေ။

မှောက်လျက်ထားပြီး တင်ပါးသားများကိုသာ အရင်စားသည်။ သို့ကြောင့်. . 'ကြောင်အကြီး ခေါင်းကချို၊ သစ်အလတ်ပါးကဖြတ်၊ ကျားအငွေး ဖက်ကလွေး. . ' ဟူသောစကားမျိုး ပေါ်လာခြင်းဖြစ်သည်။

အာဖရိကတောထဲမှာ သွားလာနေကြသော လူရိုင်းများသည် တောထဲသွားသောအခါ ကြောက်စရာကောင်းသည့် ပုံသဏ္ဌာန်မျိုးရှိသော သရဲမျက်နှာဖုံးများကို တပ်ဆင်သွား



www.burmeseclassic.com

www.burmeseclassic.com

လာကြသည်။

ငှင်းတို့အသားအရောင်က မည်းနက်နေသဖြင့် တောထဲ၌ ၎င်းတို့မျက်နှာကို ရုတ်တရက်မမြင်နိုင်ပေ။

နောက်စေ့ဘက်မှာတပ်ဆင်ထားသော သရဲမျက်နှာဖုံးကိုသာ အလွယ်တကူ တွေ့မြင်နိုင်သည်။ ရုတ်တရက် ကြည့်လျှင် နောက်ဘက်သို့မျက်နှာမူပြီး နောက်ပြန်လျှောက်နေသကဲ့သို့ မြင်ရလေသည်။ လူသွားနေသည်ကို နောက်ဘက်မှ လိုက်ချောင်းနေသော တောကောင်က ကြည့်လိုက်တိုင်း လူမျက်နှာနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသောကြောင့် ခုန်မအုပ်ဝံ့တော့ပေ။

ရှေးအခါက အာဖရိကတောနက်ထဲတွင် သရဲမျက်နှာဖုံးကို အသုံးပြုပုံ နှစ်မျိုးရှိသည်။ တချို့က သာမန်မျက်နှာဖုံးအဖြစ် အသုံးပြုခြင်းဖြစ်ပြီး နောက်တစ်မျိုးကတော့ 'မှော်မျက်နှာဖုံး'အဖြစ် အသုံးပြုသောနည်း ဖြစ်သည်။

မှော်သွင်းထားသော သရဲမျက်နှာဖုံးကို တပ်ဆင်လိုက်သည်နှင့် လူစိတ်လုံးလုံးပျောက်သွားပြီး မကောင်းဆိုးဝါးစိတ်မျိုး ဝင်ရောက်လာခြင်းဖြစ်လေသည်။

ထိုအစီအစဉ်ကို နတ်ဆရာများ၊ အောက်လမ်းဆရာများနှင့် စုန်းကဝေပညာတတ်သူများက စီရင်ပြုလုပ်တတ်ကြသည်။ နတ်ဆရာ၊ မှော်ဆရာများနှင့် စုန်းကဝေတို့သည် ကျိန်စာအတွက်သော်လည်းကောင်း၊ ကလဲ့စားချေရန်အတွက်သော်လည်းကောင်း၊ မိမိအား မထေမဲ့မြင်ပြုလုပ်သူတို့ကို ဆုံးမရန်အတွက်သော်လည်းကောင်း၊ မလိုမုန်းတီးသူများနှင့် ရန်သူများကို





သတ်ဖြတ်ရန်အတွက်သော်လည်းကောင်း မှော်သွင်းထားသော သရဲမျက်နှာဖုံးကို အသုံးပြုလေ့ရှိကြသည်။

ဖုတ်ကောင်များကို ဖုတ်သွင်းပြီး စေခိုင်းခြင်းမျိုးနှင့် အတော်ပင် တူလေသည်။

ရှေးအခါက နတ်ဆရာ၊ မှော်ဆရာနှင့် စုန်းကဝေပညာတတ်ကျွမ်းသူများက လူတို့ကို ပြုစားနည်းအမျိုးမျိုး အသုံးပြုပြီး ဒုက္ခပေးနိုင်ကြသည်။

၎င်းတို့မှာ . . .

(၁) အပင်းသွင်းခြင်း
(၂) အစီအရင်ပြုလုပ်ထားသော ရုပ်တုကို အပ်စိုက်၍သော်လည်းကောင်း၊ မီးရှို့၍သော်လည်းကောင်း နှိပ်စက်ခြင်း၊
(၃) ဆံပင်ဖြတ်စ၊ လက်သည်း၊ ခြေသည်းဖြတ်စ၊ ကျင်ကြီးကျင်ငယ် သို့မဟုတ် အဝတ်အစားစသော အသုံးအဆောင်ပစ္စည်းတစ်မျိုးမျိုးကို ရအောင်ယူ၍ စီရင်ခြင်း၊
(၄) လိပ်ပြာ (ဝိညာဉ်)ကို ဖမ်းချုပ်ထားခြင်း၊
(၅) အစိမ်းသရဲတို့ဖြင့် တိုက်ခိုက်ခြင်း၊
(၆) မှော်သွင်းထားသော သရဲမျက်နှာဖုံးကို တစ်စုံတစ်ယောက်အား တပ်ဆင်ပေးပြီး အမိန့်ပေးစေခိုင်းခြင်း၊

စသည်တို့ပင်ဖြစ်ကြလေသည်။

ဒေသအတော်များများမှာ နတ်ဆရာနှစ်မျိုး ရှိကြသည်။ ပထမတစ်မျိုးက ရိုးရိုးနတ်ဆရာဖြစ်ပြီး၊ သာမန်ဖြစ်သောရောဂါ


www.burmeseclassic.com

www.burmeseclassic.com



များကို ဆေးကုပေးရသည်။

သို့မဟုတ်ပဲ စုန်းကဝေ၊ ပယောဂ၊ တစ္ဆေသရဲတို့ ဖမ်းစားသဖြင့် ရောဂါဖြစ်လျှင်တော့ သာမန်နတ်ဆရာနှင့် ကုသ၍မရဘဲ ပယောဂကုပေးနိုင်သော နတ်ဆရာကို ခေါ်ပြီးကုသကြရလေသည်။

မှော်မျက်နှာဖုံးကို စီရင်ကြသူများမှာ ပယောဂကုသော နတ်ဆရာတို့ပင်ဖြစ်သည်။

သရဲမျက်နှာဖုံးကို စွပ်ပေးလိုက်လျှင် သရဲစိတ်ဖြစ်သွားပြီး၊ ဘီလူးမျက်နှာဖုံး စွပ်ပေးလိုက်ပါက ဘီလူးစိတ်ဝင်လာပြီး နတ်ဆရာစေခိုင်းသူကို သွားရောက်သတ်ဖြတ်လေ့ရှိသည်။

သို့သော်လည်း နတ်ဆရာက ထိုမျက်နှာဖုံးမျိုး စီရင်ထားပြီးလျှင်သော်မှ အခြားသူများ မသိစေရန် လျှို့ဝှက်စွာထားကြလေသည်။

သို့မှသာ တစ်စုံတစ်ခုပြဿနာပေါ်လာပါက သူ့အပေါ်သို့ ပြဿနာများရောက်မလာစေရန် ကြိုတင်ကာကွယ်ထားခြင်းလည်းဖြစ်ပေသည်။

သရဲမျက်နှာဖုံးနှင့် ပတ်သက်သည့် ဆန်းကြယ်သောဖြစ်ရပ်တစ်ခုကို ရေးသားတင်ပြရပေမည်၊

(၁၉၄၀)ပြည့်နှစ်ဝန်းကျင်လောက်က ရှမ်းပြည်နယ်တောင်ပိုင်းနယ်စပ်တစ်ဝိုက်၊ ကယန်းလူမျိုးတို့ နေထိုင်သောရွာတစ်ရွာ၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်လေသည်။

ထိုရွာ၌ စီးပွားဥစ္စာအတန်အသင့်ပြည့်စုံသော မိသားစု





တွင် သမီးတစ်ဦးရှိရာ၊ အရွယ်ရောက်သောအချိန်တွင် ပယောဂဖမ်းစားခြင်းခံရလေသည်။

ထိုရောဂါဖြင့် သေလုမြောပါးဖြစ်နေသောအချိန်တွင် ဖခင်ဖြစ်သူက အခြားရွာမှာရှိသော နတ်ဆရာတစ်ဦးကို သွားခေါ်လေသည်။

ထိုနတ်ဆရာမှာ ရိုးရိုးရောဂါကုပေးသော နတ်ဆရာမဟုတ်ပဲ 'စမူ' ဟုခေါ်သော ပယောဂကုပေးနိုင်သော နတ်ဆရာပင်ဖြစ်ပေသည်။

နတ်ဆရာက ခေါ်သူမိသားစုမှာ ငွေကြေးပြည့် စုံသည်ကို သတင်းကြားထားသော နတ်ဆရာကမေးသည်။

"ခင်ဗျားသမီး ရောဂါပျောက်သွားခဲ့ရင် ကျုပ်ကိုဘယ်လောက်ကန်တော့မလဲ"

"ငါ့သမီးသာ ရောဂါပျောက်အောင်ကုပေးပါ နတ်ဆရာ၊ တောင်းသလောက် ပေးနိုင်တယ်"

သားသမီးဇောကြောင့် ဆရာလာပင့်သူမှာ စကားလွန်သွားခဲ့သည်။

"စပါးဆယ်တင်းနဲ့ နွားတစ်ရှဉ်းပေးနိုင်မလား"

"ရောဂါပျောက်ရင် ပေးမယ်"

ဟုပြောသဖြင့် နတ်ဆရာလည်း လိုက်လာပြီးဆေးကုပေးသည်။ ပယောဂပြုစားနှောင့်ယှက်ထားခြင်းဖြစ်ရာ. . ထိုပယောဂကိုဖယ်ထုတ်ပေးလိုက်သောအခါ လူနာမှာသက်သာပျောက်ကင်းပြီး နေကောင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားနတ်ဆရာများနှင့် တစ်လကိုးသီတင်းကု
သော်လည်း ရောဂါမပျောက်ပဲ အသက်ပင်သေရတော့မလို ဖြ
နေသော အခြေအနေမျိုးတွင် စမူနတ်ဆရာကုပေးလိုက်တော့
ချက်ခြင်းပြန်ကောင်းသောအခါ ကာယကံရှင်များမှာ ဝမ်းသာ
သော်လည်း ကတိပေးထားခဲ့သည့်အတိုင်း စပါးဆယ်တင်းနှ
နွားတစ်ရှဉ်းကိုတော့ မပေးလိုတော့ပေ။

"ခင်ဗျားကတိပေးခဲ့တဲ့အတိုင်း စပါးဆယ်တင်းနဲ့ နွ
တစ်ရှဉ်းပေးပါ"

"ဒီလောက်ကလေးနဲ့တော့ စပါးဆယ်တင်းနဲ့ နွားတ
ရှဉ်းမပေးနိုင်ဘူး၊ စပါးတစ်တင်းနဲ့ ဝက်တစ်ကောင်ပေးမယ်. .
ယူသွားပါ"

"ရောဂါပျောက်ဖို့က အဓိကပဲမဟုတ်လား၊ ကျုပ်ဘာ
သာ ဘယ်လိုနည်းနဲ့ကုကုပေါ့၊ ခင်ဗျားကတိပျက်တယ်"

"ဒါပဲပေးနိုင်မယ်"

နတ်ဆရာက ဘာမှမယူဘဲ ပြန်သွားလေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ၎င်းတို့နေအိမ်အနီး
သို့ သရဲ၊ သဘက်များရောက်လာပြီး ခြောက်လှန့်ကြလေသည်

သို့သော်. . . အခြေအနေက မဆိုးသေးပေ။

တစ်ညမှာတော့ ကြောက်စရာကောင်းသော မျက်နှာဖုံ
ကြီးတစ်ခု မျက်နှာမှာတပ်ဆင်ထားသော လူတစ်ယောက်. .
ရောက်လာလေသည်။

လူဟုသာပြောရသော်လည်း လူနှင့်တော့သိပ်မတူလှ





သ။ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားပြီး ဒယိမ်းဒယိုင်ဖြင့်
လျှောက်လာခြင်းဖြစ်သည်။

အိမ်ပေါက်ဝရောက်တော့ အသံသြသြကြီးနှင့်. . .

"စပါးဆယ်တင်းနဲ့ နွားတစ်ရှဉ်းပေး"

ဟု တောင်းလေတော့သည်။

ထိုအခါ အိမ်ရှင်က ဒေါသဖြစ်လာသောကြောင့် အိမ်
ာထောင်ထားသော လှံကိုဆွဲပြီး အိမ်အောက်သို့ဆင်းသွား
သည်။

လှံကိုင်ပြီး ဆင်းလာသော်လည်း အိမ်အောက်မှ ရပ်နေ
ူက ကြောက်ရွံ့သောအမူအရာမရှိဘဲ တောင်းမြဲတောင်းနေ
လသည်။

"စပါးဆယ်တင်းနဲ့၊ နွားတစ်ရှဉ်းပေး"

"စပါးဆယ်တင်းနဲ့ နွားတစ်ရှဉ်းတော့မရဘူး၊ ငါ့မိသား
ုတွေကိုလာပြီး ခြောက်လှန့်နေတာ လှံပဲရမယ်"

ဟု ပြောကာ ပါလာသောလှံဖြင့် ရင်ဝကိုထိုးထည့်လိုက်
သည် လှံက နောက်ဘက်သို့ ပေါက်ထွက်သွားလေသည်။

မျက်နှာဖုံးတပ်ထားသူက ဝမ်းဗိုက်ပေါက်သည်အထိ
င်လာသောလှံကို ငုံ့ကြည့်နေသည်။

ပြီးမှအနားရောက်နေသော လှံဖြင့်ထိုးသူကို တစ်ချက်
ကြည့်ပြီး လည်ပင်းကိုလက်နှစ်ဖက်ဖြင့် ဖမ်းဆုတ်ပြီး ညှစ်လေ
တော့သည်။

ထိုအခါမှ ကြောက်လန့်တကြား ပြန်ရုန်းသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

မလွတ်တော့ပေ။

လုံ့ဖြင့်ထိုးသူမှာ နောက်ဆုံးဝူးဝူးဝါးဝါးအော်ရင်း အသက်ပျောက်သွားလေတော့သည်။

ထိုအခါမှ ရင်ဝမှာ လှံ့တန်းတန်းဖြစ်နေသော မျက်နှာဖုံးစွပ်နှင့်လူက သေနေသူကို တရွတ်တိုက်ဆွဲပြီး ပြန်ထွက်သွားလေတော့သည်။

ထိုအခါမှ အိမ်သူအိမ်သားများက အော်ဟစ်အကူအညီတောင်းသဖြင့် အနီးဝန်းကျင်မှ လူများမှာ မီးတုတ်များ၊ ဓားလှံလက်နက်များကိုင်ပြီး ရောက်လာကြသည်။

အကျိုးအကြောင်းသိရသောအခါ နောက်မှလိုက်သွားသောအခါရွာအပြင်၌ရှိသော သချိုင်းအစပ်တွင် အလောင်းကို ပြန်တွေ့ကြရလေသည်။

ထိုအလောင်းအနီးတွင်. . သွေးစွန်းနေသော လှံ့တစ်ချောင်းကိုလည်း တွေ့ရသည်။

ထိုသူကိုသတ်သွားသော သရဲမျက်နှာဖုံးတပ်ထားသူကိုတော့ မတွေ့ရတော့ပေ။

ထိုအဖြစ်အပျက်မှာ 'သရဲမျက်နှာဖုံး'နှင့်ပတ်သတ်ပြီး ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုပင်ဖြစ်ပေသည်။





# အခန်း (၂)

# ကယန်းဒေသမှ အလှတရား

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသဘက်မှ သွယ်တန်းလာသော ရှမ်းရိုးမတောင်တန်းကြီးများတို့သည် တောင်တန်းဒေသတို့ရောက်သောအခါ တဖြည်းဖြည်းနှင့် တောင်နှာမောင်းနှိမ့်ဆင်းလာသောအနေအထားရှိလေသည်။

ရှမ်းပြည်နယ် တောင်ပိုင်း၊ ကလောမြို့နယ် မြင်းမထိတောင်တန်းကြီးမှာ မြောက်ဘက်မှ တောင်ဘက်သို့ အစျေား လိုက်သွယ်တန်းထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတောင်တန်းကြီးမှာ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်ကို ကျော်ဖြတ်ပြီးသောအခါမှာတော့ ကယားပြည်နယ်အတွင်းမှာရှိကြသော တောင်တန်းများနှင့် ပေါင်းစည်းဆက်စပ်သွားလေသည်။ ထိုမှတဆင့် ကရင်ပြည်နယ်အတွင်းမှာရှိသော တောင်တန်းများနှင့်ပါ တဆက်တည်းဖြစ်သွားလေတော့သည်။

ထိုနေရာများရောက်တော့ တောင်မြင့်ကြီးများ ပတ်လည်ဝန်းရံထားကြသော်လည်း အချို့နေရာများမှာ မြေပြန့်များဖြစ်ပေါ်လာလေသည်။

မြောက်ဘက်မှ သွယ်တန်းလာခဲ့သော ရှမ်းရိုးမတောင်တန်းကြီးများမှာ ဖယ်ခုံမြို့နယ်အတွင်းသို့ ရောက်သောအခါ လွိုင်လုံတောင်တန်းနှင့် ဆက်မိပြီး၊ ထိုမှတစ်ဖန် ကယားပြည်နယ်အတွင်းမှာရှိကြသော လွိုင်ဝေါတောင်နှင့် လွိုင်နန်းဖတောင်တို့နှင့်ပါ တစ်ဆက်တည်း ဖြစ်သွားလေတော့သည်။

လွိုင်လုံ၊ လွိုင်ဝေါ၊ လွိုင်နန်းဖတောင်တန်းတို့၏ အရှေ့ဘက်တွင် မြေပြန့်လွင်ပြင်အချို့ရှိလေသည်။

ထို့ပြင် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလာသော ဘီလူးချောင်းလည်းရှိလေသည်။

ထို့ကြောင့် ရေမြေသဘာဝကောင်းမွန်သည်။

လယ်မြေ ခြံမြေအစိကထားလျက် စိုက်ပျိုးကြသူတို့နေထိုင်ကြသည်။

ထို့ပြင် တောင်တန်း၏ အနောက်ဘက်ခြမ်းသည် ပင်လောင်းတောင်တန်း၊ လွိုင်လုံ၊ လွိုင်ဝေါတောင်တန်းမှ ထွက်လာ





သောတောင်စွယ် တောင်တန်းများသည် အရှေ့ဘက်မှာရှိသော ရမည်းသင်း၊ ပျဉ်းမနား၊ တောင်ငူမြေပြန့်ဒေသတို့အထိ ရောက်လေသည်။

ထိုနေရာ တစ်ဝိုက်မှာ စစ်တောင်းမြစ်ရှိသည်။

ထိုနေရာဘက်ရောက်တော့ သစ်တောများ ထူထပ်သည်။ တောင့်မြင်ကြီးများ ပတ်လည်ဝန်းရံထားပြီး၊ အဓိကရ သစ်တောကြီးများ ထူထပ်စွာ ဖုံးအုပ်ထားသော နေရာသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကယန်းလူမျိုးများ နေထိုင်ခဲ့ကြသော နေရာပင်ဖြစ်ပေတော့သည်။

ကယန်းဒေသဟု ရေးလိုက်သည်နှင့် လည်ပင်းမှာ ကြိမ်ခွေများရစ်ပတ်ထားသော အမျိုးသမီးများကို သတိရလာနိုင်ပါသည်။ ကယန်းလူမျိုးတို့သည် ထိုနေရာဒေသ၌ အခြေတကျမနေကြခင်က မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မွန်လူမျိုးများနှင့် ရောနှောနေထိုင်ခဲ့ကြပြီး၊ အကြီးအကဲမှာ. . ‘တဲ့လိုင်’ ဖြစ်ကြောင်း မှတ်တမ်းများ၌ တွေ့ရသည်။

မြန်မာနိုင်ငံ အောက်ပိုင်း၊ အလယ်ပိုင်းမှာ နေထိုင်ကြသူများက ကယန်းလူမျိုးဆိုလျှင် လည်ပင်း၌ ကြေးကွင်းများပတ်ထားသော အမျိုးသမီးများကိုသတိရပြီး ချက်ချင်းသိကြလေသည်။

မျိုးနွယ်တစ်ခုတွင် မျိုးနွယ်တူသော်လည်း ခေလေ့မတူသောမျိုးနွယ်ခွဲပေါင်း များစွာပါဝင်နေသကဲ့သို့ ကယန်းလူမျိုးတို့မှာလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကယန်းလူမျိုးနွယ်ဆိုသော်လည်း လည်ပင်းမှာ ကြေးကွင်း၊ ကြိမ်ကွင်းစွပ်သောမျိုးသော မျိုးနွယ်ရှိသလို၊ မစွပ်သောမျိုးသော အမျိုးအနွယ်များလည်း ရှိကြသည်။

ကယန်း လဟွီ ခေါ် (ကယန်းပဒေါင်)

ကယန်း လထာ ခေါ် (ဇယိမ်)

ကယန်း ကငန် ခေါ် (ယင်းဘော်)

ကယန်း ဂေခို ဂေဘား ခေါ် (တောင်ပေါ်ကရင်)

စသည့်တို့မှာ မျိုးနွယ်ချင်းတူသော်လည်း ဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်မှုများ မတူကြပေ။

လည်ပင်း၌ ကြေးခွေပတ်ခြင်းကတော့ ကယန်းလဟွီ ခေါ် (ကယန်းပဒေါင်)များပြုလုပ်သော ရှေးဟောင်းဓလေ့ပင် ဖြစ်သည်။

ကယန်းတိုင်းရင်းသားများ ကြေးခွေပတ်ခြင်းဓလေ့သည် မည်သည့်အချိန်က စတင်ခဲ့သည်ကို တိကျစွာမသိရပေ။ မည်သည့်အကြောင်းကြောင့် ကြေးခွေပတ်ရသည်ကိုလည်း ခိုင်မာသည့်အထောက်အထားများ မတွေ့ရပါ။

မိုးဗြဲနယ်တွင်နေထိုင်သည့် ရှမ်းတိုင်းရင်းသား၏ (ပတ်တောင်း) "ကြေးခွေပတ်ခြင်း" ဟူသော ရှမ်းစကား အထောက်အထားသာ ရှိပေသည်။

ကယန်းတိုင်းရင်းသားများ မိုးဗြဲနယ်သို့ ရောက်ရှိလာပြီးမှ အကြောင်းတစ်ခုခုကြောင့် ကြေးခွေပတ်ရသည့် ဓလေ့ရှိလာဟန်တူသည်။





တစ်နည်းအားဖြင့် ကယန်းတိုင်းရင်းသား အမျိုးသားများ၏ လည်ပင်းနှင့် နောက်ကျောတွင် လူမျိုးအမှတ်အသားကို ဆေးမှင်ကြောင် ထိုးရဘိသကဲ့သို့ ကယန်းအမျိုးသမီးများကိုလည်း လူမျိုးအမှတ်အသားလက္ခဏာအဖြစ် သတ်မှတ်၍ ကြေးခွေပတ်ခြင်းဖြစ်နိုင်သည်ဟု ယူဆရသည်။

အစမူလတွင် အမှတ်အသားအဖြစ် ကြေးခွေအနည်းငယ်ကိုသာ ပတ်ကြသည်။

နောက်ပိုင်းတွင် အလှဆင်အဖြစ် ပတ်ကြသည်။

အခွေများများပတ်နိုင်လျှင် ပို၍လှသည်။ ထိုအလှအပဖြင့် ယောက်ျားပျို၏ စိတ်ဝင်စားမှုပိုရသည်ဟူသော အယူအဆသည် ကယန်းအမျိုးသမီးများ၏စိတ်တွင် ကိန်းအောင်းခဲ့သည်။

ထို့အတူ ကယန်းအမျိုးသားများကလည်း ကြေးခွေပတ်ရမည့်နေရာတွင် အပြည့်အစုံပတ်နိုင်သည့် အမျိုးသမီးကိုသာ လှသည်၊ ယဉ်သည်၊ ကျက်သရေရှိသည်ဟု. . ယူဆကြဟန်ရှိသည်။

ရုပ်ရည်လှပသော်လည်း ကြေးခွေအပြည့် မပတ်နိုင်သည့်အပျိုများ၊ ဆင်းရဲနွမ်းပါး၍ လုံးဝကြေးခွေမပတ်နိုင်သည့်အပျိုများသည် လူရာမဝင်သော အပျိုများအဖြစ် သတ်မှတ်ပြီး ယောက်ျားပျိုများက လုံးဝစိတ်မဝင်စားကြောင်း ရှေးလူကြီးများက ပြောဆိုကြသည်။

ထို့ကြောင့်. . . အစတွင် မည်သည့်အကြောင်းကြောင့် ကြေးခွေပတ်သည်ဖြစ်စေ၊ နောက်ပိုင်းတွင် အလှဆင်ဟန်ဆာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကြေးခွေပတ်ခြင်းသာဖြစ်နိုင်သည်။

ကြေးခွေပတ်ပုံ ပတ်နည်းမှာလည်း ကယန်း(ပဒေါင်) နှင့် ကယန်းလထာ(ဇယိမ်) တို့သည် မတူညီကြချေ။

ကယန်း(ပဒေါင်) အမျိုးသမီးများသည် လည်ပင်း၊ ဒူးခေါင်းအောက်နှင့် ခြေသလုံးများတွင် ကြေးခွေပတ်၍ ဝတ်ဆင်သော်လည်း၊ ကယန်းလထာ(ဇယိမ်) အမျိုးသမီးများသည် လက်တစ်တောင်ဆစ်မှ လက်ကောက်ဝတ်အထိ အပြည့်ပတ်ထားသည်။

ဒူးခေါင်းအောက်တွင် ကြေးခွေသုံးခွေသာ ပတ်သည်။

ခြေသလုံးကို သစ်စေးသုတ်ထားသည့် ကြိုးဖြင့်အပြည့်ပတ်ထားသည်။

“ပရဲ” ခေါ် “ကယော” အမျိုးသမီးများတွင် ဒူးအောက်ခြေသလုံးသားကို ကြေးခွေပတ်ပြီး လည်ပင်းတွင် ကြေးကွင်းကျယ် ငါးကွင်းစွပ်ထားသည်။

ထို့ပြင် ကြေးခွေပတ်ခြင်းသည် အာဖရိကတိုက် လူမည်းအမျိုးသမီးများတွင်လည်း တစ်ချိန်ကရှိခဲ့ကြောင်း၊ စာရေးဆရာမကြီး ယုဝတီဂျင်းဖောမယ်က သရဖူမဂ္ဂဇင်းတွင် ဓါတ်ပုံနှင့်တကွ အကိုးအကားဖြင့် ရေးသားတင်ပြထားခဲ့ပေသည်။

ကယန်း(ပဒေါင်) သမီးငယ်များသည် အသက်(၇)နှစ်၊ (၈)နှစ်အရွယ်မှစ၍ ကြေးခွေစတင်ပတ်ကြသည်။

လည်ပင်းတွင် ငါးခွေနှင့် . ဒူးအောက်တွင် လေးခွေစတင်ပတ်ကြသည်။





အသက်အရွယ်ကြီးလာသည်နှင့်အမျှ ကိုယ်လုံးထွားကြိုင်းမှု၊ လည်ပင်းအနေအထား ပြောင်းလဲလာမှုကို ကြည့်ပြီး ကြေးခွေများကို တစ်ရစ်ပြီးတစ်ရစ် ဆင့်၍ပတ်ကြသည်။

မိန်းကလေးများသည် အသက်(၁၅)နှစ်၊ (၁၆)နှစ် အရွယ်တွင် ကြေးခွေပတ်ခြင်းအားလုံး ပြီးဆုံးသည်။

အရွယ်ရောက်ပြီး ကယန်း(ပဒေါင်) အမျိုးသမီးတစ်ဦး၏လည်ပင်းတွင် ကြေးခွေအပြည့်အစုံပတ်ပါက ကြေးခွေသုံးဆင့် ပတ်ရသည်။

မေးရိုးအောက်လည်တိုင်တွင် အပတ်ပေါင်း(၂၀)ခန့်ရှိသည့်ကြေးခွေကို အထက်အနည်းငယ်ကား၊ အလယ်သိမ် ပုံသဏ္ဍာန်ဖြင့်ပတ်ရသည်။

လည်တိုင်အောက် ရင်ညွန့်အထက်တွင် အလုံးပိုကြီးသည့် ကြေးခွေဖြင့် အောက်ကားပြီး အပတ်ပေါင်း(၇)ပတ် ပတ်ရသည်။

ကျန်ကြေးခွေငယ်တစ်ခွေသည် လည်ပင်းနောက်ကျောကြေးခွေအပေါ်၌ သုံးလက်မအချင်းရှိသည့် ကြေးခွေငယ်ငါးချောင်း ပတ်ထားသည့် ဘို့တစ်ခု အရှင်ပတ်ထားသည်။

ဒူးအောက်ခြေသလုံးအထက်ပိုင်းတွင် . ခြေသလုံး၊ အနေအထားနှင့် ညီညွတ်စေရန် ကြေးခွေကို အောက်ဘက်သို့ အဖျားရှူးပြီး (၂၅)ပတ်ခန့်ရစ်ပတ်ရသည်။

အရွယ်ရောက်ပြီး ကယန်း(ပဒေါင်)အမျိုးသမီးတစ်ဦး ပတ်ရသည့် ကြေးခွေအလေးချိန် စုစုပေါင်းသည်(၄)ပိဿာ၊ (၅)



www.burmeseclassic.com

www.burmeseclassic.com



ပိဿာခန့် ရှိသည်။

ဤသည်မှာ ရှေးခေတ်ကယန်း(ပဒေါင်) အမျိုးသမီးတို့၏ အနေအထားပင်ဖြစ်သည်။

ကယန်းတိုင်းရင်းသားတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြကြောင်း အထောက်အထားများ တွေ့ရလေသည်။

အချို့မှတ်တမ်းများမှာတော့ ကမ်းယံမျိုးနွယ်မှ ဆင်းသက်လာသည်ဟု ဖော်ပြထားသည်။

ကယန်းတို့သည် မြန်မာနိုင်ငံအတွင်းမှာ အခြေချနေထိုင်ကြသလို တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများ၌လည်း နေထိုင်ကြသည်။

သုတေသနပညာရှင် ဟင်နရီမာတင်(Henry Martin M.A ) က တရုတ်နိုင်ငံယန်မြစ်ဖျားခံရာဒေသ (Yang River ) မှ ကယန်း(Kayang) အမည်ရှိသော လူမျိုးများမှ ဆင်းသက်လာကြောင်း ဖော်ပြထားသည်။

မည်သို့ပင်ရှိစေ. . .

ယခုအခါမှာတော့ ကယန်းတိုင်းရင်းသားတို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော လူမျိုးစုတစ်စုအဖြစ် အသိအမှတ်ပြုထားကြရပေပြီ။

၎င်းတို့အခြေချနေထိုင်သောနေရာမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်မြောက်ပိုင်း၊ ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း၌ ပါဝင်သော. . မိုးဗြဲနယ်တစ်ဝိုက်မှာပင် ဖြစ်ပေ





သည်။

ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ ပေါင်းဆုံရာဒေသတစ်ဝိုက်မှာ တောင်မြင့်ကြီးများနှင့်၊ သစ်တောကြီးများဖုံးလွှမ်းထားသည်။

ထိုနေရာများတွင် သားရဲတိရစ္ဆာန်မျိုးစုံတို့ ပေါများသည်။ လူကိုအန္တရာယ်ပေးသော ကိုးတောင်ကျားတို့ ကျက်စားရာ ဒေသတစ်ခုလည်းဖြစ်သည်။

လွိုင်ဝေါတောင်တန်းကြီး၏ တောင်ခြေတစ်နေရာ၌ ရွာအချို့ ရှိလေသည်။

ထိုရွာစုများထဲတွင် 'ဟန်ဆီလုံ'ရွာလည်း တစ်ရွာအပါအဝင်ဖြစ်လေသည်။

အိမ်ခြေ(၂၀)ခန့်ရှိပြီး ရွာလူကြီးအုပ်ချုပ်သောရွာဖြစ်သည်။ မြလေးခင်က ထိုရွာသူတစ်ယောက်ဖြစ်သည်။

အသက် (၂၀)ကျော်အရွယ်ခန့်ရှိပြီး မြန်မာနှင့်ကယန်းသွေးရောစပ်ထားသူ ဖြစ်သောကြောင့် ရုပ်ရည်က ချောမောလှပသည်။ ဟန်ဆီလုံရွာတွင် မြလေးခင်မှာ အချောအလှ စာရင်းဝင်ဖြစ်သောကြောင့် ရွာမှာရှိသော လူပျိုကာလသားများအပြင် အခြားရွာမှ လူပျိုကာလသားများပါ လာရောက်ပိုးပန်းကြလေသည်။

ထိုအထဲတွင် ၎င်းတို့ရွာနှင့် မဝေးလှသော ဆိုင်မွန်ရွာမှ စံနက်ကျော်မှာ ထိပ်ဆုံးမှပါဝင်လေသည်။

စံနက်ကျော်မှာ အသက်(၃၀)အရွယ်ခန့်ရှိပြီး အသား



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်း၊ အရပ်ကမြင့်သည်၊ အခြားသူများထက် ဦးခေါင်းတစ် လုံးပိုမြင့်သည့်အပြင် ရုပ်ကဆိုးသည်။ မျက်နှာပေါ်မှာ ကျောက် ပေါက်ရာအမာရွတ်များရှိပြီး ပါးစပ်ပြဲပြဲနှင့် သွားများကကျဲသည်၊ ဒီကြားထဲ ကွမ်းဝါးသောအလေ့ရှိသဖြင့် သူ့ပါးစပ်က ကြည့်လိုက် လျှင် သွေးများစွန်းပေနေသကဲ့သို့ နီရဲနေတတ်သည်။ ရယ်လိုက် လျှင် ကျဲနေသောသွေးများ ပေါ်လာပြီး သွားဖြဲပြနေသကဲ့သိ ရှိသည်။

စံနက်ကျော်က မိဘများမရှိတော့ပေ။

အဒေါ်ဖြစ်သူနှင့် အတူနေသည်။

အဒေါ်မှာ ဒေါ်မင်းဇာဖြစ်သည်။

အသက်(၆၀)ကျော် အရွယ်ခန့်ရှိပြီး. . တစ်ရွာလုံးဇ စုန်းကဝေပညာ တတ်ကျွမ်းသည်ဟု ထင်ကြသည်။

ထို့ပြင်. . စံနက်ကျော်တွင် ဦးလေးတော်စပ်သူ တ ယောက်လည်းရှိပေသေးသည်။

နတ်ဆရာ ဇာလာဝီပင်ဖြစ်သည်။ ဇာလာဝီက အသ (၄၀) ကျော်ခန့်ရှိပြီး ပယောဂကုသော နတ်ဆရာဖြစ်သည့်အပြ အောက်လမ်းဆရာတစ်ယောက်လည်း ဖြစ်သည်။

နတ်ဆရာကတော့ သူတို့နှင့်အတူမနေဘဲ ရွာအစွ ဘက်၌ တဲကြီးတစ်လုံးနှင့် နေလေသည်။

စံနက်ကျော်တို့ တူဝရီးကတော့ ဘာမှလုပ်ကိုင်စ မလိုဘဲ အေးအေးဆေးဆေး စားသောက်၍ရသော အနေ ထားမျိုး ရှိလေသည်။





စံနက်ကျော်မိဘများလက်ထက်က ပိုင်ဆိုင်ခဲ့သော. . သီးနှံထွက်သောခြံတစ်ခြံနှင့် လယ်ကွက်တစ်ကွက်ရှိသော ကြောင့် ဘာမှမလုပ်သော်လည်း စားလောက်ရုံရနေလေသည်။

သို့ကြောင့် စံနက်ကျော်က အခြားအလုပ်ဘာမှမလုပ် ဘဲ မိန်းမပိုးပန်းသောအလုပ်ကိုသာ လုပ်နေသည်။

တစ်ရွာလုံးက မိန်းမပျိုများကလည်း စံနက်ကျော်ကို မကြိုက်ကြပေ။

သို့သော်လည်း သူ့အဒေါ်နှင့်ဦးလေးကို ကြောက်သော ကြောင့် ဘယ်သူ မှ ခါးခါးသီးသီးမငြင်းဆန်ဝံ့ပေ။

တင်းတင်းမာမာ ပြန်မပြောဝံ့ကြပေ။

လူပျိုစကားလာပြောလျှင်ပင် နောက်မှစဉ်းစားပါ့မယ် ဟု ပြောဆိုကာ ရှောင်ထွက်ပြေးကြရသည်။

ထိုနေရာတစ်ဝိုက်မှာ စံနက်ကျော် အနှစ်သက်ဆုံး မိန်းကလေးတစ်ယောက်ရှိသည်။

ဟန်ဆီလုံရွာမှ မြလေးခင်ဖြစ်သည်။

သူကသာ မြလေးခင်ကို အသေအလဲကြိုက်နှစ်သက် နေသော်လည်း မြလေးခင်ကတော့ သူ့ကိုတစ်ချက်ကလေးမှ မနှစ်သက်ပေ။

မလွဲမရှောင်သာတွေ့မှသာ. . သူပြောသမျှစကားကို အောင့်အည်းနားထောင်ပေးရလေသည်။

အချိန်က နွေနှောင်းပိုင်းရာသီသို့ ရောက်လာချေပြီ၊ ထိုရာသီရောက်လာလျှင် တစ်တောလုံး၊ တစ်တောင်လုံးရွက်



www.burmeseclassic.com

www.burmeseclassic.com


သစ်များဝေဆာကာ စိမ်းစိုလှပနေလေတော့သည်။

တောင်ဘက်မှ မိုးသားမိုးရိပ်များ တရွေ့ရွေ့တက်လာပြီး လေနှင့်အတူ မိုးနံ့မိုးငွေ့များလည်း ပါလာတတ်လေသည်။

တောတောင်ထဲမှာရှိသော သစ်ပင်တို့ ရွက်နုများဝေကာ အသီးအပွင့်များ စုံလင်သော ရာသီလည်းဖြစ်သည်။ တောပန်း၊ တောင်ပန်းတို့က နေရာအနှံ့ပွင့်ကြလေရာ အဝေးမှ မျှော်ကြည့်လျှင် ပန်းချီကားတစ်ချပ်၊ ဒါမှမဟုတ် ရောင်စုံပန်းခင်းကြီးနှင့်ပင် တူနေတော့သည်။

မကြာမီ မိုးဦးကျရာသီရောက်ပေတော့မည်၊ မိုးရာသီမရောက်ခင်ကတည်းက မကြာခင်မိုးကျတော့မည်ဆိုသော အသိကြောင့်ပင် စိတ်ကိုလန်းဆန်းလာစေသည်။

ထိုအချိန်မျိုးတွင် တောထဲတောင်ပေါ်တွင် အလေ့ကျပေါက်နေသော သရက်၊ ဒူးရင်း၊ ပိန္နဲ၊ တည်း၊ မရမ်းသီးစသော အပင်များမှာ အသီးများရလေသည်။

ရှေးအခါက ထိုအသီးအနှံများကို ခြံများဖြင့်စိုက်ပျိုးကြသည်ဆိုသော်လည်း တောထဲမှာလည်း သဘာဝအတိုင်းရှိနေကြသော သီးပင်များကလည်း မြောက်မြားစွာရှိနေကြသည်။

ထိုအသီးအနှံများကို ရောင်းချလျှင် တောရွာများမှာနေသူအချင်းချင်းကတော့ ငွေကုန်ကြေးကျခံပြီး ဘယ်သူကမှမဝယ်ကြပေ။

စားချင်လျှင် တောထဲသွားပါက အလွယ်တကူရသောကြောင့်ပင်ဖြစ်သည်။



၄င်းတို့နေသောနေရာများမှာ မြို့များနှင့်ဝေးပြီး၊ သွားလာရန်လမ်းခရီးကလည်း ကြမ်းသောကြောင့် မြို့ကိုတကူးတကသယ်သွားပြီး ရောင်းချဖို့လည်း မဖြစ်ပေ။ ရောင်းပြန်လျှင်လည်း ငွေအနည်းငယ်သာရနိုင်သည်။ သို့ကြောင့်. . . အပင်ပန်းခံပြီး မည်သူကမှ သွားမရောင်းကြတော့ပေ။

ယခု ဟန်ဆီလုံရွာမှ မိန်းမပျိုတစ်စု၊ တောထဲဝင်လာကြလေသည်။

မြလေးခင်နှင့် အဖော်နှစ်ယောက်တို့ဖြစ်သည်။ ကျန်နှစ်ယောက်က သက်တူရွယ်တူများဖြစ်ကြသော ရင်မေနှင့် မာလာတို့နှစ်ယောက်ဖြစ်သည်။

တစ်ယောက်ကို ဓားတစ်လက်နှင့် ပလိုင်းတစ်လုံးစီ ပါလာကြပြီး စကားတပြောပြောနှင့် တောထဲဝင်ကြလေသည်။

"အသီးအနှံတွေလိုချင်လို့သာ တောထဲဝင်လာရပေမယ့်. . ငါတော့ စိတ်ထဲကကြောက်နေသလိုပဲ"

မာလာက ပြောသည်။

"နင်က တောကောင်တွေကြောက်နေလို့လား၊ ငါတို့ခါတိုင်းလဲ လာနေကျပဲမဟုတ်လား"

ရင်မေကပြောသောအခါ မာလာမျက်နှာမှာ မသိမသာရှုံ့သွားလေသည်။

"ငါက တောကောင်နဲ့တွေ့ရင်တောင်. . ဒီလောက်ကြောက်မှာမဟုတ်ဘူး၊ အခုဟာက တောကောင်ထက် ကြောက်ဖို့ကောင်းတဲ့လူကို ပြောတာဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

"လူ. . ဟုတ်လား၊ ဘယ်သူကို ပြောတာလဲ"

"ဘယ်သူရှိရမလဲ ရင်မေရယ်၊ ဟိုဘက်ရွာက စံနက်ကျော် ကိုပြောတာပေါ့။ သူက ဘယ်မိန်းကလေးမှ အလွတ်မပေးဘူး၊ တွေ့တာနဲ့ လူပျိုစကားအတင်းလိုက်ပြောနေတော့တာပဲ၊ ငါတော့ သူနဲ့တွေ့မှာကိုပဲ စိတ်ထဲကကြောက်နေတော့တာပါပဲ"

ထိုအခါ မြလေးခင်ကပြောသည်၊

"ဟုတ်တယ်. . ရင်မေရဲ့၊ စံနက်ကျော်က မလွယ်ဘူး၊ ဘယ်မိန်းကလေး ဘယ်နေရာသွားတယ်၊ တောထဲဘယ်အချိန်သွားတတ်တယ်ဆိုတာစောင့်ကြည့်နေပြီး လူလစ်တာနဲ့ လိုက်ပြီးစကား ပြောတော့တာပဲ၊ အခု ငါတို့ထွက်လာတာ သိရင် နောက်ယောင်ခံပြီး လိုက်ချင်လိုက်မှာ. . ပြောလို့မရဘူး"

မြလေးခင်စကားကြောင့် ရင်မေက ပခုံးတစ်ချက်တွန့်ပြီး မဲ့ပြုလိုက်သည်။

"ကိုယ်မကြိုက်ဘဲနဲ့ အတင်းလိုက်စကားပြောရင် ဓားစာကျွေးလိုက်မှာပေါ့"

"သူ့ကို ဓားစာကျွေးတော့ သူ့အဒေါ်က နေမတဲ့လား၊ သူကစုန်းပညာတတ်တော့ နင့်ကိုပြုစားမှာပေါ့၊ နောက်ပြီး သူ့ဦးလေးကလည်း အောက်လမ်းဆရာဆိုလား၊ တော်ကြာ. . သရဲတစ္ဆေတွေနဲ့ လွှတ်လိုက်ရင် ဘယ်လိုလုပ်မလဲ"

ထိုစကားကြားတော့. . . ရင်မေမှာ ဘာမှပြန်မပြောဘဲ စကားသံတိတ်သွားလေတော့သည်။

ထိုအခိုက်မှာပင် သူတို့နောက်ဘက်မှ တောတိုးသံလိုလို





ခြေသံလိုလိုကြားရသောကြောင့် သုံးယောက်သား စကားရပ်ပြီး နားစွင့်လိုက်ကြသည်။

သို့သော်. . . နောက်ထပ်ဘာသံမှ မကြားရတော့ပေ။ အတန်ကြာအောင် နားစွင့်ကြည့်သော်လည်း ဘာမှမထူးခြားတော့မှ ရှေ့သို့ဆက်လျှောက်လာကြလေတော့သည်။

သူတို့နောက်ကို တစ်စုံတစ်ယောက်က ခြေရာခံလိုက်လာသည်ကိုတော့ သူတို့မသိကြပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

# ဖွတ်ဝင်လာသော အလောင်းကောင်

လှိုင်ဝေါတောင်တန်းကြီး အပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းဘက်မှ သွယ်တန်းဆင်းလာသော တောင်တန်းကြီးများက ထိုဒေသတစ်ဝိုက်တွင် လာရောက်ပေါင်းဆုံနေသကဲ့သို့ ရှိနေသည်။ ထို့ပြင် တောင်ပေါ် တောင်အောက်တွင် သစ်တောကြီးများက လူတိုးမပေါက်အောင် ကောင်းလှသည်။

အများအားဖြင့်တော့ ထင်းရှူးတော၊ ဝါးတောကြီးများ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောများထဲတွင် အသုံးမဝင်သော သစ်ကြီး၊ ဝါးကြီးများအပြင် နေရာအနှံ့မှာ သဘာဝအလျောက်ပေါက်နေကြသော သီးပင်များလည်း အများအပြားရှိကြလေသည်။

ဒူးရင်း၊ ပိန္နဲ၊ သရက်၊ တည်း၊ မရမ်းစသော သီးပင်ကြီးများ အမြောက်အမြားရှိသည်။

သစ်သီးပေါ်ချိန်ရောက်လျှင် အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာနေကြသော ရွာသူရွာသားများက စားသောက်ရန်အတွက် လာရောက်ခူးဆွတ်ကြလေသည်။

တည်းသီး၊ မရမ်းသီးပေါ်စအချိန်ရောက်လျှင် တောထဲသို့ မိန်းကလေးများ အုပ်စုလိုက်ရောက်လာကြပြီးလျှင် အလိုရှိသောအသီးများကို ခူးဆွတ်ယူကြလေသည်။

တစ်နေကုန်သစ်သီးများကို ခူးဆွတ်ယူကြပြီး ညနေစောင်းတော့မှ အချင်းချင်းအချက်ပေး၍ လူပြန်စုကာရွာသို့ ပြန်ကြလေသည်။

ယခုလည်း မြလေးခင်တို့သုံးယောက် တောထဲရောက်လာကြပြီးနောက် တစ်ယောက်တစ်နေရာစီခွဲကာ သစ်သီးရှာကြလေသည်။

ထိုသို့နေရာခွဲရှာခြင်းမှာ တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်း မတူသောကြောင့်ဖြစ်သည်။

အချို့ တည်းသီးလိုချင်သည်၊ အချို့က မရမ်းသီးခူးလိုသည်။ အချို့ကလည်း တောထဲမှပြန်ရောက်သည်နှင့် ဟင်းချက်စားရသော မှိုနှင့်မျှစ်တို့ ရချင်သည်။





အကြိုက်ချင်း၊ လိုချင်တာချင်း မတူကြသောကြောင့်. . နေရာခွဲရှာကြခြင်းဖြစ်သည်။

မြလေးခင်က မှိုနှင့်မျှစ်လိုချင်သောကြောင့် ဝါးတောရှိရာသို့ တက်လာသည်။

ဝါးတောစပ်ရောက်တော့ ချုံများနောက်ကွယ်မှ သူ့ကိုချောင်းကြည့်နေသော မျက်နှာတစ်ခုကိုမြင်လိုက်ရသည်။

"သရဲမျက်နှာဖုံး"

ပါးစပ်မှလည်း ရေရွတ်လိုက်သည်။

ထိုအရပ်မှ နေထိုင်ကြသော မိန်းကလေးများအဖို့ သရဲမျက်နှာဖုံးကို မြင်သော်လည်း မထူးခြားလှပေ။

ကြောက်စရာကောင်းသော မျက်နှာမျိုးဖြစ်သော်လည်း မကြောက်ရွံ့ကြတော့ပေ။

ကြည့်နေရင်းမှာပင် သရဲမျက်နှာဖုံးစွပ်ထားသူက တောထဲမှထလာပြီး သူမရှိရာသို့လျှောက်လာသည်။

မြလေးခင်က ဓားကို တင်းနေအောင် ဆုပ်ကိုင်ထားရင်းမှ ကြည့်နေသည်။

အနားရောက်လာတော့ မျက်နှာဖုံးစွပ်ထားသူက ချွတ်လိုက်သည်။ စံနက်ကျော်ပင်ဖြစ်သည်။

မျက်နှာဖုံးချွတ်လိုက်ပြီးမှ ရယ်ပြသည်။

"ရှင် ဘာလာလုပ်တာလဲ၊ ကျွန်မတို့နောက်ကို နောက်ယောင်ခံပြီး လိုက်လာတာမဟုတ်လား"

"ဟုတ်ပါတယ် ငါနင့်ကို စကားပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတဲ့စကားကိုလည်း နားမထောင်ချင်ဘူး၊ စိတ်လည်းမဝင်စားဘူး"

"နင်ကစိတ်မဝင်စားပေမယ့် ငါကတော့ အမြဲစိတ်ဝင်စားနေတာပဲ၊ ငါမေတ္တာကို လက်ခံပေးပါ မြလေးခင်ရယ်၊ ငါနင့်ကို တစ်သက်လုံး တင့်တောင်တင့်တယ် ထားပါ့မယ်"

"အို. . ဘယ်လိုပဲထားထား ကျွန်မကတော့ လက်မခံနိုင်ဘူး၊ နောက်ပြီး. . ကျွန်မမှာ ရည်စူးထားတဲ့လူ ရှိတယ်"

မြလေးခင်က စံနက်ကျော်စိတ်ပျက်သွားစေရန် ပြောလိုက်ခြင်းဖြစ်သည်။

"နင့်လို ချောမောလှပတဲ့သူမျိုးမှာ ချစ်တဲ့သူကြိုက်တဲ့သူရှိတာ ဘာများဆန်းသလဲမြလေးခင်ရယ်၊ အခုလောလောဆယ်မှာ နင်ကလွတ်လပ်နေသေးတာပဲ၊ ဒီတော့နင်ဘာပဲပြောပြော ငါကတော့ ရအောင်ကြိုးစားရမှာပဲ"

ဟုပြောရာ မြလေးခင်မှာ များစွာစိတ်ညစ်သွားလေသည်။ ယခုမှတော့ ဘာမှမတတ်နိုင်တော့ပေ။ တောထဲမှာ နှစ်ယောက်ချင်း တွေ့နေသောအချိန်မှာ သူမဘက်က အလိုမှာသုံးဖို့ အရေးကြီးသည်။

မဟုတ်ပါက အခြေအနေ ဒီထက်ပိုဆိုးသွားနိုင်သည်ကို သဘောပေါက်မိလေသည်။

သို့ကြောင့် စံနက်ကျော်ပြောသမျှ စကားများကို ကြိတ်မှိတ်သည်းခံကာ နားထောင်ပေးရလေသည်။

ထိုအခိုက်မှာပင် တောထဲမှလျှောက်လာသော ခြေသံ





ကြားရလေသည်။

သူမနှင့်အတူတူလာသော ရင်မေနှင့်မာလာတို့နှစ်ယောက် ရောက်လာပြီလားဟု ဝမ်းသာသွားကာ ကြည့်လိုက်သည်။ တောထဲမှ ထွက်လာသူမှာ သူမနှင့်အဖော်ပါလာသူ နှစ်ယောက်တော့ မဟုတ်ပေ။

ဟန်ဆီလုံရွာမှ သစ်သီးရှာလာကြသော ဖိုးမောင်နှင့် မယ်ရွှေတို့ လင်မယားနှစ်ယောက်ပင် ဖြစ်သည်၊

နှစ်ယောက်စလုံး အသက်(၃၀)ကျော်လောက်သာရှိပြီး၊ စကားကို ပုံကြီးချဲ့လျက် မဟုတ်တာရော ဟုတ်တာပါ ပြောဆိုတတ်သော လင်မယားဖြစ်သည်။

ထိုလင်မယားနှစ်ယောက်က လူသူရှင်းသောတောတွင်း တစ်နေရာမှာ စကားပြောနေကြသော စံနက်ကျော်နှင့်မြလေးခင်တို့နှစ်ယောက်ကို မြင်သောအခါ အံ့သြသွားကြဟန်ရှိသည်။

ထို့ပြင် တစ်မျိုးထင်သွားကြဟန်လည်း ရှိသည်။

"အော်. . ဘယ်သူတွေများလဲလို့ မြလေးခင်ပါလား၊ သည်းတို့က ဒီအခြေအနေတောင် ရောက်နေကြပြီလား"

"ကောင်းတယ်ဟေ့. . ကောင်းတယ်၊ ငါတို့ရွာကအပျိုတစ်ယောက် မင်္ဂလာဆောင်တော့ များများစားရတော့တာပေါ့"

ဟုပြောကာ ထိုနေရာမှ ခပ်သုတ်သုတ်ထွက်သွားကြလေတော့သည်။

၄င်းတို့နှစ်ယောက်ကို မြင်လိုက်ကတည်းက မြလေးခင်စိတ်ထဲမှာ ထင့်သွားလေသည်။

www.burmeseclassic.com



တစ်ခုခုဖြစ်လာတော့မည်ကိုလည်း သိလိုက်သဖြင့်. .

"အဲဒါ. . ရှင်ကြောင့် ဒီလိုဖြစ်ရတာပဲ အခုတော့ ရွာက လူတွေက တွေ့သွားလို့ တစ်မျိုးထင်သွားကြပြီ"

ဟုဒေါသသံဖြင့် ပြောလိုက်သော်လည်း စံနက်ကျော်က တော့ ထိုအခြေအနေ သဘောကျသွားဟန်ရှိလေသည်။

"ဟီးဟီး. . များများသိသွားတော့ ပိုကောင်းတာပေါ့၊ နင်နဲ့ငါနဲ့ ဖြစ်နေတယ်ထင်ပြီး နင့်ကိုဘယ်သူမှ မချစ်တော့လေ ပိုကောင်းလေပဲ"

ဟုပြောပြီး ကျေနပ်စွာရယ်မောလျက် သရဲမျက်နှာဖုံး ကိုတပ်ကာ တောထဲသို့ပြန်ဝင်သွားလေတော့သည်။

မြလေးခင်မှာ မျက်ရည်ဝိုင်းကာ ထိုနေရာမှာ ကျန်ခဲ့ လေသည်။ ထိုသတင်းက မကြာခင် ရွာထဲမှာပြန့်ပေတော့မည်။ တခြားသူများသိခြင်း၊ မသိခြင်းထက် နီမောင်သိသွားမှာကို စိုးရိမ် နေမိလေသည်။

နီမောင်က ဟန်ဆီလုံရွာမှာပင်နေကာ သူမနှင့်ချစ်သူ ဘဝရောက်နေကြသူ ဖြစ်သည်။ ယခုအခြေအနေမျိုးမှာ ချစ်သူ ကသိပြီး အထင်လွဲခံရမည်ကို စိုးရိမ်စိတ်ဝင်နေမိသည်။

ထိုအခိုက်မှာ အူသံများကြားရသဖြင့် ပြန်အူလိုက်သော အခါ ရင်မေနှင့်မာလာတို့နှစ်ယောက် ရောက်လာကြသည်။ ၄င်း တို့နှစ်ယောက်၏ ပလိုင်းခြင်းတောင်းထဲမှာ ခူးဆွတ်ရလာသော သစ်သီးများက အပြည့်အမောက်ပါလာကြသည်။ နှစ်ယောက် စလုံးက မြလေးခင်အခြေအနေကို မြင်သောအခါ တအံ့တသြ





ဖြစ်သွားကြလေသည်။

"ဟင်. . မြလေးခင် နင်ဘာဖြစ်နေတာလဲ၊ တောင်းထဲ မှာ ဘာမှလည်း မရသေးပါလား"

ရင်မေကမေးသဖြင့် အကြောင်းစုံပြန်ပြောပြလိုက် သည်။

"ဒီသေနာကြီးကလည်း ဘယ်အချိန်ကတည်းက. . နောက်ကနေ တကောက်ကောက် လိုက်ချောင်းနေတယ် မပြော တတ်ပါဘူး၊ သွားလေရာ သူနဲ့ကိုမလွတ်နိုင်ဘူး"

"ဒါက အရေးမကြီးဘူး၊ သူတို့နှစ်ယောက်ကို မယ်ရွှေ မြင်သွားပြီဆိုတော့ ရွာထဲမှာတော့ ဒီသတင်းက မောင်းခတ်သ လိုဖြစ်တော့မှာ သေချာတယ်"

"အဲဒီလိုဆိုရင်တော့ နီမောင်လည်းသိမှာပဲ၊ နီမောင်သိ ရင် တစ်မျိုးထင်သွားမှာ စိုးရိမ်ရတယ်"

"နီမောင်က. . ဒီလိုသဘောထားသေးတဲ့လူမျိုးတော့ မဟုတ်ပါဘူး"

"ဟဲ့. . တခြားကိစ္စသာ သဘောထားကြီးနိုင်မယ်၊ ဒီလို ကိစ္စမျိုးကျတော့ သဘောထားကြီးချင်မှ ကြီးနိုင်မှာပေါ့၊ ဒုက္ခပါ ပဲ မြလေးခင်ရယ်"

ဟု ဝိုင်းပြောကြလေသည်။

ထို့နောက်မှာတော့ ကျန်နှစ်ယောက်က မြလေးခင်ကို ဖျောင်းဖျပြောဆိုပြီးနောက် မျှစ်နဲ့မှိုအချို့ကို ဝိုင်းဝန်းကူရှာပေး ပြီး ရွာသို့ပြန်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြလေးခင် မျှော်လင့်ထားသလိုပင်. . နောက်ရက်မှာတော့ ဟန်ဆီလုံရွာထဲမှာ အချင်းချင်းပြောစရာ သတင်းထူးတစ်ခု တိုးလာလေတော့သည်။

မြလေးခင်နှင့် စံနက်ကျော်တို့နှစ်ယောက် သတင်းပင်ဖြစ်သည်။

"ဒီကောင်မလေးနှယ် ရုပ်ရည်ကလေးသနားကမားနဲ့၊ ကိုယ့်ရုပ်ရည်နဲ့ သင့်တော်တဲ့ယောကျ်ားတစ်ယောက် ရနိုင်ပါရက်နဲ့. . . အခုတော့"

"ဟဲ့. . စံနက်ကျော်အဒေါ်က စုန်းပညာတတ်တယ်၊ သူ့ဦးလေးကလည်း ပယောဂဆရာမဟုတ်လား၊ ဒီတော့. . သူ မပါလည်း ဆေးဝါးအစီအရင်နဲ့ လုပ်ယူထားရင် ယူထားမှာပေါ့"

"ပပဝတီမင်းသမီးလေးနဲ့ မင်းကုသလို ဖြစ်နေပြီထင်တယ်၊ ရုပ်အဆိုးဆုံးနဲ့ ရုပ်အချောဆုံးတော့ ညားကြဦးမယ်"

"ဒါကတော့ ဖူးစာကံပါလာရင် ဘယ်သူမှ ရှောင်လွှဲလို့ မရနိုင်ဘူး၊ ဒါထက် မြလေးခင်က နီမောင်နဲ့ဘာလိုလို သတင်းထွက်နေတယ် မဟုတ်လား"

"ကြားတော့ကြားတယ်၊ ဒါပေမယ့်. . နီမောင်က ရိုးသားပြီး. . အေးတော့၊ ဒီအတိုင်းဆိုရင်တော့ တခြားလူနောက် ပါသွားမှာသေချာတယ်"

ဟု အချင်းချင်းပြောဆိုနေကြလေသည်။

နီမောင်တို့မိသားစုက ဟန်ဆီလုံရွာမှာပင် နေကြလေသည်။ စပါးစိုက်သော လယ်ကွက်အချို့နှင့် သီးနှံစိုက်ပျိုးထား





သောခြံတစ်ခြံရှိသည်။

နီမောင်ကတော့ စောထီး၊ ငမဲအောင်တို့နှစ်ယောက်နှင့်အတူ တောထဲသွားလိုက်၊ တောင်ပေါ်တက်လိုက်နှင့် တန်ဖိုးရှိသော ဆေးပင်ဂမုန်းပင်များ၊ ရှားပါးသောသစ်ခွပန်းများ. . မျှားရည်စသည်တို့ ရှာဖွေရောင်းခြင်း၊ အမဲပစ်ပြီး ရလာသောသားရေချပ်၊ အစွယ်၊ ဦးချိုတို့ကို 'ဖယ်နောင်မြို့'သို့ သွားရောက်ရောင်းချသော အလုပ်လုပ်လေသည်။

ဖယ်နောင်က သူတို့နေသောရွာနှင့်. . . ခရီးတစ်မိုင်လောက်သာ ဝေးသည်။ ငါးရက် တစ်ဈေးရှိသည်။

အင်စပတ်တော် တစ်ဦးထိုင်သော ဂိတ်စခန်းရှိသည်။ ဈေးနှင့်ဂိတ်စခန်းရှိသဖြင့် မြို့ဟုသာ အမည်တပ်ခေါ်ကြသော်လည်း အမှန်တော့ အိမ်ခြေအတန်အသင့်များသော ရွာကြီးတစ်ရွာပင်ဖြစ်သည်။

နီမောင်တို့ရွာသူရွာသားများ အပါအဝင် ထိုအနီးတစ်ဝိုက်မှာရှိကြသော ရွာသူရွာသားများက ဈေးနေ့ရှိသောရက်တွင် ရောင်းချစရာရှိသော ပစ္စည်းများကို သွားရောက်ရောင်းချကြလေသည်။

ဖယ်ခုံ၊ စကွယ်၊ ကုန်းသာ စသောမြို့နယ်များမှ ကုန်ဝယ်သူများက ဈေးနေ့ရောက်လျှင်ရောက်လာပြီး အလိုရှိသော ပစ္စည်းများ ဝယ်ယူကြသည်။

ရွာမှာနေကြသူများက ပစ္စည်းရောင်းရသဖြင့် ငွေရလျှင် လိုသောပစ္စည်းများ၊ အစားအသောက်များဝယ်ယူပြီး ရွာသို့ပြန်


www.burmeseclassic.com

www.burmeseclassic.com

သွားကြလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်က တစ်ရွာတည်းသားများဖြစ်ကြကာ ညီအစ်ကိုတစ်မျှ ခင်မင်ကြသည်။

သွားအတူလာအတူ တောတက်သည့်အခါလည်း အတူတူပင် ဖြစ်ကြလေသည်။

တောထဲမှရလာသော ပစ္စည်းများကိုရောင်းချပြီး အတူတကွပင် ခွဲဝေယူကြလေသည်။

တစ်နေ့သ၌ နီမောင်တစ်ယောက်တည်း ခြံထဲမှာပြုလုပ်ထားသော ကွပ်ပျစ်ပေါ်မှာထိုင်ကာ သရဲမျက်နှာဖုံးတစ်ခု ပြုလုပ်နေသည်။

တောထဲမှ သဘာဝအတိုင်းရနိုင်သည့် ဆေးအနီရောင်၊ အနက်ရောင်၊ အဖြူရောင်များဖြင့် မျက်နှာဖုံးကို ဆေးခြယ်နေခြင်းဖြစ်သည်။

စုတ်တံကတော့ နွားနားမွေးကို အသုံးပြုလေသည်။

လူမျက်နှာနှင့် အနေတော်ပြုလုပ်ထားသော သားရေ ပါးကို မျက်လုံးနှစ်ပေါက်၊ နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက် နေရာ ဖေါက်ထားသည်။

ထိုနေရာများတွင် ဟသ်ာပြဒါးခဲမှရသော အနီရောင်၊ ကျပ်ခိုးနှင့် တမာစေးရောထားသော အနက်ရောင်၊ ထုံးကျောက်နှင့်မြေဖြူအမှုန့်ရောဖျော်ထားသော အဖြူရောင်ဆေးတို့ကို အသုံးပြုကာ ကြောက်စရာကောင်းသော သရဲမျက်နှာဖုံးဖြစ်အောင် ရေးခြယ်ရခြင်းဖြစ်ပေသည်။





နီမောင်က စိတ်ကူးဖြင့် သရဲမျက်နှာဖုံး ပြုလုပ်နေစဉ် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ရောက်လာကြသည်။

"နီမောင် မင်းသရဲမျက်နှာဖုံးလုပ်တာ ခဏချထားပြီး ဘာသတင်းတွေ ကြားသလဲပြောပါဦး"

ရောက်တာနှင့် ငမဲအောင်ကမေးသည်။

နီမောင်က ဆေးခွက်နှင့် စုတ်တံကိုလွှတ်ရာ ဖယ်ထားလိုက်ပြီးမှ ပြန်မေးလိုက်သည်။

"ငါတော့ ဘာမှမကြားမိသေးပါဘူး၊ ဘာသတင်းတွေကြားလာလို့လဲ"

"ရွာထဲမှာ ဟိုးလေးတကျော်ဖြစ်နေတာတောင် မင်းမသိရသေးဘူးဆိုတော့ အံ့သြစရာပဲ"

"ဘယ်လိုသတင်းမျိုးလဲ ပြောပါဦး"

"ဟိုတစ်နေ့က ငါတို့ရွာက ကိုဖိုးမောင်နဲ့မမယ်ရွှေတို့ တောထဲကပြန်လာတော့. . တောထဲမှာ မြလေးခင်နဲ့ လူတစ်ယောက်ကို တွေ့ခဲ့ရတယ်တဲ့"

"ဘယ်သူတဲ့လဲ"

"ဆိုင်ခွန်ရွာဘက်က စံနက်ကျော်လို့ပြောတယ်"

"သူတို့က ဘာလုပ်နေကြတာတဲ့လဲ"

"စကားပြောနေကြတာလို့ ပြောတာပဲ"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ အတော်ကလေး ကသိကအောက်ဖြစ်သွားလေသည်။

ရိုးရိုးသားသားဆိုလျှင်တော့ တောထဲမှာတွေ့စရာ အ


www.burmeseclassic.com

www.burmeseclassic.com

ကြောင်းမရှိပေ။

သို့ကြောင့် . . မြလေးခင်နှင့်တွေ့ပြီး မေးကြည့်ရန် ဆုံး ဖြတ်လိုက်လေသည်။

သူတို့နှစ်ယောက်က တစ်ရွာတည်းအတူတူနေကြသည် ဆိုသော်လည်း ချစ်သူဘဝရောက်ကြသည်မှာ မကြာသေးပေ။ သို့ကြောင့် တစ်ယောက်အကြောင်း တစ်ယောက်သိပ်မသိကြ သေးပေ။

နောက်တစ်ရက်မှာတော့ ရင်မေနှင့်မာလာတို့ ကူညီ ပေးမှုကြောင့် တောစပ်မှာတွေ့ရလေသည်။

တွေ့တာနှင့် မြလေးခင်ကပြောသည်။

"ငါ့အပေါ်မှာ အထင်မလွဲပါနဲ့၊ သူနဲ့ငါနဲ့ ဘာမှဖြစ်ကြ တာမဟုတ်ပါဘူး၊ တောထဲမှာ တွေ့ကြတယ်ဆိုတာကလည်း. . အဲဒီနေ့က. . ."

မြလေးခင်က စကားမဆက်ဘဲ ရပ်ထားသဖြင့် နီမောင် က ကြည့်နေသည်။

"နင့်ကြည့်ရတာ ငါ့ကို တစ်မျိုးထင်နေသလိုပဲ"

"ဒီလိုတော့ မထင်ပါဘူး"

"ငါဘက်က ဘာမှမဟုတ်ပါဘူး ပြောထားရက်နဲ့ နင် တစ်မျိုးထင်ရင်တော့လည်း ငါ့ရဲ့ကံပဲပေါ့"

"နင်မဟုတ်ရင် ပြီးတာပါပဲ မြလေးခင်ရယ်၊ ငါက နင့် အတွက်စိုးရိမ်လို့ လာမေးကြည့်တာပါ"

မြလေးခင်က ဘာမှပြန်မပြောဘဲ စီးကျလာသော မျက်





ရည်စတို့ကို အင်္ကျီစဖြင့်တို့ သုတ်ပစ်နေသည်။

"ကဲ. . . မငိုပါနဲ့တော့ဟာ နင်မဟုတ်ရင် ပြီးတာပါပဲ၊ နောက်တစ်ခါ တောထဲသွားရင် ရင်မေတို့မာလာတို့နဲ့ အတူတူ သွားပေါ့"

ထို့နောက် နီမောင်က မြလေးခင်နှင့်စကားအနည်းငယ် သာပြောပြီး ပြန်သွားလေသည်။

မြလေးခင်ကတော့ မျက်ရည်သုတ်ရင်းနှင့်သာ ကျန် နေခဲ့လေသည်။ နောက်ပိုင်းတော့ မြလေးခင်မှာ အပြင်ဘက် လည်းမထွက်၊ တောထဲသို့လည်း မသွားဘဲ အိမ်မှာသာနေလေ သည်။ ရက်အတော်ကြာသောအခါ စံနက်ကျော်တစ်ယောက် သူတို့ရွာသို့ ရောက်လာပြီး မြလေးခင်သတင်းကို စုံစမ်းလေ သည်။

ဘာသတင်းမှ စုံစမ်းမရတော့မှ ပြန်သွားလေသည်။ မြလေးခင်ကတော့ ထိုသတင်းကိုပင် မသိလိုက်ပေ။ နောက်ပိုင်း ရောက်တော့ အခြေအနေက ပုံမှန်အခြေအနေ ပြန်ရောက်သွား လေသည်။

ရွာသူရွာသားများမှာလည်း တစ်နေ့လုပ်မှတစ်နေ့စား ရသူများဖြစ်သောကြောင့် အခြားသူများအကြောင်းကို ကြာရှည် မပြောနိုင်ဘဲ ဝမ်းစာရှာဖွေကြရပေရာ မြလေးခင်နှင့် စံနက်ကျော် တို့အကြောင်းကိုပင် မေ့လျော့သွားကြလေတော့သည်။

မြလေးခင်လည်း ထိုအခါမှပင် စိတ်သက်သာမှုရသွား ပြီးနောက် ခါတိုင်းကဲ့သို့ပင် အိမ်အတွက်အလုပ်များကို လုပ်ရ


www.burmeseclassic.com

www.burmeseclassic.com



ပြန်လေသည်။

မိုးဦးကျရာသီနီးလာပြီ ဖြစ်သောကြောင့် တောထဲမှာ အသီးအနှံလှိုင်လှိုင် ပေါ်နေသော ရာသီလည်းဖြစ်သည်။ ထိုရာသီတွင် သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီး ပေါ်ချိန်ဖြစ်သလို တည်းသီး၊ မရမ်းသီးတို့လည်း လှိုင်လှိုင်ပေါ်ကြလေသည်။

တောတောင်နှင့်နီးသော ရွာများမှာနေကြသူတို့မှာ . . ထိုရာသီရောက်လျှင် သစ်သီးများကို ရှာဖွေစုဆောင်းကြရသည်။ ရောင်းတန်တာရောင်း၊ စားတန်တာစား၊ ပိုလျှံသည်များကိုလည်း မိုးရာသီအတွက် စားသောက်ရန် ထားရသည်မျိုးလည်း ရှိလေသည်။

မှိုနှင့်မျှစ်တို့လည်း ထိုရာသီရောက်သောအခါမှ လှိုင်လှိုင်ပေါ်ကြရာ မိုးတွင်းအတွက် စားသောက်ရန် ရှာဖွေစုဆောင်းထားကြရလေသည်။

ထိုကဲ့သို့ သစ်သီးပေါ်ချိန်မျိုးမှ ရှာဖွေစုဆောင်းမထားလျှင် မိုးများသောရာသီရောက်လျှင် စားစရာရှိတော့မည် မဟုတ်ပေ။

နောက်ပိုင်းအခြေအနေ အေးအေးဆေးဆေး ပြန်ဖြစ်သွားသောအခါ မြလေးခင်လည်း အဖော်များက လာခေါ်ပြ သဖြင့် တောထဲလိုက်ရန် ပြင်ပြန်လေသည်။

မိဘများကတော့ စိတ်မချသဖြင့် တောထဲသို့ မသွားစေလိုပေ။

"အန္တရာယ်များတယ်ဆိုရင်လည်း တောထဲမလိုက်ပါ





လား"

မိခင်ဖြစ်သူ ဒေါ်မယ်ခင်ကတားသည်။

"ရပါတယ် အမေရယ်၊ ရင်မေတို့မှာလာတို့နဲ့ အတူတူသွားမှာပဲ မိုးမကျခင်တောထဲသွားမှ ကိုယ်လိုချင်တဲ့ မျှစ်တို့ မှိုတို့ရမှာအမေရဲ့၊ မိုးများသွားရင် တောထဲသွားလို့ မကောင်းတော့ဘူး"

"သွားချင်သပဆိုရင်လည်း . . နှင့်မောင် ရွှေထွန်းကို အဖော်ခေါ်သွားပါလား"

"ရွှေထွန်းက ကျွန်မတို့နဲ့ လိုက်မှာမဟုတ်ပါဘူး၊ ရပါတယ်အမေရယ် . . ကျွန်မ ရင်မေတို့နဲ့ပဲသွားပါ့မယ်"

"သွားချင်လည်း တောထဲရောက်တဲ့အခါ အဖော်တွေနဲ့ပဲအတူသွား၊ အတူတူလာနော်"

"စိတ်ချပါ အမေ"

ထိုသို့ပြောပြီး ရင်မေတို့နှင့်အတူ တောထဲလိုက်လာပြန်လေသည်။ လမ်းရောက်တော့ ရင်မေကမေးသည်။

"နှင့် နီမောင်နဲ့တွေ့သေးလား"

"သူနဲ့ တစ်ခါတော့တွေ့ရတယ်၊ နောက်တော့ မတွေ့ရဘူး"

"နှင့်အပေါ် တစ်မျိုးထင်သွားသလား"

"ထင်လည်း မတတ်နိုင်ဘူးဟာ၊ ဘာမှမဟုတ်ပါဘူးလို့ သူ့ကိုပြောထားတာပဲ"

"ယောကျ်ားလေးတွေ သဘောကောင်းတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တခြားနေရာတွေမှာသာ သဘောကောင်းရင်ကောင်းကြတာ၊ ကိုယ့်ရည်းစား သူများနဲ့တွဲနေတာတွေ့ရင်တော့ အူတိုတတ်ကြတာချည်းပဲ၊ သူတစ်မျိုးထင်နေရင်လည်း နင်သူ့အပေါ်မှာတော့ နားလည်ပေးသင့်တယ်”

“ငါကတော့ ကံတရားလို့ပဲ သဘောထားပြီး ဘယ်သူ့ကိုမှလည်း အပြစ်မတင်ချင်တော့ပါဘူး”

ဟု ပြန်ပြောလေသည်။

ထိုသို့ပြန်ပြောစဉ်မှာပင် အသံက ကတုန်ကယင် ဖြစ်လာသောကြောင့် ကျန်နှစ်ယောက်က ထိုအကြောင်းကို ဆက်မပြောကြတော့ပေ။

စကားတပြောပြောနှင့် လာကြရာ တောထဲသို့ရောက်လာကြသည်။ တောထဲရောက်တော့လည်း လိုချင်သောပစ္စည်းများ၊ အသီးအနှံများကို ရှာဖွေကြရသောကြောင့်. . အခြားအကြောင်းများကို မေ့ပျောက်သွားကြသည်။

ဒီတစ်ခါတော့ လူစုမခွဲဝံ့တော့သဖြင့် သုံးယောက်အတူတူပင် သွားလာရှာဖွေကြလေသည်။

တောထဲမှာပေါက်နေသော သစ်သီးပင်များစွာရှိသည်။ အမျိုးအမည်လည်း စုံလှသည်။

ယခုကဲ့သို့ မိုးဦးကျရာသီ နီးလာပြီးဆိုလျှင် သစ်သီးများ တစ်ပြိုင်နက် သီးလေ့ရှိသည်။

မင်းကွတ်၊ ကြက်မောက်၊ ဒူးရင်း၊ သရက်၊ ပိန္နဲ၊ တညင်း မရမ်းသီးတို့မှာ တစ်ရာသီထဲမှာပင် ရှေ့ဆင့်နောက်ဆင့် သီးလေ့





ရှိကြလေသည်။

ထိုသစ်ပင်တို့မှာ လှိုင်ဝေါတောင်အပါအဝင် ထိုတောင်နှင့်ဆက်စပ်လျက်ရှိသော. . တောများ၊ တောင်များအတွင်း၌ မြောက်မြားစွာ ရှိကြလေသည်။

အသီးသီးချိန်ရောက်လျှင်လည်း တစ်ပြိုင်နက်တည်း သီးလေ့ရှိကြလေသည်။

သို့သော်. . အလွယ်တကူတော့ ရှာဖွေမရနိုင်ကြပေ။

သစ်သီးပေါ်ချိန်ရောက်လာလျှင် တောင်ခြေ၌သော်လည်းကောင်း၊ တောစပ်၌သော်လည်းကောင်း အနီးတစ်ဝိုက်မှာ နေကြသော ရွာကြီးရွာငယ်မှလူများသည် တောထဲသို့ရောက်လာကြပြီး သစ်သီးများကို ရှာဖွေခူးယူကြသည်။

အချို့ကလည်း မိမိအိမ် စားသောက်ရုံခူးသည်။

အချို့ကျတော့ ရောင်းဖို့ပါ ခူးသည်။

မရမ်းသီး၊ တညင်းသီး ပေါ်ကာစဆိုလျှင် အရင်တွေ့သည့်လူက တစ်ပင်လုံး တစ်လုံးမကျန်ပြောင်အောင် ခူးသွားသဖြင့် နောက်ကျမှရောက်လာသူတို့မှာ အရိုးနှင့်အရွက်ကိုသာ တွေ့ရလေတော့သည်။

သို့ကြောင့် တောထဲမှာ သစ်ပင်မျိုးစုံတို့ ပေါများသည် ဆိုသော်လည်း အပင်တွေ့တိုင်းလည်း အသီးမရကြပေ။ တစ်ခါတစ်ရံ လူသူမရောက်သေးသော တောနက်ထဲအထိ သွားရှာတန်ရှာဖွေမှ အလိုရှိသောသစ်သီးများ ရနိုင်ကြပေသည်။ ယခုလည်း မြလေးခင်တို့သုံးယောက်မှာ တောထဲရောက်လာသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များကို တွေ့ရသော်လည်း အသီးမရကြသောကြောင့် တောနက်အတွင်းသို့ ဝင်ရှာကြရလေသည်။

အချိန်က မွန်းလွဲပိုင်းအချိန် ကျော်လာချေပြီ။

ကောင်းကင်၌ တိမ်ညိုတိမ်မည်းများ ဖုံးအုပ်နေသဖြင့် တောတွင်း၌မှောင်နေလေသည်။

သုံးယောက်သား သစ်သီးမရသဖြင့်သာ တောနက်ထဲ ဝင်လာကြသော်လည်း စိတ်ထဲကတော့ ကြောက်လန့်နေကြသည်။ အန္တရာယ်ပေးမည့်လူနှင့် တွေ့မှာလည်းကြောက်ရသည်။

တောနက်ထဲမှာ. . တောကောင်များနှင့် တွေ့ရမှာကိုလည်း ကြောက်နေကြရသည်။

ကံအားလျော်စွာပင် တစ်နေရာရောက်တော့ တညင်းပျိုတစ်ပင် တွေ့ကြရသဖြင့် ဝမ်းသာသွားကြသည်။

အခြားသူများမတွေ့သေး၊ မရောက်သေးသဖြင့် တစ်ပင်လုံးအသီးခိုင်များက ပြွတ်ခဲနေလေသည်။

သို့ကြောင့်. . ထွေထွေထူးထူး စဉ်းစားမနေကြတော့၊ တံချူဝါးတံများပြုလုပ်ပြီးနောက် တညင်းတစ်ပင်လုံး ခူးဆွတ်ကြလေသည်။ ထိုသို့ခူးနေကြစဉ် တောထဲမှ ခြေသံလိုလိုကြားရပြန်လေသည်။

"ရှဲ. . ရှဲ. . ရှဲ"

"ဘုတ်. . ဘုတ်. . ဘုတ်"

တောတိုးလာသံနှင့်၊ မြေပေါ်သို့နင်းလာသော ခြေသံကို တစ်ပြိုင်နက်တည်း ကြားရလေသည်။





ထိုအသံကြောင့် သုံးယောက်သား အထိတ်တလန့် ဖြစ်သွားကြသည်။ မြလေးခင်မှာ ယခင်တစ်ခေါက်ကလို စံနက်ကျော် လာပြန်လေပြီလားဟု တွေးမိသဖြင့် ပိုမိုကြောက်ရွံ့ သွားလေသည်။

"ဘာသံလဲ"

"ခြေသံလိုလို ကြားရတာပဲ"

"စံနက်ကျော် လာပြန်ပြီလား မသိဘူး"

"ဒီတစ်ခါလာပြီး မဟုတ်တာပြောရင်တော့ ဓားစာကျွေးပစ်မယ်"

ဟုပြောနေကြစဉ် ကြားနေရသောခြေသံက တဖြည်းဖြည်းနှင့် ပိုနီးလာသည်။

သစ်ပင်များ လှုပ်ရှားသောအသံတို့ကိုပါ သဲသဲကွဲကွဲ ကြားလာရသည့်အပြင် အပုပ်နံ့များပါ ရလာလေသည်။ သုံးယောက်သား ပါလာသောဓားများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် အသံကြားရာသို့ ကြည့်နေကြသည်။

ခဏကြာတော့ တောထဲမှထွက်လာသည်။

လူတစ်ယောက်တော့ မဟုတ်ပေ။

တစ်ကိုယ်လုံး အပုပ်နံ့များ ထွက်နေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော လူသေအလောင်းတစ်လောင်းပင် ဖြစ်ပေသည်။ ဖုတ်ဝင်ပြီး. . လမ်းလျှောက်လာခြင်းဖြစ်ကာ ၎င်းတို့သုံးယောက်ရှိရာသို့ လာနေလေပြီ။

"အမလေး. . ကယ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com

ရင်မေနှင့် မာလာတို့နှစ်ယောက်က. . အသံကုန်ဟစ် အော်ပြီးနေရာမှ ထွက်ပြေးကြလေပြီ။

သူတို့နှစ်ယောက်၏ စူးစူးဝါးဝါး၊ အော်ဟစ်အကူအညီတောင်းသံများက တောထဲမှာ ဆူညံသွားလေတော့သည်။

"ကယ်ကြပါဦးရှင်. . ကယ်ကြပါဦး"

အဖော်နှစ်ယောက် ထွက်ပြေးသွားသောအခါ မြလေးခင်မှာ တစ်ယောက်တည်း နေရာမှာရပ်လျက်သား ကျန်နေခဲ့လေသည်။

ဖုတ်ဝင်နေသော အလောင်းကောင်က. . သူရှိရာသို့ လျှောက်လာရာ မနီးမဝေးနေရာရောက်သောအခါ သတိမေ့ပြီး ခွေလဲကျသွားလေတော့သည်။

ထိုအခိုက်မှာပင် တောထဲမှ စံနက်ကျော် ထွက်လာလေသည်။

"ဟဲ့. . ဖုတ်ကောင် ကိုယ့်နေရာကိုယ်ပြန်သွားစမ်း"

ဟု အမိန့်ပေးလိုက်တော့ ဖုတ်ဝင်နေသော အလောင်းကောင်က ခြေလှမ်းတန့်သွားသည်။

စံနက်ကျော်က သူဦးလေးနတ်ဆရာထံမှ ယူလာသော ရုပ်တုတစ်ခုကို ပြလိုက်သောအခါ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ စံနက်ကျော်က မြလေးခင်အနီးသို့ လျှောက်လာပြီး ပွေ့ယူလိုက်သည်။

"ဒီတစ်ခါတော့ နင့်ကိုငါရပြီ"





ဟု ပြောလိုက်စဉ်မှာ လူသံသူသံများကြားလာရသဖြင့် အခြားတစ်နေရာသို့ ထွက်ပြေးရန် ကြိုးစားလေသည်။

သို့သော် သူပြေးမည့်ဘက်မှ လူသံများထပ်ကြားရသဖြင့်နီးစပ်ရာချုံအတွင်းသို့ ဝင်ပုန်းနေလိုက်သည်။

ရင်မေနှင့်မာလာတို့နှစ်ယောက် အော်သံကြောင့် တောထဲရောက်နေကြသူများ စုဝေးရောက်လာကြသည်။

ထိုအထဲတွင် တောထဲမှ ပြန်လာသော နီမောင်တို့သုံးယောက်လည်းပါလာသည်။

"ရင်မေ ဘာဖြစ်တာလဲ"

"ငါတို့ကို သရဲခြောက်လို့ပြေးလာကြတာ ဟိုသစ်ပင်အောက်မှာ မြလေးခင်ကျန်နေခဲ့တယ်"

"ဟင် ဘယ်နေရာမှာလဲ"

"ဟို နေရာဘက်မှာ"

ဟု ပြောပြီး တညင်းပင်ရှိရာသို့ ပြန်လာကြသည်။

တညင်းပင်အောက်ရောက်တော့ မြလေးခင်ကို မတွေ့ရသဖြင့် စိတ်ပူသွားကြလေသည်။

"သူမရှိတော့ဘူး၊ ဖုတ်ကောင်ကြီးများ ဖမ်းခေါ်သွားပြီလားမသိဘူး. . လုပ်ကြပါဦး"

"ဒီနေရာတစ်ဝိုက်မှာပဲရှိမှာပဲ လိုက်ရှာကြမှဖြစ်မယ်"

ဟုပြောဆိုကာ လူစုခွဲပြီး လိုက်ရှာကြလေသည်။

သတိမေ့နေသော မြလေးခင်ကိုခေါ်ပြီး ချုံထဲဝင်ပုန်းနေသော စံနက်ကျော်မှာ လွတ်လမ်းမမြင်တော့သဖြင့် မြလေးခင်


www.burmeseclassic.com

www.burmeseclassic.com



ကိုထားခဲ့ပြီး ချုံထဲမှ ထပြေးသွားလေတော့သည်။

သူထပြေးသွားသည်ကို နီမောင်နှင့်ရွာသားအချို့က လှမ်းမြင်လိုက်ရလေသည်။

သို့သော်လည်း သူ့နောက်မလိုက်တော့ပဲ ဆက်ရှာကြရာ နောက်မှာတော့ စံနက်ကျော် ပြေးထွက်သွားသော ချုံထဲမှာ သတိမေ့နေသော မြလေးခင်ကို ပြန်တွေ့ကြရလေတော့သည်။

နီမောင်ရင်ထဲမှာတော့ အသည်းနှလုံးကို ဆူးချွန်ဖြင့် ထိုးဖောက်လိုက်သကဲ့သို့ စူးနင့်သွားလေတော့သည်။





# အခန်း (၄)

# ဒေါ်မင်းဇာနှင့် ပြုစားတတ်သောပညာ

ဆိုင်ခွန်ရွာမှာ ဟန်ဆီလုံရွာနှင့် မဝေးလှဘဲ လှမ်းမြင်နိုင်လောက်သော အကွာအဝေးမှာရှိပြီး အိမ်ခြေ(၂၀)ကျော်ခန့်ရှိလေသည်။

ဒေါ်မင်းဇာနှင့် စံနက်ကျော်တို့ တူဝရီးနေသောအိမ်မှာ ရွာမြောက်ပိုင်း၌ ရှိလေသည်။

စံနက်ကျော် မိဘများရှိစဉ်က ပိုင်ဆိုင်သောလယ်ကွင်းနှင့် အသီးအနှံထွက်သော ခြံတို့မှာ မြောက်ပိုင်းဘက်တွင်ရှိသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ၄င်းတို့တူမရီးမှာ ခြံနှင့်လယ်ရှိသောနေရာနှင့် မနီးမဝေး မှာပင် နေကြလေသည်။

ဒေါ်မင်းဇာက အသက်(၆၀)ကျော်အရွယ်ခန့်ရှိပြီး အရွယ်ကောင်းစဉ်က ဝမ်းဆွဲအလုပ်ဖြင့် အသက်မွေးပြီး အရွယ်ကြီးလာသောအခါမှာ ပယောဂကုသောအလုပ်ကို လုပ်ကိုင်လေသည်။

ဒေါ်မင်းဇာ ကျွမ်းကျင်သောအလုပ်မှာ အပင်းသွင်းခြင်းနှင့်အခြားပညာသည်တစ်ဦး သွင်းထားသော ဖူး၊ အပင်းစသည့်တို့ကို ကုသပေးရာမှာ အတော်ပင်နာမည်ကြီးသူဖြစ်သည်။

သူပယောဂကုပေးစဉ်က အခြားရောဂါများကုပေးခြင်းထက် မြွေကိုက်ခြင်း၊ အပမှီခြင်း၊ သရဲသဘက်တို့ ဝင်ရောက်ပူးကပ်ခြင်း၊ ပြုစားထားသော ဖူး၊ အပင်းစသည့်တို့ကိုသာ ကုသပေးသည်က များလေသည်။

သူ့အိမ်တွင် ဖူး၊ အပင်းသွင်းထားသော လူနာကို ကုရာမှရသော ငါးအရိုးများ၊ ဆံပင်ချည်ထွေး၊ အမွေးပေါက်နေသော အသားစိမ်းများ၊ ကျောက်တုံးကျောက်ခဲများနှင့် ရုပ်တုအမျိုးမျိုးတို့ကို ဖန်ဘူး၊ ပုလင်းများဖြင့် အမှတ်တရသိမ်းထားလေသည်။

ရုပ်တုများမှာ. . အများအားဖြင့်တော့ ကြောက်စရာကောင်းသော ဘီလူး၊ သရဲ၊ သဘက်၊ ကဝေရုပ်၊ နတ်ရုပ်၊ မှော်ရုပ်တုတို့ များလေသည်။

ဒေါ်မင်းဇာက ပြုစားခြင်းအတတ်ကို ကောင်းစွာတတ်ကျွမ်းသူဖြစ်သဖြင့် ဆိုင်ခွန်ရွာမှသာမကပဲ အခြားရွာများကပါ





စုန်းကဝေပညာတတ်ကျွမ်းသည်ဟု ထင်မြင်ယူဆကြလေသည်။

ပြုစားခြင်းဆိုသည်မှာ နှစ်မျိုးနှစ်စားရှိသည်။

ချစ်ခင်နှစ်သက်သဖြင့် ပြုစားခြင်းနှင့် မုန်းတီး၍ပြုစားခြင်းဟူ၍ နှစ်မျိုးရှိသည်။

အချို့ပညာသည်များကတော့. . မိမိတို့ကို အရှက်ရအောင်၊ မျက်ရည်ပေါက်ကြီးငယ်ကျအောင် ပြုလုပ်ပါက. . အသက်သေသည်အထိ မရှူမလှဖြစ်အောင် ပြုစားတတ်ပေသည်။

(အချို့ကတော့ ထိုကဲ့သို့ပြုစားခြင်းမှာ. ရှေးအခါက အသိပညာဗဟုသုတ ခေါင်းပါးသောအရပ်ဒေသများ၌သာ ဖြစ်ပွားခဲ့သော အကြောင်းများဖြစ်ကြောင်း၊

ယခုကဲ့သို့ အစစအရာရာ ခေတ်မီတိုးတက်ပြီး အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာသော အချိန်အခါမျိုးမှာ ထိုကဲ့သို့သော ခေတ်နောက်ပြန်ဆွဲ အဖြစ်အပျက်အယူအဆများ မရှိတော့ဘဲ ပပျောက်သွားပြီးဖြစ်ကြောင်း ထင်မြင်ယူဆကြလေသည်။)

ထိုအရာများမှာ လုံးဝပပျောက်သွားသော အရာမျိုးတော့မဟုတ်ပေ။

ပညာရပ်များရှိနေသရွေ့ ပညာသည်များ ရှိနေကြပေမည်။ ပညာသည်များရှိ နေသရွေ့လည်း ထိုပညာရပ်များက ရှိနေကြဦး မည်သာဖြစ်သည်။

သာဓကအနေဖြင့် (၂၀၁၁)ခုနှစ်အတွင်းက မကွေးတိုင်းအတွင်းမှာ ဟိုးလေးတကျော်ဖြစ်သွားခဲ့သော သတင်းတစ်ပုဒ်ကို ဖော်ပြပေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com

မကွေးမြို့၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်း၊ ငဖဲမြို့နယ်၌နေသော မိန်းကလေးတစ်ဦးမှာ နဝမတန်း၌ အဆင့်(၁)ဖြင့် အောင်မြင်ခဲ့ပြီး မကွေးမြို့ဘော်ဒါဆောင်တစ်ခုသို့ ကျောင်းတက်ရန်ရောက်လာလေသည်။

ဘော်ဒါဆောင်သို့ရောက်ပြီး (၁၀)ရက်ခန့်ကြာသော အခါ ဗိုက်ထဲမှ မခံမရပ်နိုင်အောင် အောင့်သည်ဟုပြောကာ မျက်စိမှိတ်လျက် တွန့်လိမ်ကွေးကောက်နေလေတော့သည်။

ထိုကိစ္စကို ဘော်ဒါအုပ်သိသောအခါ မကွေးမြို့နယ် ကံပြားကျေးရွာမှ မကျည်းပင်ဘုန်းကြီးကျောင်းသို့ ခေါ်သွားပြီး ပြလေသည်။

ဆရာတော်ကြီးက ဇွန်လ(၂၆) ရက်နေ့မှ စတင်ကုသ ရာ ဇူလိုင်လ(၇)ရက်နေ့အထိ ဆံပင်ချည်ထွေးများနှင့် ကျောက်ခဲ အကြီးအသေး (၃၅)လုံး ပြန်အန်ထုတ်ခဲ့လေသည်။

ထိုမှတစ်ဖန် ဘုန်းကြီးကျောင်းမှ မကွေးမြို့ပြည်သူ့ ဆေးရုံသို့ ခေါ်သွားပြီး ဆက်လက်ကုသပြန်ရာ ဆံပင်ချည်ထွေး များ ထပ်မံအန်ထုတ်ခဲ့သေးသည်။

သို့ကြောင့် တာဝန်ရှိသူများက ထိုမိန်းကလေးကို ရေနှင့် အစားအသောက်များ ကျွေးမွေးရာတွင် ပြင်ပမှယူလာသော အစားအသောက်များမကျွေးမွေးရန် တားဆီးကန့်သတ်ခဲ့သည်။

ဆေးရုံမှာတက်ရောက်ပြီး ဆေးကုသနေစဉ် မြို့နယ်ရဲ တပ်ဖွဲ့မှူးက ဦးစီးအရာရှိနှင့်အဖွဲ့ကို ရဲတပ်သားများ အလှည့် ကျ ကင်းစောင့်ပေးရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။





နောက်ပိုင်း. . အခြေအနေပြန်လည်ကောင်းမွန်လာ သောအခါမှ မိန်းကလေးမှာ နေအိမ်သို့ပြန်သွားခဲ့လေသည်။

ထိုမိန်းကလေးမှာ. . ကျောက်တုံးကျောက်ခဲများကို ထမင်းစားသလို စားနေမည်မဟုတ်တာတော့ သေချာသည်။

သူကအပြုစားခံထားရသဖြင့် စားချင်စိတ်ရှိသည့်တိုင် မျိုချရန် အတော်ပင်ခက်ခဲပေလိမ့်မည်။

အတော်ပင်ကြီးသော ကျောက်တုံးကျောက်ခဲတို့မှာ ပြန် အန်ထုတ်သောအခါမှာတော့ အလွယ်တကူပင် ပြန်ထွက်လာ ကြလေသည်။ ငဖဲမြို့နယ်မှာ. . ယောနယ်၊ ဆောနယ်နှင့် တစ် ဆက်တည်းရှိသောကြောင့်လည်း. . စဉ်းစားစရာတော့ ကောင်း ပေသည်။

ထိုမိန်းကလေး ဝမ်းဗိုက်ထဲမှ ပြန်အန်ထုတ်လိုက်သော ကျောက်ခဲ (၃၅) လုံးကိုဖော်ပြပေးလိုက်ပါသည်။



**ကျောက်ခဲများနှင့် ဆံပင်ချည်များ အန်ထုတ်ခဲ့သည့် ဖြစ်ရပ်ဆန်း**



www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်ဖြစ်ပွားခဲ့သောအချိန်မှာ သိပ်မကြာသေးပေ။ ယခုမျက်မှောက်ကာလပင် ရှိသေးသည်။

ခေတ်မီတိုးတက်သော ကိရိယာများနှင့် အဖြေရှာမရသောဖြစ်ရပ်ဆန်းပင်ဖြစ်ပေသည်။

ပြောချင်တာကတော့ . . မမြင်ဖူး၊ မကြုံဖူးသဖြင့် မယုံကြည်လျှင် နေနိုင်ပါသည်။ မမြင်ဖူး၊ မကြုံဖူးသေးသော်လည်း တစ်နေရာမှာတော့ ထူးခြားဆန်းကြယ်သော အကြောင်းအရာများ ရှိနေသည်ကိုတော့ လက်ခံကြရပေမည်။

ယခုကဲ့သို့ ခေတ်မီတိုးတက်သော ကာလတိုင်အောင် ထိုပညာများ၊ အဖြစ်အပျက်များ ရှိနေသေးသည်ဆိုလျှင် ရှေးအခါက ရှိခဲ့သည်ဆိုသောအချက်ကိုတော့ ငြင်းပယ်၍ရမည်မဟုတ်ပါချေ။

ဆိုင်ခွန်ရွာမှာနေသော ဒေါ်မင်းဇာသည် ပြုစားတတ်သောပညာမျိုးကို ကောင်းစွာတတ်ကျွမ်းသူဖြစ်သည်။

သို့သော် လူတစ်ဖက်သားကို အကြောင်းမဲ့ ပြုစားနေခြင်းမရှိဘဲ အပြုစားခံရသူများ၏ ရောဂါပျောက်ကင်းအောင် ကုသပေးခြင်းဖြင့် ဝမ်းစာရှာဖွေစားသောက်သူဖြစ်သည်။

နောက်ပိုင်း အသက်အရွယ်ကြီးလာပြီး မလုပ်နိုင်တော့သည့်အခါ မောင်ငယ်ဖြစ်သည့် 'ဇာလာဝီ'ကို ပညာအားလုံးသင်ကြားပေးလိုက်လေသည်။ ယခုအခါမှာတော့ ဇာလာဝီမှာ ဆိုင်ခွန်ရွာ၏ နတ်ဆရာတစ်ဦးဖြစ်နေချေပြီ။

သူက အသက်(၄၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး ဆံပင်ရှည်





နှုတ်ခမ်းမွေးအရှည်များ ထားသည်။

အနက်ရောင်၊ အညိုရောင် အဝတ်အစားများကို ဝတ်ဆင်သည်၊ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းပြီး တစ်ကိုယ်လုံး ဆေးမင်ကြောင်များ၊ အင်းကွက်များ၊ နတ်ရုပ်၊ ဘီလူးရုပ်များ ထိုးထားသည်။ ပယောဂကုလျှင် အရိုက်ကြမ်းသဖြင့် သူနှင့်ကုရမှာကို လူအတော်များများက ကြောက်ရွံ့ကြသည်။

ထိုသို့ကြောက်ရွံ့သော်လည်း ပယောဂနှင့်သက်ဆိုင်သော ရောဂါတစ်ခုခုဖြစ်လာလျှင်တော့ သူနှင့်ပင် ကုရလေသည်။ ထိုဒေသမှာရှိကြသောရွာများတွင် . . နတ်ဆရာတစ်ယောက် သို့မဟုတ် နှစ်ယောက်ရှိကြသည်။

နှစ်ယောက်ရှိလျှင် တစ်ယောက်က သာမန်ရောဂါကုသော နတ်ဆရာဖြစ်ပြီး ကျန်တစ်ယောက်က ပယောဂကုသော နတ်ဆရာဖြစ်လေသည်။

ပယောဂကုသော နတ်ဆရာကို 'စမူ'ဟုခေါ်ကြသည်၊

ရွာများတွင် ရိုးရိုးဆေးကုသော နတ်ဆရာထက် . . ပယောဂကုသော စမူနတ်ဆရာက ပိုပြီးအရေးပါသည်။

သူက ပယောဂကုပေးရုံမကဘဲ တစ်ရွာလုံးနှင့် သက်ဆိုင်သော အရေးကိစ္စတို့ကို ပါဝင်ဆောင်ရွက်ပေးရသူဖြစ်သည်။

အိမ်ဆောက်ရန် မြေနေရာရွေးခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်သစ်တက်ခြင်း၊ အိမ်တွင်းနတ်ပူဇော်ခြင်း၊ ကမ်းစွမ် တံခွန်တိုင်နတ်၊ လူဒိုနတ်၊ ကန်းဒုန်းရွာစောင့်နတ်၊ ကန်းထောင့် စိုက်ပျိုးရေးနတ်၊ ကန်းဟွ မိုးခေါ်နတ်၊ ကန်းဟူ နယ်မြေပိုင်နတ်များ



www.burmeseclassic.com

www.burmeseclassic.com

ကို ပူဇော်ပသခြင်း၊ 'ကတီလောင်း' ရပ်ဝေးနတ်နှင်ခြင်း၊ 'တအိုင်း' ခေါ် တိရစ္ဆာန်များနှင့် ဆက်စပ်နေသော နတ်များကို နှင်ထုတ်ခြင်း၊ 'တရိုင်း' ခေါ် ကူးစက်ရောဂါနှင့် သက်ဆိုင်သော နတ်များကို နှင်ထုတ်ခြင်း၊ 'မေမိုး' ခေါ် မီးနှင့်ပတ်သက်သည့် နတ်များကို နှင်ထုတ်ခြင်း. . . စသည်တို့ကိုလည်း ပြုလုပ်ဆောင်ရွက်ပေးရသည်။

မင်္ဂလာဆောင်သောအခါ မင်္ဂလာဆောင်ခြင်းနှင့် ပတ်သက်သော ဓလေ့ထုံးစံတို့ကို ပြုလုပ်ဆောင်ရွက်ပေးရခြင်း သေခြင်းတရားနှင့်သက်ဆိုင်သော (က) အဆက်ဖြတ်ခြင်း၊ (ခ) မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊ (ဂ) ဆေးကြောခြင်း၊ (ဃ) အစိမ်းသေသင်္ဂြိုဟ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးရလေသည်။ သို့ကြော ကယန်းဒေသတွင် စမူဟုခေါ်သော နတ်ဆရာတို့၏ အခန်းကဏ္ဍကအရေးပါလှပေသည်၊

ထို့ပြင် ရောဂါဖြစ်နေသော ဝေဒနာသည်အတွက် (၁) ချည်မျှင်စွပ်ခြင်း (၂) လိပ်ပြာခေါ်ခြင်း တို့ကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးရသေးသည်။

သာမန်ဆေးကုသော နတ်ဆရာကတော့ ပယောဂနှ မသက်ဆိုင်သောရောဂါဖြစ်နေသူကို (ဥပမာ ရိုးရိုးဖျားနာနေသူ ဆေးကုပေးခြင်း၊ (က) တွေ့မြင်ရသော အတိတ်၊ (ခ) ကြား သော အတိတ်နိမိတ်၊ (ဂ) အိမ်မက်အတိတ် နိမိတ်စသည်တို့ အဓိပ္ပာယ်ကို ဖော်ပေးရခြင်း၊ အစွဲအလမ်းနှင့်. . . ဆောင်ရ ရှောင်ရန်တို့ကို ပြောပြပေးရခြင်း၊ ပေဒင်လာမေးလျှင်. . (က)





ကြက်ရိုးထိုးပေဒင်၊ (ခ) နှီးချိုးပေဒင်၊ (ဂ) ဝက်သဲခြေကြည့်ပေဒင် တို့ဖြင့် ဟောပြောပေးရလေသည်။ ရှေ့အခန်းများတွင် သက်ဆိုင်ရာအကြောင်းအရာများ ပါလာပါက ထိုအကြောင်းများနှင့် ပတ်သက်ပြီးတစ်ခုချင်းကို အသေးစိတ်ဖော်ပြပေးပါမည်။

ဒေါ်မင်းဇာလက်ထက်က. . နတ်ဆရာမဖြစ်ခဲ့သောကြောင့် ဇာလာဝီလောက် ဩဇာမညောင်းပေ။

ဇာလာဝီလက်ထက်ရောက်တော့ ပယောဂမှန်သမျှ ပျောက်ကင်းအောင် ကုသပေးနိုင်သောကြောင့် ရွာသူရွာသားများက ကြောက်ရွံ့ရိုသေကြရလေသည်။

ဇာလာဝီတန်ခိုးတက်လာတော့ တူဖြစ်သူ စံနက်ကျော်သလည်း ဦးလေးဖြစ်သူအရှိန်အဝါကြောင့် သူစိတ်ထင်ရာ လုပ်လေတော့သည်။ ကြီးတော်ဖြစ်သူ ဒေါ်မင်းဇာကိုသော်လည်းကောင်း. . ၊ ဦးလေးဖြစ်သူ နတ်ဆရာဇာလာဝီကိုသော်လည်းကောင်း. . ကြောက်ရွံ့ကြသဖြင့် အချို့မှာ စံနက်ကျော် နှိပ်စက်သမျှ ကြိတ်မှိတ်ခံကြရသည်။

စံနက်ကျော်ကလည်း အသက်(၃၀)အရွယ်ခန့်ရောက်နေပြီဖြစ်သော်လည်း ယခုအချိန်ထိ ရည်းစားတစ်ယောက်တလေမှ မရသေးပေ။

ရွာမှာရှိသော မိန်းမပျိုလေးများ အပါအဝင် အခြားရွာများမှ မိန်းမပျိုလေးများကပါ သူ့အကြောင်းကိုသိသဖြင့် ဝေးဝေးက ရှောင်ကြလေသည်။

စံနက်ကျော်က ရုပ်ရည်အတော်ကလေးဆိုးသည်။ အ


www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲမှာ ရုတ်တရက်တွေ့လျှင်. . သရဲသဘက်တစ်ကောင် တွေ့ရသကဲ့သို့ ရှိလေသည်။

တစ်နေ့တော့ စံနက်ကျော်တစ်ယောက် ဇာလာဝီနေသောတဲသို့ ရောက်လာသည်။

မျက်နှာကလည်း မသာမယာနှင့် ဖြစ်သည်။

"ဘာဖြစ်လာတာလဲ ငါပေးလိုက်တဲ့ မှော်ဝင်ရုပ်နဲ့ ဖုတ်သွင်းတာ မရခဲ့ဘူးလား"

ဇာလာဝီက မေးလိုက်သည်။

"ဖုတ်သွင်းတာ ရတယ်၊ ကောင်မလေးကို မရခဲ့ဘူး"

စံနက်ကျော်က. . သုသာန်မှ လူသေအလောင်းတစ်လောင်းကို ဖုတ်သွင်းခေါ်သွားပြီး ရင်မေနှင့်မာလာတို့ကို ခြောက်လှန့်ထုတ်ပြီး သတိမေ့နေသော မြလေးခင်ကို ခေါ်လာဖို့ကြံစည်ပြီးမှ လူများရောက်လာသဖြင့် ထွက်ပြေးခဲ့ရပုံများကို ပြန်ပြောလိုက်သည်။

ဇာလာဝီက ဆေးတံကြီးကိုဖွာလိုက်၊ ခေါင်းရည်သောက်လိုက်နှင့်နေရာမှ ပြောလိုက်သည်။

"မိန်းမဒီလောက်ရှားသလား၊ တခြားရွာကမိန်းမကို ဒီလိုသွားလုပ်နေရင်. . တစ်နေ့အန္တရာယ်တွေ့လိမ့်မယ်"

"ကျုပ်က သူ့ကိုပဲသဘောကျတယ်၊ မရရအောင်လုပ်ပြီးယူမှာပဲ"

"ဟိုရွာက ရွာသူရွာသားတွေ၊ မိဘမောင်ဖွားတွေ၊ ဆွေမျိုးသားချင်းတွေ သိရင်. . ခံမှာမဟုတ်ဘူး၊ မင်းကိုလာသတ်ကြ





လိမ့်မယ်"

"ကျုပ်ကိုသတ်လို့ရမလား၊ လာသတ်ရင် သရဲနဲ့တိုက်သတ်ပစ်မယ်"

ဟု ဒေါသတကြီး ပြန်ပြောလေသည်။

ထိုအခါ ဇာလာဝီကပြောသည်။

"မင်းက သရဲတစ္ဆေတွေကို ကိုယ်ခိုင်းချင်တိုင်း ခေါ်ခိုင်းသို့ရမယ်များ ထင်နေသလား၊ အခိုင်းမတော်ရင် သူတို့က ပြန်သတ်လိမ့်မယ်"

"ဒီတော့. . ဘယ်လိုလုပ်ရမလဲ၊ ကျုပ်ကတော့ သူ့ကိုမှမရရင် မဖြစ်ဘူး"

"ဒီလိုဆိုရင်လည်း ရိုးရိုးသားသားကြိုးစားပေါ့ကွာ"

ဇာလာဝီက ခေါင်းရည်သောက်ရင်းမှ အေးအေးဆေးဆေးပြန်ပြောလိုက်သည်။

"ကျုပ်လိုရုပ်ရည်မျိုးနဲ့ ရိုးရိုးသားသားကြိုးစားလို့ကတော့ ဒီတစ်သက်မပြောနဲ့ ဆယ်သက်ကြိုးစားရင်တောင် သူ့ကိုရမှာမဟုတ်ဘူး"

ဟု စိတ်ပျက်လက်ပျက်လေသံမျိုးဖြင့် ပြောလိုက်ရာ ဇာလာဝီမှာ တူဖြစ်သူ၏ အမူအရာကိုကြည့်ပြီး ကရုဏာသက်သလို ဖြစ်သွားလေသည်။

"မင်းကြည့်ရတာ သူ့ကိုမှမရရင် အခုပဲသေတော့မလိုဖြစ်နေတဲ့ပုံပဲ၊ ဒီတော့ ငါကဘာလုပ်ပေးရမလဲ"

"ဦးလေးက နတ်ဆရာတစ်ယောက်ပဲ၊ တစ္ဆေသရဲတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ခေါ်ခိုင်းလို့ရတာပဲ၊ သူ့ကိုရရင်ပြီးရော ဘယ်လိုနည်းနဲ့ပဲရရ လုပ်ပေးပါ"

"မင်းက ကောင်မလေးကို တကယ်သဘောကျတယ်ဆိုရင် တစ္ဆေသရဲတွေနဲ့ မလုပ်နဲ့၊ လန့်သေသွားရင် မရလိုက်ပဲ ရှိလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ဆေးဝါးနဲ့ ရအောင်လုပ်ရင်ရပါတယ်"

"ဘယ်လိုဆေးမျိုးလဲ"

"မိန်းကလေးတွေ ကိုယ့်ကိုနှစ်သက်လာအောင် လုပ်ယူလို့ရတဲ့ ဆေးတွေအမျိုးမျိုးရှိတယ်၊ တို့ဆေး၊ ခတ် ဆေး၊ ရန့်ဆေး အစုံပေါ့၊ အဲဒါတွေကို ပီယဆေးလို့ခေါ်တယ်၊ မင်းအတွက် . . ငါ စီရင်ပေးပါမယ်၊ မနက်ဖြန် လကွယ်နေ့ညမှာ စီရင်မယ်၊ မင်းနဲ့ အဖော်လိုက်ဖို့ စိတ်ချရတဲ့ လူတစ်ယောက်နှစ်ယောက်လည်း ခေါ်လာခဲ့၊ ဒါပေမယ့် ဒီအကြောင်းတွေကိုတော့ ဘယ်သူမှ မသိစေနဲ့နော်. . သိရင် ဆေးကအစွမ်းထက်တော့မှာ မဟုတ်ဘူး"

"စိတ်ချပါ မသိစေရပါဘူး"

ထိုကဲ့သို့ ဝမ်းသာအားရပြောဆိုကာ ပြန်သွားလေတော့သည်။ ဇာလာဝီကတော့. . တူအတွက် မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်ပေးရမည်ကို တွေးတောနေလေသည်။





# အခန်း (၅)

# အစိမ်းသေပါးမှ သနပ်ခါး

လကွယ်နေ့ည. . .။

မိုးရက်နီးလာပြီ ဖြစ်သောကြောင့် ကောင်းကင်ပြင်မှာ တိမ်ညိုတိမ်မည်းများက ဖုံးအုပ်လျက်ရှိသည်။

တောင်ပြန်လေ တိုက်သောအရှိန်ကြောင့် တိမ်မည်းများက မြောက်ဘက်သို့ ရွေ့လျားလျက်ရှိရာ. . ပတ်ဝန်းကျင်တစ်ဝိုက်မှာ လင်းတစ်လှည့် မှောင်တစ်ခါ အခြေအနေမျိုး ဖြစ်နေလေသည်။ ထိုအခြေအနေတွင် သာမန်လူတို့ အပြင်မထွက်



www.burmeseclassic.com

www.burmeseclassic.com

ကြတော့ပေ။ အဘယ်ကြောင့်ဆိုသော်. . .

လကွယ်ညရောက်လျှင် သရဲသဘက်၊ ဖုတ်၊ ကျတ်၊ မှင်စာ စသောမကောင်းဆိုးဝါးများ အပြင်ထွက်လာကြသလို၊ စုန်းကဝေ ပညာသည်တို့လည်း တောက်စားပျော်ပါးကြသည်ဟု အယူရှိသောကြောင့်ဖြစ်သည်။

ထို့ပြင် အမှောင်ထုအားကောင်းသော ညအချိန်ရောက်လာပါက တောထဲမှာအစာရှာမရသော တောကောင်ကြီးများက ရွာများရှိသောနေရာထိ ဆင်းလာပြီး လူတို့မွေးထားသော နွား၊ ဆိတ်၊ ဝက်တို့ကို ချောင်းမြောင်းနေတတ်သဖြင့် ထိုအန္တရာယ်များနှင့်လည်း တွေ့နိုင်သောကြောင့် အမှောင်ထုဖုံးသောအချိန်များမှာ အကြောင်းမရှိဘဲ အပြင်မထွက်ဝံ့ကြခြင်း ဖြစ်သည်။

အကယ်၍. . အကြောင်းကိစ္စကြီးငယ်ရှိသဖြင့် အပြင်ထွက်ရလျှင်လည်း. . မီးတုတ်မီးတိုင်များ၊ မားလှံလက်နက်များကိုင်ဆောင်ပြီး လူစုလူဝေးဖြင့်သာ သွားလာဝံ့ကြသည်။ ထိုကဲ့သို့သော မှောင်မိုက်နေသည့် အချိန်မျိုးမှာ ဆိုင်ခွန်ရွာအပြင်ဘက်သို့ လူလေးယောက်ထွက်လာကြလေသည်။

၄င်းတို့လက်ထဲမှာ မီးတုတ်မီးတိုင်လည်း မပါကြပေ။

အခြားသူများတော့ မဟုတ်ပေ။

နတ်ဆရာဇာလာဝီ၊ စံနက်ကျော်နှင့် သူတို့အဖော်ခေါ်လာသော နက်ကြီးနှင့်ငထွန်းတို့ အပါအဝင် လေးယောက်ဖြစ်သည်။ ဇာလာဝီထံမှာ ဆေးလွယ်အိတ်တစ်လုံးနှင့် တောင်ဝှေးတစ်ချောင်းပါသည်။





စံနက်ကျော်ထံမှာတော့ လေးလံသော ပစ္စည်းတစ်ခုခု ထည့်ထားသော လွယ်အိတ်တစ်လုံး လွယ်ထားလေသည်။

နက်ကြီးနှင့် ငထွန်းတို့နှစ်ယောက်မှာတော့ ဓားတစ်လက်စီနှင့် ပေါက်တူး၊ တူရွင်းတစ်လက်စီလည်း ပါလာကြသည်။ ထိုနှစ်ယောက်ကို အရက်တစ်ဝတိုက်ရုံမကပဲ အရက်ဖိုးပါ ထပ်ပေးပြီး ခေါ်လာကြခြင်းဖြစ်သည်။

နှစ်ယောက်စလုံး. . ဖြစ်သလိုနေပြီး အတော်ကလေးသတ္တိကောင်းသူများလည်းဖြစ်သည်၊

"အခု တစ်ရက်နှစ်ရက်အတွင်းမှာ အစိမ်းသေ သေတဲ့ မိန်းမအလောင်း ဘယ်သုသာန်မှာရှိသလဲ"

ဟု ဇာလာဝီက မေးလိုက်သည်။

"ရှိတယ် ဆရာကြီး၊ ဟန်ဆီလုံရွာသုသာန်မှာရှိတယ်၊ ဟိုရက်က ပိုးထိလို့သေသွားတဲ့ ဇော်မလေးအလောင်းရှိတယ်၊ ကျုပ်တို့ကိုယ်တိုင် လိုက်မြှုပ်ပေးခဲ့တာ"

နက်ကြီးကဝင်ပြောလိုက်သည်။

"မင်းနေရာမှတ်မိသလား"

"မှတ်မိပါတယ်"

"ဒါဖြင့် အဲဒီသုသာန်သွားကြရအောင်"

"ဟင် ဘာလုပ်မလို့လဲ ဆရာကြီး၊ ဒီအချိန်ကျမှ. . ."

"ဟိုရောက်တော့ သိကြရမှာပေ့ါ၊ ကဲ. . သွားကြစို့"

ဟုပြောဆိုကာ ဟန်ဆီလုံရွာဘက်သို့ လာခဲ့ကြလေသည်။ နက်ကြီးနှင့် ငထွန်းတို့မှာ အရက်မူးနေသည့်အခါ၌သာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝဲ့ မိုက်ဝဲ့ကြသူများ ဖြစ်သော်လည်း၊ ယခုကဲ့သို့အချိန်မတော်ကြီးမှ သုသာန်သွားရသော ကိစ္စမျိုးကိုတော့ စိတ်ထဲမှာ ထိတ်လန့်နေကြသည်။

သို့သော်လည်း ညဉ့်ဦးပိုင်းကမှ သောက်ထားသော အရက်အရှိန်ကလေးက မပြေသေးသောကြောင့် သိပ်တော့မသိသာလှသေးပေ။

ဆိုင်ခွန်ရွာနှင့် ဟန်ဆီလုံရွာမှာ ခရီးတစ်တိုင်လောက်သာကွာဝေးရာ ညဉ့်ဦးပိုင်းအချိန်လွန်သောအခါ ထိုရွာအစပ်သို့ ရောက်သွားကြလေသည်။

ယခုအချိန်ထိတော့ အလင်းရောင်က မမြင်ရသေးဘဲ မှောင်မည်းနေဆဲပင်ရှိသေးသည်။

နတ်ဆရာက သုသာန်ရှိရာသို့ သွားမည်ပြောသဖြင့် နက်ကြီးတို့နှစ်ယောက်ကပင် ရှေ့မှဦးဆောင်ကာ ခေါ်လာလေသည်။ သူတို့သည် ရွာစပ်သို့မဝင်တော့ဘဲ ရွာအပြင်ဘက်မှာရှိသော လယ်ကွက်များမှ သွားကြလေသည်။

ရွာနှင့်မနီးမဝေး ရောက်သောအခါ ရွာထဲမှ ခွေးဟောင်သံ၊ ခွေးအူသံများက မကောင်းဆိုးဝါးများ တွေ့မြင်သဖြင့် အူလိုက်သောအသံမျိုး ဖြစ်သည်။

ခွေးအူသံ၊ ဟောင်သံများကြောင့်. . ရှေ့မှသွားနေကြသော နှစ်ယောက်က ကြောက်ရွံ့နေကြသော်လည်း စံနက်ကျော်ကတော့ ဟန်ဆီလုံရွာနားရောက်လာသဖြင့် မြလေးခင်ကို သတိရနေလေသည်။





ဟန်ဆီလုံရွာ၏သုသာန်မှာ ရွာနှင့် အတော်ဝေးပြီး တောစပ်၌ ရှိလေသည်။

ထိုနေရာရောက်အောင်ပင် အတော်သွားကြရသည်။

တောစပ်ရောက်တော့. . . တောရိပ်၊ တောင်ရိပ်များကြောင့် အမှောင်ထုများက ပိုများလာလေသည်၊

သရဲတစ္ဆေများ အန္တရာယ်ထက် တောကောင်ကြီးများ အန္တရာယ်ကိုလည်း သတိထားနေကြရသည်။

ညအချိန်ရောက်လာလျှင် တောခွေးများ အုပ်စုလိုက်ဆင်းလာကြကာ သုသာန်များ၌ မြှုပ်ထားသောအလောင်းများကို တူးယက်ပြီး စားသောက်လေ့ရှိရာ ထိုအန္တရာယ်ကိုလည်း သတိထားကြရသည်။

သုသာန်မှာ အနည်းငယ်မြင့်သော တောင်ကုန်းပေါ်၌ ရှိပြီး ချုံပုတ်များက နေရာမလပ်ရှိနေကြသည်။

ထိုချုံများပေါ်မှာ လူသေအလောင်းတင်လာသော ဝါးကပ်များ၊ အသုဘချရာ၌ အသုံးပြုသော ပစ္စည်းအတော်များများ ပစ်တင်ထားသည်ကို ဝိုးတဝါးမြင်ရသည်။

အချို့သော ချုံပုတ်များ၊ သစ်ပင်များမှာ အမှောင်ထဲမှ ကြည့်သောအခါ မကောင်းဆိုးဝါးများ ငုတ်တုတ်ထိုင်နေသည်နှင့် များစွာတူလှလေသည်။

“မြေပုံက ဘယ်နေရာမှာလဲ”

“ဟိုဘက် ချုံစပ်နားမှာ”

ဟုပြောဆိုကာ ထိုနေရာဘက်သို့လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပုံရှိသော နေရာရောက်တော့ မြေပုံကိုတူးယက်နေသော တောခွေးသုံးလေးကောင်ကို တွေ့ရသည်။

သူတို့ကိုမြင်တော့ တဂီးဂီးနှင့် မာန်ဖီနေကြသဖြင့်. . ကျောက်ခဲများနှင့် ပစ်ပေါက်လိုက်တော့မှ တောထဲသို့ဝင်ပြေးသွားကြလေတော့သည်။

တောခွေးများ တူးယက်ထားသောကြောင့် မြေပုံက ပွနေသော်လည်း အလောင်းမပေါ်သေးပေ။

"ကဲ လုပ်ငန်းစကြမယ်၊ ငါတစ်ယောက်လုံးပါနေမှတော့ ဘာမှကြောက်စရာမလိုဘူး၊ နံဘေးကသာ ကြည့်နေကြ"

ဟုပြောဆိုပြီး ဇာလာဝီက စံနက်ကျော်လွယ်လာသော လွယ်အိတ်ထဲမှ အထုတ်တစ်ထုပ်ကို နှိုက်ယူလိုက်သည်။

နံနက်ကတည်းကချက်ထားသော အမဲသားဟင်း မကျက်တကျက်နှင့် ထမင်းထုတ်ပင်ဖြစ်သည်။

ထိုထမင်းထုတ်ကို ကြိုးဖြေပြီး မြေပုံနှင့်မနီးမဝေးမှာ တင်ထားလိုက်ကာ ပါးစပ်မှလည်း တစ်စုံတစ်ရာကို ရွတ်ဆိုနေလေသည်။ စံနက်ကျော်တို့သုံးယောက်ကတော့ အခြေအနေကြည့်နေကြလေသည်။

ခဏကြာတော့ တောထဲမှ မည်းမည်းသဏ္ဍာန်ကြီးထွက်လာသည်။

အလုံးအထည်ကြီးပြီး အရပ်အမောင်းကမြင့်သည်။

တစ်ကိုယ်လုံး အမွေးရှည်များ ရှိနေဟန်ရှိသည်။

မှောင်နေသောကြောင့် မျက်နှာကို ကောင်းစွာမမြင်ရ





သော်လည်း သဘက်ကြီးတစ်ကောင်ဖြစ်မှန်းတော့ သိကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

နားရွက်ကြီးနှစ်ဖက်က ဆင်နားရွက်ကြီးများကဲ့သို့ ဘေးတစ်ဖက်တစ်ချက်သို့ ကျနေလေသည်။

ထိုသဘက်ကြီးရောက်လာတော့. . ဇာလာဝီက ပြောသည်။

"သုသာန်စောင့် သဘက်ကြီးမဟုတ်လား၊ ငါကျွေးတာကိုလည်းစား၊ ငါ့အလုပ်ကိုလည်း မနှောင့်ယှက်နဲ့"

ဟုပြောပြီး စမြိန်ထုပ်(ထမင်းထုပ်)ကို ကြိမ်လုံးဖြင့် ထိုးပြသောအခါ ထိုနေရာမှာ ဆောင့်ကြောင့်ထိုင်ပြီး. . ထမင်းနှင့်ဟင်းများကို ယူစားလေသည်။

ထိုအခြေအနေကိုမြင်တော့ သတ္တိကောင်းပါသည်ဆိုသော ဝထွန်းနှင့် နက်ကြီးတို့နှစ်ယောက်ပင် ကြောက်ဒူးတုန်နေကြလေပြီ။ သဘက်ကြီးက ထမင်းနှင့်ဟင်းများကို ကုန်အောင်စားသောက်ပြီးနောက် နေရာမှထကာ တောထဲသို့ပြန်ဝင်သွားလေတော့သည်။

သဘက်ကြီးပျောက်သွားတော့မှ. . ဇာလာဝီက ပြောသည်၊

"မင်းတို့နှစ်ယောက် မြေပုံကိုတူးကြ၊ အလောင်းပေါ်လာရင် ငါ့ကိုပြော"

ဟု စေခိုင်းသဖြင့်. . နှစ်ယောက်သားကြောက်ကြောက်



www.burmeseclassic.com

www.burmeseclassic.com


လန့်လန့်ဖြင့် တူးကြရလေသည်။

မြေပုံမှာ မြှုပ်ထားတာမကြာသေးသည်က တစ်ကြောင်း တောခွေးများ တူးဆွထားသည်ကတစ်ကြောင်းကြောင့် သိပ်ကြာကြာမတူးလိုက်ရဘဲ အလောင်းကပေါ်လာလေသည်။

သေဆုံးသူမှာ အသက်(၂၀)ဝန်းကျင်ခန့်ရှိသော အမျိုးသမီးတစ်ဦးဖြစ်ပြီး သေတာမကြာသေးသောကြောင့် ပုပ်ပွပျက်စီးခြင်း မရှိသေးပေ။

"အလောင်းပေါ်လာပြီ ဆရာ"

"အေး. . မင်းတို့နှစ်ယောက် အပေါ်ပြန်တက်လာကြ"

နက်ကြီးနှင့် ငထွန်းက ကျင်းပေါ်ပြန်တက်လာကြသည်။ ထိုအခါ နတ်ဆရာဇာလာဝီက အလောင်းရှိသောခေါင်းရင်းဘက်၌ ရုပ်တုတစ်ခုကိုချကာ ဖယောင်းမီးထွန်းလိုက်သည်။

ပြီးမှ အင်းချပ်တစ်ချပ်ကို မြေပုံခြေရင်းဘက်၌ချကာ မီးတိုင်တစ်တိုင် တင်ထွန်းပြန်သည်။

မှောင်မည်းနေသောနေရာတွင် မီးတိုင်နှစ်တိုင်မှ အလင်းရောင်တို့က ပြန့်နှံ့သွားလေသည်။

ထိုသို့ပြုလုပ်ပြီးမှ အလောင်းပေါ်သို့ ဆန်မန်းပေါက်ပေါက်များ ကြဲချလိုက်ရာ ခဏကြာတော့ အလောင်းက ထထိုင်လာသည်။ ဆံပင်များက ဖားလျားကျနေပြီး ခါးပေါ်မှာတင်ထားသောလုံချည်က အောက်သို့လျှောကျသွားသည်။

"လုံချည်ဝတ်ပြီး အပေါ်တက်လာခဲ့"

ဟုအမိန့်ပေးလိုက်ရာ တော်တော်နှင့်တက်မလာဘဲရှိရာ ကြိမ်လုံးဖြင့် မြေပုံကို နှစ်ချက်သုံးချက်ရိုက်လိုက်တော့မှ လုံချည်ပြင်ဝတ်ပြီး တွင်းပေါ်တက်လာပြီးထိုင်သည်။

ထိုအခါ ဇာလာဝီက. . စံနက်ကျော်လွယ်အိတ်ထဲမှာ ထည့်လာသော ကျောက်ပျဉ်၊ သနပ်ခါးတုံး၊ ရေဘူးတို့ကို ထုတ်ယူပြီး ရှေ့မှာချပေးလိုက်သည်။

"သနပ်ခါးသွေးစမ်း"

စေခိုင်းသော်လည်း တော်တော်နှင့်မလုပ်ဘဲ ငူငူကြီးထိုင်မြဲထိုင်နေသဖြင့် ဆေးလွယ်အိတ်ထဲမှ ချည်ကြိုးအချို့ကို ထုတ်ယူလိုက်သည်။

"ငါခိုင်းတဲ့အတိုင်း မလုပ်ဘူးလား၊ ချည်မန်းကွင်းနဲ့စွပ်ပြီး ကြိမ်နဲ့ရိုက်ရမလား"

ဟု ကြိမ်းလိုက်တော့မှ သနပ်ခါးကျောက်ပျဉ်ပေါ် သနပ်ခါးတုံးတင်ပြီး သွေးလေတော့သည်။

သွေးတော့လည်း ရေထည့်လိုက် သွေးလိုက်နှင့်ပြုလုပ်နေပုံမှာ သက်ရှိလူတစ်ယောက်ကဲ့သို့ပင် ရှိလေသည်။

တရှဲရှဲ တရှီးရှီးနှင့်မြည်နေသော သနပ်ခါးသွေးရာမှ ထွက်နေသော အသံမှာ တိတ်ဆိတ်နေသော သုသာန်အတွင်းမှာ မှန်မှန်ပေါ်ထွက်နေလေသည်။

ခဏကြာတော့ ကျောက်ပျဉ်ပေါ်မှာ သနပ်ခါးရေ အတော်များများ ရလာသောအခါ သနပ်ခါးသွေးနေသူက ရပ်လိုက်သည်။

"သနပ်ခါးကို နင့်မျက်နှာပေါ်မှာလိမ်း. ."


☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

ဟုစေခိုင်းသော်လည်း မလိမ်းဘဲ ထိုင်မြဲထိုင်နေပြန်သ ဖြင့် နတ်ဆရာက ကြိမ်လုံးတပြင်ပြင်နဲ့ ထပ်ခိုင်းတော့မှ သနပ်ခါး လိမ်းလေသည်။

ကျောက်ပျဉ်ပေါ်မှ သနပ်ခါးများ ကုန်အောင်လိမ်းပြီး သောအခါ မလှုပ်မယှက်ထိုင်နေပြန်လေသည်။

“စံနက်ကျော်. . မင်းလွယ်အိတ်ထဲမှာ ဝါးယပ်တောင် ပါရဲ့မဟုတ်လား. .”

“ဟုတ်. . ဟုတ်ကဲ့. .”

“သွား. . သူ့ပါးပေါ်က သနပ်ခါးတွေ မြန်မြန်ခြောက် သွားအောင် အနားသွားပြီး ယပ်ခပ်ပေး”

“မလုပ်ဝံ့ဘူးဗျ”

စံနက်ကျော်က တွန့်သွားသည်။

သူမလုပ်ဝံ့သဖြင့် နက်ကြီးနှင့် ငထွန်းကိုခိုင်းပြန်တော့ လည်း မရပေ။

“ကျုပ်တို့က လူသတ်ဆိုရင် သတ်ဝံ့သေးတယ်၊ ဒါတော့ မလုပ်ဝံ့ဘူး”

ထိုအခါ နတ်ဆရာ ဇာလာဝီက ဒေါသဖြစ်လာသော ကြောင့် သူကိုယ်တိုင်အနားသွားပြီး ယပ်တောင်ဖြင့်ယပ်ခတ် ပေးလေသည်။ ထိုသို့ယပ်ခတ်ပေးတော့လည်း. . အလောင်း ကောင်က မျက်နှာသေကြီးဖြင့် ထိုင်နေသည်။

အတန်ကြာအောင် ယပ်ခတ်ပေးလိုက်သောအခါ မျက် နှာပေါ်မှာ ထူပျစ်နေအောင်လိမ်းထားသော သနပ်ခါးများက





ခြောက်လာလေတော့သည်။

ထိုအခါ နှီးပြားတစ်ချောင်းနှင့် ခွက်တစ်လုံးပေးပြီး ခြစ် ခိုင်းပြန်လေသည်။

“နင့် မျက်နှာပေါ်က သနပ်ခါးတွေ ခြစ်ချပေး”

မလှုပ်ပဲ ထိုင်မြဲထိုင်နေလေသည်။

“ငါ့ အမိန့်ကို အာခံချင်လို့လား။ ဒီမှာတွေ့လား ခြေမန်း ကွင်းနဲ့ စွပ်ချလိုက်မယ်”

ဟု ခြေမန်းကွင်းပြတော့မှ မျက်နှာပေါ်မှ သနပ်ခါး များကို နှီးပြားဖြင့် ခွက်ထဲသို့ ခြစ်ချပေးလေသည်။

မျက်နှာပေါ်မှ သနပ်ခါးများ ကုန်သွားသောအခါ ဇာ လာဝီက ထိုခွက်ကို ပြန်ယူလိုက်သည်။

ထိုသို့ယူသော်လည်း မပေးချင်သဖြင့် အတင်းကိုင်ထား ၍ အတင်းဆွဲယူတော့မှ ပါလာလေသည်။

ပြီးမှ. . .

“နင့်ကိစ္စပြီးပြီ တွင်းထဲပြန်ဆင်းပေတော့”

“ငါလည်းလိုက်မယ်”

“နင်က သေပြီးနေပြီ လိုက်လို့မရတော့ဘူး၊ တွင်းထဲ ပြန်ဆင်းပေတော့”

“မဆင်းဘူး”

“ငါ့ကိုတောင် အာခံဝံ့သေးတယ်၊ နှစ်ခါသေတော့မှာပဲ”

ဟုပြောပြီး ကြိမ်လုံးဖြင့်ရိုက်ချလိုက်တော့မှ တွင်းထဲ ပြန်ဆင်းပြီး မူလအနေအထားအတိုင်း ပြန်လှဲချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဇာလာဝီက မနီးမဝေးမှာရှိနေသော စံနက်ကျော်တို့သုံးယောက်ကို ခေါ်လိုက်သဖြင့် ထိုအခါမှပင်အနားသို့ လာဝံ့ကြလေသည်။

"မြေဖို့လိုက်ရတော့မလား"

"နေဦး ဂေါ်ပြားတွေ အဆင်သင့်ပြင်ထား၊ သူ့မျက်စိမမှိတ်သေးပဲ မြေဖို့လို့မရသေးဘူး"

"ဘာဖြစ်လို့လဲ"

"မျက်စိမမှိတ်ဘဲ မြေဖို့ရင် ငါတို့ထွက်သွားတာနဲ့ နောက်ကနေထလိုက်လာမှာပေါ့"

ဟုပြောပြီး တွင်းထဲရောက်နေသော အလောင်းကို မျက်စိပြန်မှိတ်ခိုင်းရာ ကလေးတစ်ယောက်သိပ်ရသကဲ့သို့ တော်တော်နှင့်မျက်စိမမှိတ်သေးဘဲ ရှိနေပြီး အတန်ကြာတော့မှ မျက်စိမှိတ်သွားလေတော့သည်။

ထိုအခါမှ ဇာလာဝီက အချက်ပြလိုက်ရာ စံနက်ကျော်တို့သုံးယောက်လည်း တက်ညီလက်ညီဖြင့် မြေများကို ယက် ကြလေသည်။ အတန်ကြာသောအခါ. . မြေပုံမှာ စောစော အခြေအနေအတိုင်း ပြန်မို့သွားလေသည်။

ပြီးမှ. . ဇာလာဝီက မြေပုံအစပ်နားမှာ တင်ထားသော အင်းချပ်နှင့် ရုပ်တုပေါ်မှာ တင်ထားသော ဖယောင်းမီးများကို ငြိမ်းလိုက်ပြီး ပြန်ယူလိုက်သည်။

မြေပုံပေါ်ကိုလည်း အနီးတစ်ဝိုက်မှာရှိနေသော သ ကိုင်းခြောက်များကို တင်ပေးထားလိုက်ကြကာ ထိုနေရာမှ ပြန်





ထွက်လာကြလေသည်။

"မြန်မြန်လာကြ အန္တရာယ်အယှက်တွေရောက်မလာခင် ဒီနေရာကမြန်မြန်သွားကြရမယ်"

ဟုပြောပြီး သုသာန်ထဲမှ ပြန်ထွက်လာကြစဉ် တောထဲမှ ငှက်ဆိုးအော်သံ၊ တောခွေးအူသံများ ကြားလာရသည်။ ထိုအသံများနှင့်အတူ နောက်မှလိုက်လာသော ခြေသံလိုလိုတစ်စုံတစ်ယောက်က တစ်ခုခုပြန်တောင်းနေသော အသံမျိုးကြားလာရသဖြင့် နောက်သို့လှည့်မကြည့်ဝံ့ကြတော့ပဲ ထိုနေရာမှဝေးအောင်ပြေးနိုင်သမျှ ပြေးကြရလေတော့သည်။

ဟန်ဆီလုံရွာနယ်နိမိတ် မကျော်ခင်က. . ထိုအသံများကြားကြရသော်လည်း ဟန်ဆီလုံရွာနယ်နိမိတ်ကျော်သောအခါမှာတော့ ထိုအသံများမကြားရတော့ပေ။

အချိန်က သန်းခေါင်ယံ တိုင်လေပြီ။

ထိုအချိန်ထိ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများက ဖုံးအုပ်ထားနေဆဲပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

# မြလေးခင်နှင့် ကံကြမ္မာဆိုးများ

နီမောင်နှင့်မြလေးခင်တို့နှစ်ယောက် အခြေအနေက အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရသော အခြေအနေမျိုးသို့ ရောက်ခဲ့ကြရလေပြီ။

ချစ်သူဘဝရောက်ခဲ့ကြပြီးနောက်ပိုင်းတွင် နီမောင်ဘက်မှ သစ္စာပျက်ယွင်းမှုမရှိခဲ့သလို မြလေးခင်ဘက်မှလည်း သစ္စာရှိခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မမျှော်လင့်ပဲ ကံကြမ္မာမုန်တိုင်းက ဝင်ရောက် မွှေနှောက်သောအခါမှာတော့ ချစ်လျက်နှင့် ဝေးရမည့် အဖြစ်မျိုး ကြုံခဲ့ကြရလေသည်။

မြလေးခင်နှင့်တွေ့သောအခါမှာတော့ သူမဘက်က သစ္စာမပျက်ခဲ့ကြောင်း အတန်တန်ပြောနေသော်လည်း လက်တွေ့အခြေအနေကတော့ မကောင်းလှပေ။

ပထမတစ်ကြိမ် စံနက်ကျော်နှင့်မြလေးခင်တို့တောထဲမှာ နှစ်ယောက်ထဲတွေ့ခဲ့ကြောင်း သတင်းထွက်လာစဉ်ကပင် နီမောင်စိတ်ထဲမှာ အတော်ပင်ခံစားခဲ့ရလေသည်။

သို့သော်လည်း ထိုအဖြစ်အပျက်မှာ သူ့မျက်စိဖြင့် မမြင်ရဘဲ အခြားသူများ ပြောသောစကားကိုသာ ကြားရခြင်း ဖြစ်သောကြောင့် မိမိစိတ်ကို ကြိုးစားဖြေသိမ့်ခဲ့သည်။

နောက်တစ်ကြိမ်ကတော့ သူကိုယ်တိုင်မြင်တွေ့ခဲ့ရသဖြင့် အခြားသူပြောစကားကိုပင် နားထောင်နေစရာမလိုတော့ပေ။ ဒီတစ်ကြိမ်မှာတော့ စိတ်ထဲမှာအတော်ကလေး ခံပြင်းနေမိလေသည်။ မြလေးခင်အပေါ်မှာလည်း သစ္စာမရှိသောမိန်းမမြွေဟောက်လို လျှာနှစ်ခွနှင့် တွေ့သမျှ အဆိပ်သင့်စေသောမိန်းမတစ်ယောက်လို ထင်လာမိသည်။

တောထဲမှအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်. . မြလေးခင်နှင့် တစ်ကြိမ်တွေ့ရသေးသည်။

ထိုအချိန်အထိတော့. . သူ့အပေါ်မှာ သစ္စာမပျက်ပါကြောင်း ပြောဆိုနေဆဲပင်ရှိသည်။





သို့သော် နီမောင်မယုံဝံ့တော့ပေ။

ပထမအကြိမ် အလိမ်ခံရစဉ်က လိမ်တဲ့သူအပြစ်သာဖြစ်သည်။ ဒုတိယအကြိမ်အလိမ်ခံရလျှင်တော့ အလိမ်ခံရသူ၏ အပြစ်ဖြစ်လာပေတော့မည်။

စောထီးနှင့်ငမဲအောင်တို့ကတော့ သူနှင့်တွေ့သောအခါ ဖျောင်းဖျပြောဆိုကြသည်။

"မျက်မြင်အခြေအနေကတော့ မကောင်းဘူးပေါ့၊ မင်းနို့လိုကာယကံရှင်မပြောနဲ့. . ဘေးကမြင်ရတဲ့လူတောင် စိတ်မကောင်းဖြစ်မိတယ်"

စောထီးကပြောသည်။

"ဒါက ဒီလိုတော့ရှိတယ် နီမောင်ရဲ့"

ငမဲအောင်စကားကြောင့် နီမောင်ကတစ်ချက်ကြည့်လိုက်သည်။

"ဘယ်လိုကနေ. . ဘယ်လိုရှိတာလဲ"

"ဟို. . ဟိုလေကွာ၊ အခြေအနေဆိုတာ တစ်ခါတလေ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တတ်တာတို့၊ မမျှော်လင့်ဘဲ ဖြစ်တတ်တာမျိုးတွေ ရှိတတ်တယ်မဟုတ်လား၊ အခုဟာက သူမဟုတ်ပါပဲ တိုက်ဆိုင်နေတာရော ဖြစ်နိုင်တာပဲ"

"မင်းပြောသလို တိုက်ဆိုင်တာပဲထားပါတော့၊ တောထဲမှာ စံနက်ကျော်နဲ့ချည်း တိုက်ဆိုင်နေကရော မင်းဘယ်လိုပြောမလဲ"

ရင်ထဲမှာ မကျေမနပ်ဖြစ်နေသောစိတ်ကြောင့် လေသံ



www.burmeseclassic.com

www.burmeseclassic.com



က အတော်မာသွားသဖြင့် ငမဲအောင်စကားမဆက်တော့ပေ။

နီမောင်က ချက်ချင်းစိတ်ကိုလျှော့ချလိုက်သည်။

"အေးလေ. . . မင်းတို့ပြောသလို တိုက်ဆိုင်မှုကြောင့် မမျှော်လင့်ဘဲဖြစ်တာပဲ ဖြစ်ပါစေလို့ ငါဆုတောင်းပေးပါတယ်" ဟုပြောလိုက်လေသည်။

နီမောင်ဘက်က ချစ်သူအတွက် သောကရတက်ပွား နေရသကဲ့သို့ မြလေးခင်တို့အိမ်မှာလည်း အေးအေးချမ်းချမ်းရှိ နေသည်တော့မဟုတ်ပေ။

ထိုအဖြစ်အပျက်များဖြစ်ပွားပြီး လအနည်းငယ်ကြာ သောအခါမှာတော့ မြလေးခင်၏ အမူအရာများ၊ အကျင့်စရိုက်များ အနည်းငယ်ပြောင်းလာလေတော့သည်။

မိဘများက တစ်ရှက်ကနေ နှစ်ရှက်ရမည်စိုးသောကြောင့် သူမကိုဈေးထဲသို့ သွားခွင့်မပေးတော့ရုံမကပဲ ရွာထဲကိုပင် ထွက်ခွင့်မပေးတော့သဖြင့် အိမ်မှာပင်နေရလေသည်။ သူမအနေဖြင့် နီမောင်နှင့်တွေ့ပြီး အကျိုးအကြောင်းပြောပြချင်သော်လည်း နီမောင်ကလည်းမလာ သူမကလည်းအပြင်မထွက်ရသောကြောင့် ပြောပြခွင့်မရခဲ့ပေ။

သူတို့မိသားစုမှာ လေးယောက်ရှိသည်။

ဦးရွှေမှုံက အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ဒေါ်မယ်ခင်က(၄၅)နှစ်အရွယ်ခန့်ရှိသည်။

နှစ်ယောက်စလုံး ကိုယ့်စီးပွားကိုယ်လုပ်ပြီး အေးအေး နေတတ်သူများဖြစ်သည်။





မြလေးခင်၏အောက်တွင် 'ရွှေထွန်း'ဆိုသော မောင်ငယ်တစ်ယောက်ရှိပြီး၊ (၁၈)နှစ်အရွယ်လောက်သာ ရှိသေး၏။ ရွှေထွန်းက လူကောင်ထွားပြီး စိတ်မြန်ကိုယ်မြန်လည်း ရှိသည်။ အိမ်မှာ လယ်ယာအလုပ်များ၊ ခြံအလုပ်များကိုပင် အလုပ်သမားများကိုခေါင်းဆောင်ပြီး လုပ်နိုင်ကိုင်နိုင်ရှိနေပေပြီ။

၄င်းတို့မိသားစုမှာ ဟန်ဆီလုံရွာမှာ နှစ်အတော်ကြာကတည်းက နေခဲ့ကြသူများဖြစ်ကြပြီး. . အေးအေးဆေးဆေးနေတတ်သော မိသားစုများဖြစ်ကြလေသည်။

ယခုတော့ သူတို့မိသားစုမှာ မြလေးခင်အတွက်ကြောင့် အရှက်ရကာ မျက်နှာပျက်ကြရသော အခြေအနေမျိုးရောက်နေကြပြီဖြစ်သည်။

ထိုအဖြစ်အပျက်များဖြစ်ခဲ့ပြီးနောက်မှာ မိသားစုများက မြလေးခင်ကို အိမ်အပြင်ထွက်ခွင့်မပေးတော့ပဲ အိမ်မှာရှိသော အလုပ်များကိုသာ လုပ်စေသည်။

တစ်နေ့တော့ မိခင်ဖြစ်သူက မေးသည်။

"နင့်ကြည့်တာတစ်မျိုးဖြစ်နေသလိုပဲ နေထိုင်ကောင်းရဲ့လား"

"ကောင်း. . ကောင်းပါတယ်အမေ၊ ဒါ. . ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျွန်. . ကျွန်မ အမဲသားဟင်းနဲ့ ထမင်းစားချင်တယ်"

ထိုစကားကြောင့် ဒေါ်မယ်ခင်မှာ မျက်လုံးပြူးသွားလေ သည်။ အဘယ်ကြောင့်ဆိုသော်. . .



www.burmeseclassic.com

www.burmeseclassic.com



မြလေးခင်မှာ အမဲသားဟင်း တစ်ခါမှမစားခဲ့ဖူးသော ကြောင့် ဖြစ်လေသည်။

"အဆန်းပါလား နင်ဘယ်တုန်းက အမဲသားစားလို့လဲ"

"အရင်ကတော့ မစားပါဘူး၊ ဒါပေမယ့် အခုစိတ်ထဲက စားချင်သလိုဖြစ်နေလို့ပါ"

မြလေးခင်စကားကြောင့် မိခင်ဖြစ်သူမှာ အံ့သြရုံမကပဲ စိုးရိမ်စိတ်ဝင်သွားလေသည်။

အခြားမဟုတ်ပေ. . .

ကိုယ်ဝန်ရှိကာစ မိန်းမများချင်ခြင်းတပ်သလို ပုံစံမျိုး မြလေးခင်မှာ တွေ့နေရသောကြောင့်ဖြစ်သည်။

"နင့်ဟာ ရိုးမှရိုးရဲ့လား၊ ငါကိုမလိမ်နဲ့နော် မှန်မှန်ပြော စမ်း၊ နင်တစ်ယောက်ယောက်နဲ့များ. . ."

"အို. . အမေကလည်း မဟုတ်ပါဘူး၊ ကျွန်မက ရိုးရိုး စားချင်လို့ပြောတာပါ"

"ငါက နင်ကိုမွေးလာခဲ့တဲ့အမေပါဟယ်၊ ကလေး တစ် ယောက်မဟုတ်ဘူး. . နှစ်ယောက်သုံးယောက် မွေးလာတာပါ၊ အခြေအနေကြည့်ရုံနဲ့သိပါတယ်၊ နင်တောထဲမှာ. . ."

"မဟုတ်ပါဘူး အမေရယ် ကျွန်မဘာမှမဖြစ်ပါဘူး၊ အမဲ သားမစားရရင်လည်း တခြားဘာစားရမလဲ ကျပ်စင်ပေါ်မှာ တင်ထားတဲ့ အသားခြောက်တွေ ချက်စားလို့ရရင် စားပါရစေ"

ဟု ပြောပြန်လေသည်။

ဒေါ်မယ်ခင်မှာ စိတ်ထဲမှ မသင်္ကာဖြစ်မိသော်လည်း





သမီးဖြစ်သူ စားချင်သည့်အာသီသရှိနေသဖြင့် အမဲသားဟင်း ချက်ကျွေးတော့. . အားရပါးရစားသည်။

ကျပ်တိုက်ထားသော အသားခြောက်များ ချက်ကျွေး တော့ စားသည်။

ဒါတင်မက ယခင်က စားဖို့မဆိုထားနှင့်၊ အိမ်မှာချက် လျှင်ပင် လှည့်၍ပင်မကြည့်သော ဖားသား၊ ကြွက်သား၊ ဖွတ် သားများ ချက်လျှင်ပင် ထမင်းဝိုင်းမှာ ဝင်စားလေသည်။

ထိုအခြေအနေကို ရိပ်မိတော့ ဒေါ်မယ်ခင်က ဦးရွှေမှုံ ကို တိုးတိုးတိတ်တိတ်ပြောပြသည်၊

"ကိုရွှေမှုံ. . တော့်သမီးကြည့်ရတာ အခြေအနေသိပ် မဟန်လှဘူး"

"ဘာဖြစ်နေလို့လဲ"

"တောထဲက သတိမေ့ပြီး ပြန်ခေါ်လာကတည်းက အ စားအသောက် သိပ်ကြမ်းတာပဲ၊ အရင်ကမစားတဲ့အသားတွေ လည်း စားနေတော့တာပဲ ရိုးမှရိုးရဲ့လားမသိဘူး"

"ငါလည်း သတိထားမိပါတယ်၊ ဟိုတစ်နေ့က ထမင်း ဝိုင်းမှာ အမဲသားဟင်းချက်တော့၊ အရင်တစ်ခါမှ မစားဘဲနဲ့ နှိုက် စားနေတာတွေ့လို့ ငါတောင်အံ့သြနေမိသေးတယ်"

"အဲဒါ. . . သူစားချင်တယ် ပူစာနေလို့ ချက်ပေးရတာ ကျုပ်တော့စိတ်ထဲမှာ သိပ်မသင်္ကာဘူး၊ ဆရာနဲ့ခေါ်ပြကြည့်ရင် မကောင်းဘူးလား"

"ဘာဖြစ်မှန်းမသိပဲနဲ့ ဆရာနဲ့ခေါ်ပြလို့ဖြစ်ပါ့မလား၊



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေကြည့်ပါဦး”

ဟုပြောသဖြင့် ဒေါ်မယ်ခင်မှာ ဘာမှထပ်မပြောသာဘဲ ရှိလေတော့သည်။

ဤသို့ဖြင့်. . နောက်ထပ် တစ်လခန့်ကြာသောအခါမှာတော့ အဖြေပေါ်လာပေတော့သည်။

အခြားမဟုတ်ပေ။

မြလေးခင်မှာ ကိုယ်ဝန်ရှိနေသဖြင့်. . ဖုံးမရဖိမရ ဗိုက်ထွက်လာသောကြောင့်ပင် ဖြစ်သည်။

ပထမတော့ မြလေးခင်က လူမသိအောင် ဖုံးထားသော်လည်းလကြာသောအခါ တဖြည်းဖြည်းထွက်လာလေရာ ဖုံးဖိမရတော့ပဲရှိလေတော့သည်။

ထိုအခြေအနေမြင်တော့မှ မိဘများမှာ မျက်နှာမဖော်ဝံ့လောက်အောင် အရှက်ကြီးအရှက်ရလေတော့သည်။

လူဖြောင့်စိတ်တိုဖြစ်သော ဖခင်ဖြစ်သူ ဦးရွှေမှုံနှင့် စိတ်မြန်ကိုယ်မြန်ရှိသော မောင်ဖြစ်သူရွှေထွန်းတို့မှာ ဓားတပြင်ပြင်၊ တုတ်တပြင်ပြင်နှင့် သတ်မယ်ဖြတ်မယ် ဖြစ်နေကြရာ မိခင်ဖြစ်သူ ဒေါ်မယ်ခင်က ကာကွယ်ပေးနေရလေသည်။

“အို. . နေကြပါဦး သတ်တော့လည်း သေသွားရုံရှိမှာပေါ့၊ ကျုပ် သေသေချာချာမေးပေးပါ့မယ်”

ဟုပြောပြီး သမီးဖြစ်သူကို ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် မေးကြည့်ရလေသည်။

ထိုအခြေအနေမှာတော့ မြလေးခင်မှာ အခန်းထဲက





မထွက်ဘဲ ငိုနေလေတော့သည်၊

“ဟဲ့. . နင့်ကိစ္စက ငိုနေလို့ပြီးမယ့်ကိစ္စမျိုး မဟုတ်ဘူး၊ နင်ငိုနေလို့လည်း ဒီဗိုက်က ပျောက်သွားမှာ မဟုတ်ဘူး၊ ငါ့ကို မှန်မှန်ပြောစမ်း၊ နင်ဘယ်သူနဲ့ဖြစ်ခဲ့တာလဲ”

“အမေရယ် ကျွန်မ မလိမ်ပါဘူး၊ ကျွန်မ ဘယ်သူနဲ့မှလည်း မဖြစ်ပါဘူး၊ အခုထိ အပျိုဘဝပဲရှိပါသေးတယ်”

“ငါလုပ်ရင် သေတော့မှာပဲ၊ ပါးစပ်ကမဖြစ်ဘူး ငြင်းနေတယ်. . ဗိုက်ကထွက်နေပြီ၊ အခုမှတော့ နင်ငြင်းလည်းဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ ဟိုတောထဲမှာ စံနုက်ကျော်နဲ့များ ဖြစ်ခဲ့သလား”

“မဖြစ်ပါဘူး အမေရယ်၊ ကျွန်မ ကျိန်ပြောဝံ့ပါတယ်”

“နင်က သတိမေ့နေတာ ဒါတွေကိုဘယ်လိုသိမှာလဲ”

“တောထဲမှာ ကျွန်မသတိမေ့သွားပြီး ကျွန်မဘာတွေဖြစ်ခဲ့တယ်ဆိုတာ မသိပေမယ့်၊ ကျွန်မအပျိုဘဝပဲ ရှိနေသေးတာတော့ ကျိန်ပြောဝံ့ပါတယ်”

မြလေးခင်က ငိုယိုပြီးပြောနေရာ ဒေါ်မယ်ခင်မှာ အံတကြိတ်ကြိတ်နှင့် ဖြစ်နေလေတော့သည်၊

“ငါတော့ သေသာသေချင်တော့တာပဲ၊ လူဆိုတာ မမှားတာတော့ ဘယ်ရှိပါ့မလဲ. . ဒါပေမယ့် အခုလိုဖြစ်လာရင်တော့ နင့်ဗိုက်ထဲက ကလေးအတွက်တော့ တာဝန်ရှိတဲ့သူကို ပြောရမှာပေါ့၊ မဟုတ်ရင်တော့ နင့်အဖေနဲ့မောင်သတ်လို့သေလိမ့်မယ်”


www.burmeseclassic.com

 www.burmeseclassic.com

"သတ်ပါစေအမေရယ် ကျွန်မဒီဘဝမျိုးနဲ့တော့ မနေပါရစေနဲ့၊ ကျွန်မသေသွားမှအေးမှာပါ"

ဟုပြောဆိုကာ ချုံးပွဲချကာငိုနေလေတော့သည်။

ဒေါ်မယ်ခင်က လေသံပြောင်းကာ မေးပြန်လေသည်၊

"နင် ငိုနေလို့လည်း ပြီးမှာမဟုတ်ဘူး၊ တခြားလူမပြောဝံ့ရင်နေ အမေကိုတော့ မှန်မှန်ပြောစမ်းပါသမီးရယ်၊ နင်ဘယ်သူနဲ့ရခဲ့တာလဲ၊ နင်နီမောင်နဲ့ ရည်းစားဘဝရောက်နေကြတယ် မဟုတ်လား၊ လူသူကွယ်ရာမှာ နှစ်ယောက်တည်းချိန်းတွေ့ရင်းနဲ့များ တစ်ခုခုဖြစ်ခဲ့ကြသလား"

"မဖြစ်ပါဘူး အမေရယ်၊ နီမောင်က အဲသည်လိုလူမျိုးလည်း မဟုတ်ဘူး"

"ဒါဖြင့် ဟိုလူယုတ်မာလက်ချက်ပဲ ဖြစ်မှာပဲ၊ တောထဲမှာ သတိမေ့နေတုန်း တစ်ခုခုကြံစည်သွားတာပဲဖြစ်ရမယ်"

ထိုသို့ပြောသောအခါ မြလေးခင်မှာ သူမကိုယ်တိုင်လည်း ဇဝေဇဝါအခြေအနေမျိုးဖြစ်နေသောကြောင့် ငိုနေရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်သောအခြေအနေမျိုး ရောက်နေရှာပေတော့သည်။

မြလေးခင်သတင်းက ဟန်ဆီလုံရွာမှာသာမကဘဲ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး အခြားရွာများကပါ သိကြလေသည်။ ရွာထဲမှာလည်း အချင်းချင်းတွေ့လျှင် ထိုအကြောင်းက ပြောမဆုံးနိုင်အောင် ဖြစ်နေကြလေသည်။

"ရုပ်ရည်ကလေးကလည်းချော၊ အနေအထိုင်လေးက





သည်း သိမ်မွေ့ပါတယ်ဆိုပြီး. . တစ်ရွာလုံးကအထင်ကြီးနေကြတာ၊ လုပ်မယ့်လုပ်တော့ တစ်သက်လုံးခေါင်းမဖော်ဝံ့တဲ့ အဖြစ်မျိုး လုပ်တော့တယ်"

"ဒါပေါ့. . ငါ့သမီးလေးတော်လှ တော်လှလို့ ချီးမွမ်းနေတုန်း ယောက်မမြင်းစီးထွက်လာတာမျိုးပေါ့"

"ဒါနဲ့နေပါဦး၊ အခုမှပေါ်လာရတယ်ဆိုတော့ ဘယ်အချိန်ကတည်းက ဘယ်သူနဲ့ဖြစ်နေတာလဲ"

"ကြားတာကတော့ နီမောင်နဲ့ရည်းစားဖြစ်နေကြတယ်လို့တော့ ကြားတာပဲ၊ ဒါပေမယ့် နီမောင်က ရိုးရိုးအေးအေးနေတတ်တဲ့သူပဲ ဒီလိုတော့ဖြစ်မယ်မထင်ပါဘူး"

"သိပ်လည်း အထင်ကြီးမနေကြပါနဲ့ဟယ်၊ အငွေ့သာရှောင်နိုင်ပေမယ့် အတွေ့ကြတော့ ရှောင်နိုင်ချင်မှရှောင်နိုင်မှာပေါ့၊ အတွေ့အကြုံမရှိရင် သာပြီးဆိုးသေး. . တစ်ခါတွေ့ တစ်ခါဖြစ်တာပဲ"

"ဟဲ့ နင်တို့အရမ်းပြောမနေကြနဲ့၊ နီမောင်နဲ့ဖြစ်တယ်ဆိုရင် အခုလိုအခြေအနေရောက်နေတာ နေပါ့မလား၊ သူလည်း ချစ်နေတာဆိုတော့ တောင်းရမ်းယူမှာပေါ့၊ မိန်းကလေးဘက်ကလည်း နီမောင်နဲ့ ဆိုငြင်းကြမှာမဟုတ်ပါဘူး၊ အခုမဟုတ်လို့သာ နီမောင်တို့ဘက်က ငြိမ်နေတာဖြစ်မှာပေါ့"

"ဒီလိုဆိုရင်တော့ သတင်းကြားတဲ့အတိုင်း ဟိုဘက်ရွာသာ စံနက်ကျော်လက်ချက်ဖြစ်မှာပဲ၊ တစ်ခါတုန်းကလည်း သူတို့နှစ်ယောက်ကို တောထဲမှာတွေ့ခဲ့ကြတယ်၊ အခုတစ်ခါမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ထပ်တွေ့ရပြန်တယ်တဲ့၊ ဒီတစ်ခါတော့ မြလေးခင် သတိတောင်မေ့နေတယ်လို့ပြောတယ်"

"ရှေ့နှစ်ဘက်နင်းချင်တဲ့ မိန်းမ၊ ဒီတစ်ခါတော့ ထိပြီ"

ဟုအချင်းချင်းပြောဆိုနေကြလေတော့သည်။

မမျှော်လင့်ဘဲ ထိုကဲ့သို့သောအခြေအနေဖြစ်လာသော အခါ ကိုယ်နှင့်မဆိုင်ပဲနှင့် အနေရအထိုင်ရခက်နေသူမှာ နီမောင် ပင်ဖြစ်တော့သည်။

သူနှင့်မြလေးခင်တို့နှစ်ယောက်အကြောင်းကို အချို့ သိထားကြသဖြင့် သူ့ကိုမြင်လျှင် မသင်္ကာသောမျက်လုံးဖြင့် အကြည့်ခံရလေသည်။

သို့ကြောင့် ရွာထဲမှာသိပ်မနေဘဲ တောင်သို့သွားလျှင်သွား၊ မဟုတ်လျှင် . . စောထီး၊ ငမဲအောင်တို့နှင့် တောထဲသွားလေသည်။ ထိုနှစ်ယောက်ကတော့ အတွင်းသိအစင်းသိများဖြစ်သောကြောင့် စိတ်ပြေရာပြေကြောင်းဖြစ်စေရန် ဖျောင်းဖျပြောဆိုပေးကြသည်။

"ကိုယ် မဟုတ်ရင်ပြီးတာပဲကွာ၊ ကိုယ်ကောင်းရင်ခေါင်း ဘယ်မှမရွေ့ပါဘူး"

"ငါတို့ စဉ်းစားမရတာ မြလေးခင်ပဲ၊ သူကစည်းနဲ့ကမ်းနဲ့နေတတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ဘာကြောင့်ဒီလိုအဖြစ်မျိုးဖြစ်ရတယ် မပြောတတ်ဘူး"

"တော်ပါတော့ကွာ၊ သူ့အကြောင်းတွေပြောမနေပါနဲ့တော့၊ ဒီကနေ့ကစပြီး သူနဲ့ငါရဲ့ရေစက်ကပြတ်သွားကြပါပြီ"





"မင်း ဒီလိုတော့ မဆုံးဖြတ်သင့်သေးဘူး၊ ကိစ္စတစ်ခုကို အခြေအမြစ်သိအောင်တော့ စုံစမ်းသင့်တယ်၊ ငါထင်တာတော့ မြလေးခင် ဘာမှမသိလိုက်ရပဲ မတရားတဲ့နည်းနဲ့ ကြံစည်ခံရတာလည်း ဖြစ်နိုင်တယ်၊ အဲဒီလိုဆိုရင်တော့ မိန်းကလေးဘက်က အတော့်ကိုနစ်နာမှာပဲ"

"ဟုတ်တယ် နီမောင်ရ၊ ရင်မေတို့ပြောပုံအရ သူတို့သုံးယောက် တညင်းသီးခူးနေတုန်း သရဲခြောက်တယ်ဆိုတာ သွေးသားရှိ ဟုတ်ချင်မှဟုတ်မှာ၊ တစ်ယောက်ယောက်က ကြံစည်တာဖြစ်လိမ့်မယ်"

"ဖြစ်လည်း အခုတော့ပြီးသွားပါပြီ၊ ဘာမှမတတ်နိုင်တော့ပါဘူး"

နီမောင်ကတော့ မြလေးခင်နှင့်ပတ်သက်သော ရည်ရွယ်ချက်များ ပြိုကွဲပျက်စီးသွားပြီဖြစ်သောကြောင့် များစွာစိတ်ပျက်လက်ပျက်ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com 



## အခန်း (၇)

# သရဲမျက်နှာဖုံးရှင် ဘယ်သူလဲ

ကံကောင်းခြင်းသည် တစ်ခါတစ်ရံမှသာ မျက်စိလည်ပြီး တစ်ကြိမ်တစ်ခါ ရောက်လာလေ့ရှိကြသည်။

ကံကြမ္မာဆိုးများကတော့ ထိုသို့မဟုတ်ပေ။

မကြာခဏ ရောက်လာလေ့ရှိပြီး၊ လာပြန်လျှင်လည်း အဖော်အပေါင်းများနှင့် တစ်စုတဝေးလာ ရောက်လေ့ရှိကြပေသည်။

ယခုလည်း. . . မြလေးခင်တို့အိမ်သို့ ပြဿနာများ၊ ကံ



www.burmeseclassic.com

www.burmeseclassic.com

ကြမ္မာဆိုးများက ဆက်တိုက်ဆိုသလို တစ်ခုပြီးတစ်ခု ရောက်လာ၊ ဝင်လာလေတော့သည်။

မြလေးခင်နှင့်ပတ်သက်သော အဖြစ်အပျက်များဖြစ်ပေါ်ပြီး ရက်အတန်ကြာသောအခါ သူတို့အိမ်သို့ ဆိုင်ခွန်ရွာမှ ဧည့်သည်အချို့ ရောက်လာကြလေသည်။

ထိုဧည့်သည်များမှာ ကြိုတင်အကြောင်းကြားထားခြင်းမရှိပဲ ဆိုင်းမဆင့် ဗုံမဆင့်နှင့် ရောက်လာကြခြင်းဖြစ်သည်။

ဆိုင်ခွန်ရွာလူကြီး ဖမုန်းထန်က ဦးဆောင်လာပြီး၊ နတ်ဆရာ ဇာလာပီ၊ ဒေါ်မင်းဇာ၊ စံနက်ကျော်နှင့် ရွာသူရွာသားအချို့လည်း ပါလာကြသည်။

ဦးရွှေမှုံတို့ကတော့ အခြားရွာမှ ဧည့်သည်များဖြစ်သောကြောင့် ကွမ်းဆေးလက်ဖက်တို့နှင့် ဧည့်ခံကြရလေသည်။

"ဘာအတွက် ရောက်လာကြတာပါလဲ"

"တခြားတော့ မဟုတ်ပါဘူးဗျာ သားရေး သမီးရေးကိစ္စအတွက် လာပြောကြတာပါ"

"ဗျာ"

ထိုစကားကြောင့် တစ်အိမ်သားလုံး အံ့သြသွားကြလေသည်။

"ဒီလိုပါဗျာ ကျုပ်ကဆိုင်ခွန်ရာလူကြီး ဖမုန်းထန်ပါ။ လာရတဲ့အကြောင်းရင်းကတော့ ကျုပ်တို့ရွာရဲ့နတ်ဆရာ ဇာလာပီရဲ့တူ စံနက်ကျော်နဲ့ ခင်ဗျားတို့သမီး မြလေးခင်က. . လူငယ်တို့သဘာဝ ငြိစွန်းခဲ့တာလေးတွေ ရှိခဲ့လို့ မိသားဖသားပီပီ တောင်း





ရမ်းလက်ထပ်ဖို့ လာပြောတာပါ"

ထိုစကားကြားသောအခါ ဦးရွှေမှုံမှာ မျက်နှာပျက်သွားပြီး. . . အံကြိတ်ထားကာ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားလေသည်။ ဧည့်သည်များရောက်လာသည်ဆိုသဖြင့် မနီးမဝေးမှ အခြေအနေစောင့်ကြည့်နေသော ရွှေထွန်းကလည်း ထိုစကားကြားသောအခါ မားတပြင်ပြင်ဖြစ်နေလေသည်။

ထိုအခြေအနေကို ရိပ်မိတော့ ဒေါ်မယ်ခင်က ကြားထဲမှ ဝင်ပြောလေသည်။

"အခုလို မိသားဖသားပီပီလာတောင်းတာကိုတော့ ဝမ်းသာပါတယ်ရှင်၊ ဒါပေမယ့် ဒါကကလေးတွေကိစ္စ ဖြစ်နေလေတော့ သူတို့လည်းမေးပါရစေဦး"

ဟုပြောပြီး မြလေးခင်ကို ခေါ်မေးသောအခါ. . ခါးခါးသီးသီးငြင်းဆန်လေသည်။

"သူနဲ့ငြိစွန်းခဲ့တယ်ဆိုတာ လုံးဝမဟုတ်ပါဘူး၊ သူနဲ့ကျွန်မနဲ့ကလည်း ဘာမှဖြစ်ကြတာမဟုတ်ပါဘူး၊ ကျွန်မကတော့ သူကို လုံးဝမယူနိုင်ပါဘူး"

ထိုအခါ စံနက်ကျော်က ဝင်ပြောသည်။

"ဒီလိုမဟုတ်သေးဘူးလေ၊ နင်နဲ့ငါနဲ့ကိစ္စက ငါတို့နှစ်ယောက်ကိစ္စက ငါတို့ပဲသိကြတာလေ၊ နင်အခုလိုဖြစ်နေတာကို မနစ်နာရအောင် ငါကလာပြီးတောင်းရမ်းယူတာပါ"

"တော်စမ်း လူယုတ်မာ၊ နင်ဘယ်လိုယုတ်မာတဲ့အကြံအစည်တွေနဲ့ ငါ့ကိုဒုက္ခပေးခဲ့တယ်ဆိုတာ ငါမသိဘူး၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် နင့်လိုလူယုတ်မာမျိုးကိုတော့ ဘယ်တော့မှမယူ ဘူး"

ဒီတစ်ခါ မျက်စိမျက်နှာပျက်သွားကြသူများကတော့ စံ နက်ကျော်နှင့် အတူပါလာသူများပင် ဖြစ်ကြလေသည်။ မြလေး ခင်အမူအရာကြည့်ပြီး စံနက်ကျော်လည်းဘယ်လို ဆက်ပြော ရမှန်းမသိအောင် ဖြစ်သွားလေသည်။

"နင် စဉ်းစားပါဦး၊ ငါက နင့်အတွက်. . ."

"တော်စမ်း စံနက်ကျော်၊ နင်နဲ့ငါနဲ့ဘာမှဖြစ်ခဲ့ကြတာ လည်းမဟုတ်ဘူး၊ နောက် ငါနင်ကိုလည်း လုံးဝမေတ္တာမရှိဘူး ဒါကြောင့် နင်ပြောတာကို လုံးဝလက်မခံနိုင်ဘူး"

မြလေးခင်စကားကြောင့် စံနက်ကျော်အပါအဝင် အား လုံးပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

"ငါ ဒီလိုဖြစ်နေတာ ဘယ်သူကြောင့်မှ မဟုတ်ဘူး၊ ငါ ကံကြမ္မာကြောင့်ဆိုတာ ငါအသိဆုံးပဲ၊ ဒါကြောင့်. . နင်ပြန်ပေ တော့၊ ငါ့မိဘတွေက လက်ခံပေးရင်တောင် ငါကတော့ နင့်ကို ဘယ်နည်းနဲ့မှ ယူမှာမဟုတ်ဘူး၊ နင့်ကိုယူရမယ်ဆိုရင် ငါ့အ သက်ကို သတ်သေလိုက်မယ်"

သမီးဖြစ်သူစကား ကြားသောအခါ ဦးရွှေမှုံက ခေါင်း ပြန်မော့လာသည်။

"အားတော့နာပါရဲ့ဗျာ၊ ခင်ဗျားတို့ကြားတဲ့အတိုင်းပါပဲ ကျုပ်သမီးက လက်မခံနိုင်ပါဘူးဆိုမှတော့ ခင်ဗျားတို့အေးအေး သာပြန်ကြပါတော့"





ဟုပြောသဖြင့်. . အားလုံးမျက်စိ မျက်နှာပျက်ပျက်နှင့် နေရာမှထကြလေသည်။

သို့သော် အခြေအနေကမပြီးပေ။

၎င်းတို့အိမ်ပေါ်မှဆင်းလာသောအခါ တစ်နေရာမှ အသင့်စောင့်နေဟန်ရှိသော ရွှေထွန်းက ခါးကြားထဲမှာဝှက်ထား သောဓားမြှောင်ကိုထုတ်ပြီး စံနက်ကျော်ကိုပြေးဝင်ထိုးသည်။

"ငါ့အစ်မကို လာပြီးအရှက်ခွဲတဲ့ကောင် သေပေတော့"

ထိုကဲ့သို့ ဓားဖြင့်ထိုးရာ စံနက်ကျော်က လက်ဖြင့်ဖယ် ထုတ်လိုက်သောကြောင့် လက်မောင်းကိုသာ ထိုးမိသွားပြီး လူကို တော့ မထိုးမိလိုက်ပေ။

ထို့နောက်မှာတော့ အနီးပတ်ဝန်းကျင်မှာရှိနေသူများက ဝိုင်းဆွဲထားသောကြောင့် ရွှေထွန်းလည်း ထပ်မထိုးသာတော့ပေ။ စံနက်ကျော်က လက်မောင်းမှထွက်လာသော သွေးများကို လက် ဖြင့် အုပ်ထားရင်းနှင့်. . .

"မင်းက ငါ့ကို သေကြောင်းကြံတယ်ပေါ့လေ၊ ဒီတော့ လည်း စံနက်ကျော်အကြောင်း သိရစေမပေါ့ကွာ၊ ဒီရက်တွေမှာ ထမင်းဝအောင်သာ စားထားပေတော့ဟေ့"

ဟု အော်ဟစ်ပြောဆိုရင်းနှင့် အတူပါလာသော အဖော် များက အတင်းခေါ်သွားရာနောက်သို့ ပါသွားလေတော့သည်။ ထိုအခြေအနေကိုမြင်သောအခါ စံနက်ကျော်တို့မိသားစုအခြေ အနေကို သိသောလူများက သတိပေးကြသည်။

"သူနဲ့အတူပါလာတဲ့ သူ့အဘွားရော၊ သူ့ဦးလေးပါ စုန်း


www.burmeseclassic.com

www.burmeseclassic.com

ကဝေ ပညာတတ်တဲ့သူတွေချည်းပဲ၊ နတ်ဆရာကလည်း ပယော ဂအတော်နိုင်တယ်လို့ ပြောကြတယ်. . မင်းမပေါ့နဲ့"

"ဟုတ်တယ် ရွှေထွန်း၊ မင်းက ပဒ္ဒအုံကို တုတ်နဲ့သွားထိုး လိုက်သလိုဖြစ်နေပြီ၊ သွားတာလာတာ. . စားတာသောက်တာ တော့ သတိထားဟေ့"

ဟု ပြောဆိုသတိပေးကြလေသည်။

"အိုဗျာ. . ကိုယ့်အိမ်ပေါ် လာပြီး၊ ကိုယ့်အစ်မကို စော် ကား မော်ကားပြောတဲ့လူတွေကို ဒီအတိုင်းကြည့်နေရမတဲ့လား ဒီတစ်ခါ ဒီလောက်နဲ့ပြီးသွားပေမယ့်၊ နောက်တစ်ခါများ တွေ့လို့ ကတော့ အသေသတ်ပစ်မယ်"

ရွှေထွန်းကတော့ လူငယ်လူရွယ်ဖြစ်သောကြောင့်. . ဘာကိုမှ ကြောက်ရွံ့မှုမရှိပဲ စိတ်ထဲရှိတဲ့အတိုင်း ပြောဆိုနေလေ သည်။

ထိုအဖြစ်အပျက်များဖြစ်ပြီးနောက် တစ်ပတ်ခန့်ကြာ သောအခါ ရွှေထွန်းတစ်ယောက် အန္တရာယ်နှင့် စတင်တွေ့ရ လေသည်။

တောစပ်၌ရှိသော တောင်ယာခင်းထဲမှာ အလုပ်လုပ် နေစဉ် သစ်ပင်များကြားမှ သူအလုပ်လုပ်နေသောနေရာဘက်သို့ ရပ်ကြည့်နေသည့်. . . သရဲမျက်နှာဖုံးတပ်ထားသော လူတစ် ယောက်ကို လှမ်းမြင်ရလေသည်။

သူနှင့်အတူတူ အလုပ်လုပ်နေသူအချို့က လှမ်းမြင်သ ဖြင့်ပြောသည်။





"ရွှေထွန်း၊ ဟိုတောစပ်မှာ သရဲမျက်နှာဖုံးတပ်ထားတဲ့ လူတစ်ယောက် ငါတို့ကိုကြည့်နေတယ်"

ရွှေထွန်းလှည့်ကြည့်တော့ သစ်ပင်များ နောက်ဘက်မှာ ရပ်နေသူကို မြင်ရသည်။

"မင်းကို လာချောင်းနေတာများလား"

"ချောင်းပေစေ၊ အနားရောက်လာလို့ကတော့ ဘယ်သူ ပဲဖြစ်ဖြစ်၊ ဓားနဲ့တွေ့မယ်"

ဟု ပြောဆိုကြိမ်းမောင်းနေလေသည်။

ရွှေထွန်းက အသက်အရွယ်ငယ်သော်လည်း. . သတ္တိ ကောင်းသူဖြစ်သည်။

ဘာမဆို စိတ်မြန်ကိုယ်မြန်လုပ်ဝံ့သူလည်းဖြစ်သည်။

နောက်ရက်များမှာလည်း အလုပ်သွားလုပ်သည့်နေရာ နှင့် မနီးမဝေးမှာ သူ့ကိုစောင့်ကြည့်နေဟန်ရှိသော သရဲမျက်နှာ ဖုံးနှင့်လူကို တွေ့ရပြန်သည်။

သို့သော်လည်း ဂရုမစိုက်ဘဲ. . သူလုပ်ရမည့်အလုပ်ကို သာ လုပ်နေလေသည်။

သွားလေရာမှာတော့ အဖော်အပေါင်းနှင့် သွားလာလေ့ ရှိပြီး ခါးထဲမှာဓားမြှောင်တစ်ချောင်းနှင့် ဆောင်ဓားတစ်လက်ကို တော့ သွားလေရာယူဆောင်သွားလေ့ရှိသည်။

တောထဲသွားသောအခါမှာလည်း နောက်မှခြေသံကြား သဖြင့်လှည့်ကြည့်လိုက်လျှင် သရဲမျက်နှာဖုံးတပ်ထားသော လူကို တွေ့ရသည်။

www.burmeseclassic.com

ထိုသို့မြင်သဖြင့် နောက်မှလိုက်ရှာကြည့်တော့လည်း . . မတွေ့ရပေ။

ထိုနေ့က မိုးအုံ့နေသည်။

နံနက်ပိုင်းအချိန်က မင်္ဂလာဆောင်တစ်ခုမှ ကျွေးသေ ဝက်သားဟင်းနှင့် ထမင်းစားခဲ့ပြီးနောက် ဗိုက်နာသဖြင့် ရွှေထွ တစ်ယောက်ယာထဲကိုပင် မသွားနိုင်ပေ။

ဝမ်းသွားနေသောကြောင့် မကြာခဏ အိမ်သာပြေ တက်နေရလေသည်။

အိမ်သာက အိမ်အနောက်အတော်ဝေးသော တော နားမှာရှိသည်။

ညဉ့်ဦးပိုင်း တစ်ခါနှစ်ခါ ဝမ်းသွားပြီးဆေးသောက်ထာ သဖြင့် သက်သာမှုရသဖြင့် အိပ်လေသည်။

တစ်ရေးနိုးတော့မှ ဗိုက်ထဲကနာလာပြန်သောကြော မီးတစ်လက်ကိုင်ပြီး အိမ်သာသွားရပြန်လေသည်။

အပြင်ဘက်မှာလရောင်ရှိပြီး ကောင်းစွာမြင်နေရသေ ကြောင့် မီးအိမ်ကိုပင် မယူခဲ့တော့ပေ။

စံနက်ကျော်နှင့် ပြဿနာဖြစ်ပြီးကတည်းက သွားသေ ရာယူသော ဆောင်မီးတစ်လက်ကတော့ ပါလာသည်။

အိမ်သာပေါ်ရောက်နေစဉ် ခွေးအူသံ၊ ခွေးဟောင်သံ များကြားရသည်။

သို့ကြောင့် မြန်မြန်လက်စသတ်ပြီး ထရန်ကြိုးစားသေ လည်း ဗိုက်ထဲက ရစ်ကာရစ်ကာ ထပ်နာနေပြန်သဖြင့် ထ၍မ





ပြန်ပေ။ အတန်ကြာတော့ ခွေးအူသံများက အတော်နီးလာ သည်။ အိမ်သာအနောက်ဘက် တောစပ်မှ ခြေသံလိုလို၊ တော ိုးလာသံလိုလိုအသံမျိုး ကြားရလေသည်။

ထိုအသံကြားမှ သရဲမျက်နှာဖုံးတပ်ထားသောလူကို သတိရလိုက်လေသည်။

သူသွားလေရာ တကောက်ကောက်လိုက်ချောင်းနေ သောသရဲမျက်နှာဖုံးနှင့် လူများလိုက်လာလေရော့သလား။

ထိုအတွေးဝင်လာသည့်နှင့် ဝမ်းသွားချင်စိတ်ပင်ပျောက် သွားသည်။ သို့ကြောင့် လက်စသတ်လိုက်ပြီး နေရာမှထသည်။

ထိုအချိန်မှာပင် ခြေသံကအိမ်သာနံဘေးသို့ ရောက်လာ သည်။ ရွှေထွန်းစိတ်ထဲမှာသရဲခြောက်နေသည်ဟု ထင်လိုက် သည်။ သူက သရဲမကြောက်တတ်ပေ။

မီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး အိမ်သာပေါ်မှ ဆင်းလိုက်သောအခါ သူ့ရှေ့မှာ မားမားမတ်မတ်ကြီးရပ်နေသူ တစ်ယောက်ကို တွေ့ရသည်။

သရဲမျက်နှာဖုံး တပ်ထားသူပင်ဖြစ်သည်။

သရဲမျက်နှာဖုံးမှာ ယခုကဲ့သို့ ညအချိန်မြင်ရလျှင် ပိုပြီး ခြောက်စရာကောင်းသည်။

အနီ၊ အနက်၊ အဖြူ၊ အကြောင်းအကျားတို့ဖြင့် သရဲ မျက်နှာလို ရေးခြယ်ထားသော မျက်နှာဖုံးမှာ အမှောင်ထဲမှာမြင် ရလျှင် သရဲတစ်ကောင်နှင့် ပိုပြီးတူလာလေသည်။

ရှေ့မှာရပ်နေသော သရဲမျက်နှာဖုံးနှင့်လူကို မြင်တော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေထွန်းကမေးလိုက်သည်။

"မင်းကသတ္တိမရှိလို့ သရဲမျက်နှာဖုံးတပ်ပြီး ငါ့နောက်က တကောက်ကောက်လိုက်ချောင်းနေတာလား"

ထိုသို့မေးသော်လည်း တစ်ခွန်းမှ ပြန်မပြောပဲ ရပ်မြဲရပ်နေလေသည်။

"လမ်းဖယ်မလား၊ မဖယ်ပေးဘူးလား"

ထိုသို့ပြောလိုက်တော့ သရဲမျက်နှာဖုံးနှင့်လူက ရှေ့တိုးလာသည်။

ရိုးရိုးတိုးလာခြင်းမျိုးမဟုတ်ပဲ လက်နှစ်ဖက်ကိုရှေ့သို့ ဆန့်တန်းပြီး တိုးလာခြင်းဖြစ်သည်။

ရွှေထွန်းအတွက် ရွေးချယ်စရာမရှိတော့ပေ။

သူ့ရှေ့ရောက်လာသူကို လက်ထဲမှဓားဖြင့် ပြေးခုတ်လေသည်။

"ဒုတ်. . ဒုတ်. . ဒုတ်. . "

ဓားသွားက ကိုယ်ပေါ်သို့ ထိသွားသည်။

မြနေအောင် သွေးထားသဖြင့်လည်း မပြတ်မှာမပူရပေ။

ကိုယ်ပေါ်မှာ ဓားချက်ထိသွားသော်လည်း ရပ်တန့်မသွားပေ။ ရှေ့သို့ရောက်လာပြီး လက်နှစ်ဖက်ဖြင့် ရွှေထွန်းလည်ပင်းကို ဆုတ်ကိုင်လိုက်သည်။

သန်မာသောလက်နှစ်ဖက်ဖြင့် လည်ပင်းအညှစ်ခံရသဖြင့် အတင်းရုန်းလေသည်။

ဓားကလွတ်ကျသွားသည်။





ဝူးဝူးဝါးဝါးအော်ရင်းနှင့် ရုန်းကန်သော်လည်း မရတော့ဘဲ. . မျက်နှာဖုံးစွပ်ထားသူက သူ့လည်ပင်းကို လှန်ချိုးလိုက်လေတော့သည်။

ရွှေထွန်းအော်သံက အနီးဝန်းကျင်မှ ခွေးဟောင်သံများဖြင့် ရောသွားလေသည်။

နောက်တော့ ဦးရွှေမှုံက အိပ်ရာမှနိုးလာပြီး အပေါ့အပါးသွားရန် အိမ်သာဘက်ထွက်လာတော့ လမ်းပေါ်မှာ လဲကျနေသော ရွှေထွန်းကိုတွေ့ရလေသည်။

ထို့ကြောင့် အိမ်ထဲမှလူများကို နှိုးပြီး မီးအိမ်များနှင့် ကြည့်သောအခါ လက်ထဲမှာသရဲမျက်နှာဖုံးတစ်ခုကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားလျက်နှင့် အသက်ပျောက်နေသော ရွှေထွန်းအလောင်းကို တွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com 



# အခန်း (၈)

# အစိမ်းသေနှင့် စလေ့ဆန်းများ

အချိန်က နံနက်ပိုင်းအချိန်သာရှိသေးသည်။ ဖယ်နောင်မြို့ကလေးမှာရှိသော ဂါတ်တဲအတွင်းသို့ လူတစ်စုဝင်လာကြလေသည်။

ရွာလူကြီး ဦးထန်ဖုန်းရှိန်ခေါင်းဆောင်လာသော ဟန်ဆီလုံရွာမှ လူများပင်ဖြစ်သည်။

ရွာလူကြီး ဦးထန်ဖုန်းရှိန်၊ ဦးရွှေမှုံနှင့် နီမောင်လည်း ပါလာသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

အထုပ်အပိုးများသယ်လာသော ရွာသူရွာသားအချို့တ
တော့ ဂါတ်တဲအပြင်ဘက်မှာ ရပ်ကျန်ခဲ့ကြလေသည်။

ဂါတ်တဲဝန်းတစ်ခုလုံးကို သစ်သားတိုင်များ စိုက်လျှ
သံဆူးကြိုးများဖြင့် ဝန်းခတ်ထားသည်။

အတွင်းမှာတော့ သစ်၊ ဝါး၊ ဓနိများဖြင့် ဆောက်ထာ
သော အဆောက်အအုံကြီးများရှိသည်။

အင်စပက်တော် ဦးမင်းဒင်ရုံးထိုင်သော အဆောက်အ
အုံ၊ အချုပ်သားများ ချုပ်နှောင်ထားသော အဆောက်အ
ပုလိပ်နှင့် စာရေးစာချီများနေရန် ဆောက်လုပ်ထားသော အ
ဆောက်အအုံများ ရှိလေသည်။

အင်စပက်တော်ဦးမင်းဒင်မှာ အသက်ငါးဆယ်ကျေ
ခန့်သာရှိသေးပြီး အရက်နှင့်ဆေးပြင်းလိပ်ကို ကြိုက်နှစ်သက်သ
ဖြစ်သည်။

အရက်ထွေလာလျှင် တရားခံများကို အရိုက်ကြမ်းသော
ကြောင့်. . .

'လက်ဝါးမင်းဒင်' ဟူ၍သော်လည်းကောင်း. . .

'ခမောက်ပြန်မင်းဒင်' ဟုသော်လည်းကောင်း သူ့ကွယ
ရာမှာ နာမည်ပေးထားကြသည်။

တရားခံတစ်ယောက်ကို လက်ဝါးဖြင့် ရိုက်သည်ပင် အ
ဆုတ်ကွာအောင်. . . သွားကျွတ်ထွက်အောင် အရိုက်သန်သော
ကြောင့် 'လက်ဝါးမင်းဒင်' ဟူ၍ ခေါ်ကြသည်။

သူ့လက်ဖြင့် အရိုက်ခံရလျှင် သွေးအန်ပြီးသေတာမျိုး





ဖြစ်သဖြင့်. . တရားခံမှာ ပြန်မလာတော့ဘဲ ဆောင်းသွားသော ခမောက်သာပြန်သွားရသဖြင့် 'ခမောက်ပြန်မင်းဒင်' ဟူသော ဝိသေသများတပ်ကာ ခေါ်ဝေါ်ကြခြင်းဖြစ်ပေသည်။

အင်စပက်တော် ဦးမင်းဒင်ကသာ ကြမ်းသည်မဟုတ်ပေ၊ သူ့လက်အောက်မှာရှိကြသော ဂါတ်စာရေးကြီးသန်းရွှေနှင့် ဆားပုလင်းမောင်ရစ်တို့ကလည်း အပြောအဆို အနေအထိုင် ကြမ်းကြသူများဖြစ်သည်။

တရားခံများကို နှိပ်စက်သည့်နေရာမှာ အတွဲညီကြသူများပင် ဖြစ်ကြလေသည်။

ခေတ်ကာလအခြေအနေကလည်း တိုင်းပြည်အခြေအနေက ရှုပ်ထွေးနေသော်အချိန်ဖြစ်သဖြင့်. . အုပ်ချုပ်သူများကလည်း ထိုနေရာမျိုးအထိ ဆင်းမကြည့်နိုင်ကြပေ။

ထို့ပြင် ဖယ်နောင်လို သွားရေးလာရေးခက်ပြီး ခေါင်လှသောနေရာမျိုးကို အခြားပုလိပ်များက မလိုလားကြပေ။

ထို့ကြောင့်လည်း ဦးမင်းဒင်လိုလူများကို စေလွှတ်ပြီး အုပ်ချုပ်ခိုင်းထားရခြင်းဖြစ်သည်။

လက်ရှိအခြေအနေမှာတော့ ဖယ်နောင်မြို့အပါအဝင် ထိုတစ်နယ်လုံးမှာ အင်စပက်တော် ဦးမင်းဒင်၏ အာဏာစက် အောက်၌သာ ရှိပေသည်။

သူသေဆိုလျှင်သေ. . . ။

ဘယ်လိုအမှုအခင်းမျိုးမဆို. . သူ ပြီးဆိုလျှင်ပြီးရသေ သည်။ ဦးမင်းဒင်က သဘောထားဆိုးသော်လည်း သူနှင့်အဆင်



www.burmeseclassic.com

www.burmeseclassic.com

ပြောသူများအပေါ်မှာတော့ ကောင်းသည်။

ထိုအထဲတွင် ဟန်ဆီလုံ့ရွာလူကြီး ဦးထန်ဖုန်းရှိန်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

ဦးထန်ဖုန်းရှိန်က အပေးအကမ်းရက်ရောသဖြင့် အား လုံးနှင့်တော့ အဆင်ပြေသည်။

ဂါတ်တဲအတွင်းသို့ ဦးထန်ဖုန်းရှိန်က ခေါင်းဆောင်ဝင် လာပြီး ၎င်းနောက်မှာ ဦးရွှေမှုံနှင့် နီမောင်တို့ပါလာသည်။

သူတို့ဝင်လာတာမြင်တော့ အပြောအဆိုကြမ်းသော စ ရေးကြီးသန်းရွှေကပင် ကွမ်းသွေးများဖြင့် နီရဲနေသောသွားမျာ ပေါ်အောင်ပြုံးပြီး နှုတ်ဆက်သည်။

"ဟာ. . ဦးထန်ဖုန်းရှိန်တို့ပါလား၊ ဘာကိစ္စရှိလို့ ရောက် လာကြတာလဲ ထိုင်ကြဗျား"

ဟု ပြောသဖြင့် ဦးထန်ဖုန်းရှိန်က စားပွဲရှေ့မှာရှိသော ကုလားထိုင်မှာ ဝင်ထိုင်ပြီး နီမောင်တို့ကတော့ နံဘေးမှရှိသော ခုံတန်းလျားမှာ ဝင်ထိုင်ကြလေသည်။

"ကျုပ်တို့ရွာမှာ လူသတ်မှုတစ်ခုဖြစ်နေလို့ စာရေးကြီးနဲ့ အဲဒါတိုင်ချက်ဖွင့်ချင်လို့ပါ. . နောက်ပြီး အင်စပက်တော်မင်း လည်း တွေ့ချင်ပါသေးတယ်"

"တွေ့ရမှာပေါ့ဗျာ. . ကျုပ်စီစဉ်ပေးပါ့မယ်"

ဟုပြောရာ ဦးထန်ဖုန်းရှိန်က အသင့်ထုပ်ယူလာသော ငွေထုပ်ကို စားပွဲပေါ်တင်ပေးလိုက်သည်။

"အချင်းချင်းတွေပဲဗျာ ကိစ္စမရှိပါဘူး"





စာရေးကြီးက ပါးစပ်မှသာ ကိစ္စမရှိပါဘူး ဟုပြောသော် လည်း စားပွဲပေါ်မှငွေထုပ်ကိုတော့ ယူ၍ အံဆွဲထဲသို့ထည့်လိုက် လေသည်။

"ကဲ. . . တိုင်ချက်ဖွင့်တာတော့ ကျုပ်လုပ်ပေးပါ့မယ်၊ ဆရာကြီးနဲ့ အရင်တွေ့ပြီး အကျိုးအကြောင်း ဝင်ပြောလိုက်ကြ အုံး"

ထိုသို့ပြောပြီး သူကိုယ်တိုင် ဦးမင်းဒင်ရှိသော ရုံးခန်းထဲ သို့ခေါ်သွားပေးသည်။

ဦးမင်းဒင်က ဦးထန်ဖုန်းရှိန်တို့ ဝင်လာမှန်းသိသော် လည်း အရေးကြီးနေသော အမှုအရာဖြင့်. . ဖိုင်တစ်ခုကို လှန် ကြည့်နေလေသည်။

ပြီးမှ မော့ကြည့်သည်။

"အော် ဦးထန်ဖုန်းရှိန်တို့ပါလား၊ ထိုင်ကြဗျာ. . ဒီမှာ အလုပ်တွေက များလိုက်တာ ယားလို့တောင် မကုတ်အားပါဘူး"

ဟုပြောပြီး ဖိုင်တွဲကို စားပွဲပေါ် ချကာ ကိုယ်ကိုပြင်ထိုင် သည်။ ၎င်းကိုယ်မှ အရက်နံ့၊ ဆေးပြင်းလိပ်နံ့များ ထွက်နေပြီး မျက်လုံးက နီရဲနေသည်။

ဦးထန်ဖုန်းရှိန်တို့ အပြင်ဘက်မှာ ရောက်နေသည်သိ တော့မှ အိပ်နေရာမှ ကပျာကယာ ထလာခြင်းဖြစ်သည်။

ဦးထန်ဖုန်းရှိန်က အကျီအိတ်ထဲမှ အသင့်ထုပ်ယူလာ သော ငွေထုပ်ကို ဦးမင်းဒင်ရှေ့သို့ ချပေးလိုက်သည်။

စောစောက စာရေးကြီးပေးသော အထုပ်ထက်ပိုကြီး



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဒါ ဆရာကြီးအတွက်လက်ဆောင်ပါ၊ အမြင်ဘက်မှာလည်း စားဖို့သောက်ဖို့ပစ္စည်းတွေ ပါလာပါသေးတယ်၊ ဆရာကြီးကြိုက်တဲ့ အရက်ကောင်းကောင်း၊ အမဲခြောက်၊ ပျားရည်၊ ကြက်ဥနဲ့ ခြံထွက်ငှက်ပျောခိုင်တွေလည်း ယူလာခဲ့သေးတယ်"

"ရပါတယ်ဗျာ. . ကိုယ့်လူတွေပဲ အကြောင်းကိစ္စရှိရင်တော့အကူအညီပေးရမှာပေါ့၊ အခုဘာကိစ္စရှိလို့ လာကြတာလဲ"

"ဟောဒီက ကျုပ်မိတ်ဆွေ ဦးရွှေမှုံရဲ့သား ရွှေထွန်းညက အသတ်ခံရလို့ပါ၊ အဲဒါ ဆရာကြီးတို့ဆီမှာ တိုင်ချက်လာဖွင့်တာပါ"

"သတ်တဲ့တရားခံရော သိသလား၊ ဘယ်လိုအကြောင်းကြောင့်သတ်တာလဲ"

"သတ်တဲ့သူက ဆိုင်ခွန်ရွာက စံနက်ကျော်ပါ၊ သူတို့ချင်းက ရန်ငြိုးရန်စကလေးတွေရှိကြတယ်"

ဦးထန်ဖုန်းရှိန်က ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်လေသည်။

"သူသတ်တယ်ဆိုတာ ဘယ်သူမြင်သလဲ"

ထိုအခါ မနီးမဝေးမှာ ထိုင်နေသော ဦးရွှေမှုံကဝင်ပြောသည်။

"ကျုပ်သားအော်သံကြားတော့ ကျုပ်ထွက်ကြည့်တော့ စံနက်ကျော်ထွက်သွားတာ မြင်လိုက်ရပါတယ်၊ ကျုပ်တို့မိသားစုမှာ နှစ်ခါနာတဲ့အဖြစ်မျိုး ကြုံနေရပါတယ် ဆရာကြီးရယ်"





"ဘယ်လိုနာတာလည်းဗျ ရှင်းအောင်ပြောပြပါဦး"

"ပြောရမှာ ရှက်ဖို့လည်းကောင်းပါတယ်၊ ကျုပ် သမီးလေးကိုလည်း တောထဲမှာ သူဖျက်ဆီးလိုက်လို့ အခု ကိုယ်လေးလက်ဝန်ရှိတဲ့ဘဝမျိုး ရောက်နေရပါတယ်၊ ဒါကိုမောင်ဖြစ်တဲ့ ရွှေထွန်းကသိသွားတော့. . တလောကစံနက်ကျော်နဲ့ ရန်ဖြစ်ကြသေးတယ်"

"ဆက်ပြောပါဦး"

"နောက် သုံးလေးရက်ပဲကြာတယ်၊ ရွှေထွန်းအခုလိုအသတ်ခံရတာပါပဲ၊ ကျုပ်တို့ကိုကယ်ပါဦး ဆရာကြီးရယ်"

ဦးရွှေမှုံက အသံကတုန်ကယင်ဖြင့် ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်လေသည်။

"ဒါထက် ခင်ဗျားသမီးကို စံနက်ကျော်ဖျက်ဆီးတာကော မြင်တဲ့တွေ့တဲ့လူ ရှိသလား"

"ရှိပါတယ်၊ တောထဲက ပြန်လာတဲ့ရွာသားတွေအတော်များများ တွေ့လိုက်ရပါတယ်"

"ဒီလိုဆိုရင်တော့. . . လူသတ်မှုကြောင့် မဟုတ်ရင်တောင်မှ မုဒိမ်းမှုကြောင့် ဖမ်းလို့ရနေပြီ၊ ကဲ ဘာမှစိတ်မပူနဲ့တော့ ခင်ဗျားတို့ စာရေးကြီးဆီမှာ အမှုဖွင့်ကြ၊ ပြီးရင် အလောင်းစစ်ဖို့ ပုလိပ်သုံးယောက်နဲ့ ဆားပုလင်းတစ်ယောက် ကျုပ်ထည့်ပေးလိုက်မယ်၊ သူတို့ပြန်တော့ စံနက်ကျော်ကို တစ်ခါတည်း ဝင်ဖမ်းပြီး ခေါ်လာကြလိမ့်မယ်"

ဟုပြောရာ. . ပြောသည့်အတိုင်း အမှုဖွင့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးသောအခါ ဆားပုလင်းမောင်ရစ်နှင့် ပုလိပ်သုံးယောက်တို့ကို တစ်ပါတည်းထည့်ပေးလိုက်သဖြင့် ရွာသို့ပြန်လာကြလေသည်။

သူတို့ရွာသို့ ပြန်ရောက်တော့ နေ့လယ်ပိုင်းအချိန်ကျော်နေပြီ။ ပုလိပ်များ သွားရောက်အကြောင်းကြားနေသောကြောင့် ရွှေထွန်းအလောင်းကိုတော့ အိမ်သာရှေ့နားမှာပင် ထားကြလေသည်။ အပေါ်မှ စောင်ကြမ်းတစ်ထည်ဖြင့် အုပ်ထားသည်။

ဆားပုလင်းမောင်ရစ် ခေါင်းဆောင်သော ပုလိပ်များက ရောက်သည်နှင့် အလောင်းကို ဝတ်ကျေတမ်းကျေလောက်သာ စစ်ဆေးကြည့်ကြသည်။

ထို့နောက် ဦးရွှေမှုံတို့ ပေးသောငွေကိုယူ၊ ကျွေးမွေးသောအရက်နှင့် အစားအသောက်များကို စားသောက်ကြပြီးနောက် မွန်းလွဲပိုင်းအချိန်ရောက်သောအခါ စံနက်ကျော်ကို ဖမ်းဆီးရန်အတွက်. . ဆိုင်ခွန်ရွာဘက်သို့ ထွက်သွားကြလေတော့သည်။

ထိုအခါမှ နီမောင်ခေါင်းဆောင်သော လူငယ်လူရွယ်များက အလောင်းနှင့်သက်ဆိုင်သော လုပ်ရန်ရှိသည်များကို လုပ်ပေးကြရသည်။

ရွှေထွန်းသေဆုံးခြင်းမှာ ရိုးရိုးသေဆုံးခြင်းမျိုးမဟုတ်ဘဲ တစ်စုံတစ်ယောက်၏ လက်ချက်ကြောင့် သေဆုံးရခြင်းဖြစ်သောကြောင့် 'အစိမ်းသေ' ဟုသတ်မှတ်သည်။

အစိမ်းသေ သေသူကို သင်္ဂြိုဟ်ရာမှာ အခြားရိုးရိုးသေသူများကို သင်္ဂြိုဟ်သည်နှင့်မတူဘဲ ကွဲပြားမှုရှိသည်။





ထိုကိစ္စကို 'စမူ' ဟုခေါ်သော နတ်ဆရာက ဦးဆောင်ဦး ပြုလုပ်ပေးရလေသည်။

ဟန်ဆီလုံရွာမှ ပယောဂကုသော စမူနတ်ဆရာမှာ ဦးနန်နောင်ဖြစ်သဖြင့် သူ့ကိုခေါ်ပြီးအပ်နှံရသည်။

အစိမ်းသေခြင်း. . "လူးပရန်"သည် သေနတ်ထိမှန်၍ သေခြင်း၊ ဓါးနှင့်ခုတ်မိ၍ သေခြင်း၊ မြွေကိုက်၊ ကျားကိုက်၍ သေခြင်း၊ မီးမဖွားနိုင်၍ သေခြင်း၊ ကိုယ်ဝန်ရှိစဉ် သေခြင်း၊ မီးဖွားပြီးတစ်လမပြည့်ခင် ကလေးသေခြင်းများသည် အစိမ်းသေသည်ဟု သတ်မှတ်ကြသည်။

မွေးပြီးတစ်လမပြည့်ခင် သေဆုံးသည့် ကလေးများသေဆုံးမှုကို အစိမ်းသေဟု သတ်မှတ်သော်လည်း ရိုးရိုးသေသူများ၏ သင်္ချိုင်းတွင် မြှုပ်နှံသည်။

ထိုကလေးသည် တစ်လမပြည့်မီသေဆုံးသည့်အတွက် အသုဘပွဲ ပြုလုပ်ပေးရန်မလိုချေ။

အစိမ်းသေသူများမြှုပ်နှံရာ သင်္ချိုင်းသည် ရိုးရိုးသေဆုံးသူများ၏သင်္ချိုင်းနှင့် မနီးမဝေးတွင် သီးခြားသတ်မှတ်ပေးထားသည်။

အစိမ်းသေသူများ၏ အသုဘပွဲတွင်. . ရိုးရိုးသေသူအတိုင်း ပြုလုပ်ပေးရသည်။

မြှုပ်နှံသည့်အခါတွင်. . သီးခြားသတ်မှတ်ထားသည့် သင်္ချိုင်းမြေတွင် မြေကျင်းတူး၍ မြှုပ်နှံရသည်။

အသုဘအခေါင်းကို ရိုးရိုးသေသူအတိုင်း ထမ်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



မြေကျင်းအနီးတွင် ချထားရသည်။

အစိမ်းသေသူများသည် သဘာဝနိယာမအတိုင်း သေဆုံးခြင်းမဟုတ်သဖြင့် ၎င်း၏လိပ်ပြာသည် ရိုးရိုးသေဆုံးသူနှင့် ပေါင်းစပ်နိုင်ခြင်းမရှိဘဲ . . အဖော်မဲ့စွာဖြင့် သစ်ပင်ပေါ်တွင်လည်းကောင်း၊ လေထဲတွင်လည်းကောင်း ခိုကိုးရာမဲ့ ဝဲပျံရပ်နားနေရသည်ဟု ယူဆကြသည်။

အစိမ်းသေသူ၏ လိပ်ပြာကို ရိုးရိုးသေဆုံးသူ၏ လိပ်ပြာနှင့်တကွပေါင်းစပ်၍ အတူနေထိုင်နိုင်ရန် ဆွေမျိုးများမှ သေသူ၏အလောင်းကို မြေကြီးထဲမမြှုပ်ခင် လိပ်ပြာကို ပြန်ခေါ်ပေးရသည်။

ထိုသို့ လိပ်ပြာကို ပြန်ခေါ်မပေးလျှင် ဆွေမျိုးထဲပြန်ကပ်၍ နောက်ထပ်အစိမ်းသေတတ်သည်ဟု ယူဆသည်။

နားလည်ကျွမ်းကျင်သည့် နတ်ဆရာက အခေါင်းမြှုပ်ရန် ကျင်းအနီးမြေပေါ်တွင် ပေါက်ပြားပေါင်းတစ်ခု ချထားရသည်။

၎င်းပေါက်ပြားနှင့် မနီးမဝေးတွင် ဝါးကိုင်းတစ်ခုစိုက်ထားရသည်။ ဝါးကိုင်းထိပ်ပိုင်းအဖျားတွင် အပ်ချည်မျှင်အဖြူတစ်မျှင်ချည်ထားရသည်။

ထိုအပ်ချည်မျှင် အဖြူအောက်ပိုင်းအဖျားတွင် . . သံချောင်းငယ်တစ်ချောင်း ချည်ထားရသည်။ ဝါးကိုင်းကို ပေါက်ပြားပေါ်သို့ ညွတ်ကိုင်းလာစေရန် ပြင်ဆင်ပေးရသည်။

ချည်မျှင်အဖြူအောက်ပိုင်းအဖျားတွင် ချည်ထားသည့်





သံချောင်းငယ်သည်ပေါက်ပြားနှင့် တစ်ထွာခန့်အကွာအဝေးတွင် ရှိနေစေရန်ပြုလုပ်ရသည်။

နတ်ဆရာသည် ဓါးတစ်လက်ဖြင့် ပေါက်ပြားအနီးတွင် ထိုင်နေရသည်။

သေဆုံးသူ၏လိပ်ပြာကို ဆွေမျိုးမှလည်းကောင်း၊ သေဆုံးသူ၏ သူငယ်ချင်းမှလည်းကောင်း အော်ခေါ်ရသည်။

ထိုအခါ သေဆုံးသူ၏လိပ်ပြာသည် ကြားရာအရပ်မှနေပြီး ဝါးကိုင်းအဖျားတွင် ချည်ထားသည့် ချည်ဖြူမှ တစ်ဆင့်အလောင်းမြှုပ်နှံရန် ကျင်းထဲသို့ဆင်းလာသည်ဟု ယူဆကြသည်။

လိပ်ပြာခေါ်သည့်အခါ ဆင်းလာသည်အထိ စောင့်ပြီးအော်ခေါ်ရသည်။

လိပ်ပြာဆင်း,မဆင်း သိသာရန် အပ်ချည်ဖြူအဖျားတွင် ချည်ထားသည့် သံချောင်းငယ်ကို ဂရုစိုက်ကြည့်ရသည်။

သေဆုံးသူ၏ လိပ်ပြာရောက်လာလျှင် အလောင်းမြှုပ်နှံရန် ကျင်းအနီးရှိ သစ်ပင်များက လေတိုက်၍ လှုပ်ရှားလာသည်။

သစ်ပင်မှတဆင့် လိပ်ပြာသည်ဝါးကိုင်းပေါ်သို့ ရောက်ရှိလာပြီး ဆက်လက်ဆင်းလာသည့်အခါ ဝါးကိုင်းသည် အောက်ဘက်သို့ ညွတ်ကျလာသည်။ သံချောင်းငယ်သည် အောက်သို့ နိမ့်လာပြီး ပေါက်ပြားနှင့်ထိသွားသည်။

ထိုအခါ နတ်ဆရာက သံချောင်းချည်ထားသည့် ချည်



www.burmeseclassic.com

www.burmeseclassic.com



မျှင်ကို ဓါးဖြင့်တစ်ချက်တည်းပြတ်အောင် ခုတ်ဖြတ်ရသည်။

ချည်မျှင်ပြတ်သွားလျှင် သေဆုံးသူ၏ လိပ်ပြာသည် မြေပေါ်သို့ ရောက်ရှိသွားပြီဟုယူဆကာ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရသည်။

အကယ်၍ ချည်မျှင်အဖြူကို ဓါးဖြင့်ခုတ်ဖြတ်ရာတွင် တစ်ချက်တည်းနှင့် မပြတ်ဘဲ ဝါးကိုင်းက အပေါ်သို့ပြန်ထောင်တက်လာခဲ့လျှင် သေဆုံးသူ၏ လိပ်ပြာသည် နားခိုစရာမရှိသောကြောင့် ဆွေမျိုးများထံ ပြန်ပြီးခိုကပ်တတ်သည်။

ထိုအခါ ဆွေမျိုးထဲမှ နောက်ထပ်တစ်ဦး အစိမ်းသေသေတတ်သည်ဟု ယူဆကြသည်။

ထို့ကြောင့် အစိမ်းသေသူများ မြှုပ်နှံသင်္ဂြိုဟ်ရာတွင် ပေါ့ပေါ့ဆဆ ပြီးစလွယ်လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ. . အလေးအနက်ထား၍ ဆောင်ရွက်ကြရသည်ဟု ဆိုသည်။

အယူသီးအစွဲအလမ်းကြီးသည့် ကယန်းတိုင်းရင်းသားအချို့သည် အစိမ်းသေအသုဘ မြေမြှုပ်သင်္ဂြိုဟ်ပြီးနောက်. . . (၂)လ၊ (၃)လ ကြာသည့်အခါ သေဆုံးသူနှင့် ကျန်ရစ်သူမိသားစုတို့က အဆက်ဖြတ်ခြင်းဓလေ့ကို ဆက်လက်လုပ်ဆောင်ကြသည်။

ဤအခါတွင် ရိုးရိုးသေဆုံးသူနှင့် အဆက်ခြင်းမျိုး မဟုတ်တော့ဘဲ ကွဲပြားမှုရှိသည်။

အစိမ်းသေသေသူနှင့် အဆက်ဖြတ်ရန်အတွက် ဝက်ငယ်တစ်ကောင်၊ ခွေးငယ်တစ်ကောင်၊ ရိုးရိုးကြက်ငယ်တစ်





ကောင်၊ ကြက်ဖြူတစ်ကောင်၊ ချည်ဖြူအနည်းငယ်၊ ချည်မဲအနည်းငယ်နှင့် ငှက်ပျောပင်အခွံအနည်းငယ် လိုအပ်သည်။

ရိုးရိုးသေဆုံးသူနှင့် အစိမ်းသေသေဆုံးသူတို့၏ သင်္ချိုင်းမြေအကြားတွင် မြေကျင်းနှစ်ကျင်း တူးရသည်။

ရိုးရိုးသေဆုံးသူ၏ သင်္ချိုင်းဘက်မှ မြေကျင်းထဲသို့. . ဝက်ငယ်တစ်ကောင်နှင့် ရိုးရိုးကြက်ငယ်တစ်ကောင်တို့ကို သတ်ပြီး မြေကျင်းထဲသို့ ပစ်ချရသည်။

အစိမ်းသေသူ၏ သင်္ချိုင်းဘက်ရှိ မြေကျင်းထဲသို့. . ခွေးတစ်ကောင်နှင့် ကြက်ဖြူတစ်ကောင်ကောင်တို့ကို သတ်ပြီး ထည့်ရသည်။

အပ်ချည်ဖြူအမျှင် အနီ၊ အနက်များကို ငှက်ပျောပင်အခွံတွင် အလျားလိုက်တစ်တန်းချင်း ပတ်ချည်ထားရသည်။

နတ်ဆရာသည် အစိမ်းသေအဆက်ပြတ်သည့် စကားကိုရွတ်ဆိုပြီး ငှက်ပျောခွံကို တစ်ချက်တည်းပြတ်အောင် အလယ်တည့်တည့်တွင် ဓါးဖြင့်ခုတ်ပိုင်းရသည်။

တစ်ပိုင်းစီပြတ်သွားသည့် ငှက်ပျောပင်အခွံနှင့် ချည်မျှင်များကို ရိုးရိုးသေဆုံးသူအတွက် သတ်မှတ်သည့် မြေကျင်းထဲသို့ တစ်ပိုင်းထည့်ရပြီး၊ ကျန်တစ်ပိုင်းကို အစိမ်းသေသူအတွက် မြှုပ်နှံရန် သတ်မှတ်သည့် မြေကျင်းထဲသို့ ထည့်ပေးပြီးလျှင် နှစ်ကျင်းစလုံး ဖြေဖို့ရသည်။

ယင်းကဲ့သို့ အဆက်ဖြတ်ပြီးမှသာလျှင် အစိမ်းသေသူ၏ လိပ်ပြာသည် ရိုးရိုးသေဆုံးသူ၏လိပ်ပြာနှင့် ဆက်သွယ်နိုင်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းတွင်. . ကျန်ရစ်သည့် ဆွေမျိုးသားချင်းများအတွက် နောင်တွင် အစိမ်းသေခြင်းဆက်၍ မဖြစ်ပေါ်အောင်. . ဆောင်ရွက်ရသည်ဟုဆိုသည်။

ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးလျှင် ရွာအပြန်သင်္ချိုင်းကုန်းအထွက်တွင် တစ်ကြိမ်၊ ရွာနှင့်သင်္ချိုင်းကုန်းအကြားတွင် တစ်ကြိမ်၊ ရွာအဝင်တွင်တစ်ကြိမ်၊ ဆူးခက်များဖြင့် လမ်းကိုပိတ်ဆို့ရသည်။

ထိုကဲ့သို့ လမ်းပိတ်ဆို့ထားမှသာလျှင် သင်္ချိုင်းကုန်းမှ မကောင်းဆိုးဝါးများနှင့် အစိမ်းသေသူ၏လိပ်ပြာ လိုက်မလာနိုင်အောင် တားဆီးနိုင်သည်ဟု ယူဆကြသည်။

အစိမ်းသေသူ အသုဘပိုင်ရှင်၏ အိမ်ခြံဝင်းအတွင်းဝင်လာသည့် အခါတွင် (၁၀)တောင်ခန့်ရှည်သည့် ဝါးဘိုးတိုင်ထိပ်တွင် အဆစ်တစ်ဆစ်ပါသော ဝါးဘူးငယ်တစ်လုံးကို စိုက်ထားရသည်။

ဝါးဘူးငယ်ထဲတွင် ဆန်အနည်းငယ်နှင့် ခေါင်ဖတ် အနည်းငယ် ထည့်ထားရသည်။

ဝါးဘိုးအောက်ပိုင်းတွင် အခြမ်းနှစ်ခြမ်းဖြစ်အောင် ခွဲရသည်။ ဝါးဘိုးအပေါ်ဘက်ခြမ်းတွင် ကြက်ငယ်တစ်ကောင်သတ်ပြီး ချိတ်ဆွဲထားရသည်။

နတ်ဆရာသည် ဝါးဘိုးတိုင်မှ အပေါ်ဘက်ဝါးခြမ်းကို လူတစ်ယောက်ဝင်နိုင်လောက်အောင် လက်ဖြင့်ဆွဲဟရသည်။

သင်္ချိုင်းကုန်းမှ ပြန်လာကြသည့် လူတစ်ဦးချင်း ဝါးဘိုးခြမ်းအောက်သို့ဝင်ပြီးမှ အိမ်ပေါ်သို့တက်ရသည်။

အသုဘပိုင်ရှင်သည် အသုဘအဆက်ဖြတ်ခြင်းတွင် ပါဝင်ကူညီကြသည့် နတ်ဆရာနှင့်လူပုဂ္ဂိုလ်များကို တစ်သားမွေးပြီး ဝက်မတစ်ကောင်သတ်ပြီး ပွဲငယ်တစ်ပွဲပြုလုပ်ကာ ညှော်ခံကျွေးမွေးရသည်။

စားသောက်ရာတွင် စား၍မကုန်ပါက ချန်ထားခြင်းမပြုဘဲ ရွာအပြင်သို့ နေ့ချင်းသွန်ပစ်ရသည်။

အစိမ်းသေသူအတွက် အဆက်ဖြတ်ခြင်းပြုလုပ်ပေးသည့် နတ်ဆရာကို အန္တရာယ်ကင်းစေရန်. . လုပ်ငန်းမစခင် ချည်မျှင်ဖြူ (၉)မျှင် စွပ်ပေးပြီး ငွေဒင်္ဂါးငါးမတ်ဖြင့် အသုဘရှင်က ပူဇော်ရသည်။

နတ်ဆရာဦးခွန်နောင်က အသုဘသင်္ဂြိုဟ်သောကိစ္စများကို အားလုံးဆောင်ရွက်ပေးသည်။

ကာယကံရှင်များကတော့ လိုအပ်သောငွေနှင့် ပစ္စည်းများကို ပေးရလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့အပါအဝင် ရွာမှာရှိကြသော လူငယ်လူရွယ်များကတော့ အသုဘကိစ္စ မပြီးမချင်း ထိုအိမ်မှာပင်နေပြီး လိုအပ်သောအလုပ်များကို ဝိုင်းဝန်းလုပ်ဆောင်ပေးကြရလေသည်။

ထိုရက်များအတွင်းမှာတော့ မြလေးခင်နှင့်တွေ့ရပြီး မျက်ရည်နှင့်မျက်ခွက်ဖြစ်နေသော သူမကို အားပေးစကားပြောရလေသည်။







www.burmeseclassic.com

www.burmeseclassic.com

"မြလေးခင် နင်တို့အတွက် ငါစိတ်မကောင်းပါဘူး ဖြစ်ပြီးတာတွေလည်း ပြီးပါစေတော့၊ နောက်ပိုင်းမှာတော့ ငါတို့ တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"

"ဘယ်လို အကုသိုလ်ကံတွေကြောင့်များ ဒီလိုအဖြစ်ဆိုး တွေနဲ့ကြုံနေရသလဲတော့ မသိပါဘူး၊ ငါတော့ ဒီလိုအဖြစ်မျိုး လည်း လူ့လောကမှာ မနေချင်တော့ပါဘူး"

"ဒီလိုပေါ့ဟာ ကောင်းတာတွေနဲ့ကြုံပြီးရင် မကောင်း တာတွေနဲ့ တွေ့ရတာ ဓမ္မတာပါပဲ၊ မကောင်းတာတွေနဲ့ တွေ့ပြီး ပြီးရင်လည်း ကောင်းတာတွေနဲ့ တွေ့လာရဦးမှာပါ၊ စိတ်ဓာတ် မကျပါနဲ့ . စိတ်လိုက်မာန်ပါလည်း မလုပ်ပါနဲ့၊ ဘယ်လိုအခြေ အနေမျိုးဖြစ်နေနေ နင့်အပေါ်မှာ ခွင့်လွှတ်ပေးပါ့မယ်"

"ဒီအချိန်မျိုးမှာ ဒီလိုစကားမျိုးကြားရတာ ငါဝမ်းသာ ပါတယ်နီမောင်ရယ်၊ နင့်ကိုလည်း တကယ်ပဲ ကျေးဇူးတင် တယ်"

ဟု ပြန်ပြောလေသည်။

ထိုသို့ပြန်ပြောရင်းနှင့်ပင် မျက်နှာပေါ်သို့ မျက်ရည် များက အဆက်မပြတ်စီးကျနေလေတော့သည်။ မြလေးခင်၏ ဖြစ်က ပဋ္ဌာစာရီ သောကမီး တောက်လောင်ခံရသောအဖြစ်မျိုး မခြားလှတော့ပါချေ။





# အခန်း (၉)

# ပုဏ္ဏားကတိုက်သော ဂါတ်တဲ

ဆားပုလင်း မောင်ရစ်နှင့် ပုလိပ်များက ဟန်ဆီလုံရွာမှ ကျွေးမွေးလိုက်သော အစားအသောက်များကို စားသောက်ပြီး ဆိုင်ခွန်ရွာသို့ ဆက်သွားကြကာ စံနက်ကျော်ကို ရှာဖွေဖမ်းဆီး ပြီးမှ စခန်းသို့ ပြန်သွားကြလေသည်။

ဖယ်နောင်မြို့ ဂါတ်တဲသို့ရောက်သောအခါ ဘာမှ မစစ် ဆေးသေးဘဲ အချုပ်ခန်းထဲသို့ ထည့်ထားလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုအချုပ်ခန်းထဲမှာရှိသော တန်းစီးနှင့် အချုပ်သား အချို့မှာ လူသစ်တစ်ယောက်ရောက်လာလျှင် ရက်ရက်စက်စက် နှိပ်စက်ရမှာ ဝန်မလေးတတ်သူများဖြစ်သည်။

အချုပ်ခန်းထဲမှာ တန်းစီးဖြစ်နေသူ ကျားကြီးမှာ ဓားပြမှု၊ လူသတ်မှုများဖြင့် အဖမ်းခံရပြီး အချုပ်ထဲရောက်နေသူ ဖြစ်လေသည်။

အမှုစစ်ဆေးခြင်း မပြီးသေးသောကြောင့်သာ အချုပ်ထဲမှာနေရသော်လည်း ထောင်ကျမည့်သူဖြစ်သည်။

အချုပ်ထဲရောက်နေတာကြာသဖြင့် တန်းစီးဖြစ်နေရုံမကဘဲ ပုလိပ်များကအားကိုးရသူဖြစ်သည်။

အချို့အချုပ်သားများမှာ ပုလိပ်များစစ်ဆေးစဉ်က ခေါင်းမာနေတတ်သော်လည်း အချုပ်ခန်းထဲထည့်ပြီး ကျားကြီးလက်အပ်လိုက်တော့မှ အမှန်အတိုင်း ဝန်ခံရသည်မျိုးလည်းရှိသည်။

ကျားကြီးက အချုပ်ထဲ မကြာခဏ ရောက်ရသူဖြစ်သဖြင့် နှိပ်စက်သောနည်း မျိုးစုံတို့ကို အသုံးပြုတတ်သူ ဖြစ်သည်။

"ကျားကြီးရေ ဒါကလူသတ်မှုနဲ့ ဖမ်းလာတဲ့ တရားခံအသစ်ဟေ့ ငါတို့စစ်မေးတာတော့ ဝန်မခံသေးဘူး၊ မင်းလက်ထဲ အပ်လိုက်ပြီး ထုံးစံအတိုင်းသာလုပ်ပေတော့"

ပုလိပ်တစ်ယောက် ထိုသို့ပြောပြီး ကျားကြီးကြိုက်သော ဆေးလိပ်နှင့် ကွမ်းထုပ်ကိုပေးလိုက်သည်။

ရှေးက ပါးကွက်သားများကို ကွမ်းတစ်ယာ၊ ရေတစ်မှုတ်



ပေးပြီး ရာဇဝတ်သားကို အသတ်ခိုင်းသော ပုံစံမျိုးဖြစ်သည်။

"ဒီကောင်က လူသတ်မှုတင်မကဘူး၊ မုဒိန်းမှုတစ်ခုလည်းရှိသေးတယ်. . . သူ့ဒုက္ခပေးလို့ မိန်းကလေးတစ်ယောက် ကိုယ်လေးလက်ဝန်ရပြီး အတော်ဒုက္ခရောက်နေကွယ်"

"စိတ်ချဆရာ ကျုပ်ကလူလူချင်း သတ္တိရှိလို့သတ်တာကိုလက်ခံချင်သေးတယ်၊ ဒီလိုမတရားလုပ်တဲ့ မုဒိမ်းကောင်မျိုးတော့ အတော်မုန်းတာဗျာ. ."

ဟုပြောလိုက်သေးသည်။

စံနက်ကျော်ကတော့ အချုပ်ထဲရောက်ကတည်းက သွေးပျက်နေလေသည်။

အချုပ်ခန်းမှာ သစ်သားတန်းများဖြင့် နှစ်ထပ်ကာထားပြီး ဝင်ပေါက်ထွက်ပေါက်တစ်ခုသာ ရှိသည်။

ဝင်တော့လည်း ခေါင်းငုံ့ဝင် ထွက်တော့လည်းခေါင်းငုံ့ထွက်ရသော အပေါက်ကျဉ်းမျိုးဖြစ်သည်။

အထဲမှာတော့ အမှုစစ်ဆေးနေဆဲ ဖြစ်သောကြောင့် အချုပ်သားများထားလေသည်။

လူနှစ်ဆယ်ကျော်ခန့် ရှိလေသည်။

ကြည့်လိုက်တော့ လူဆိုးလူမိုက်ရုပ်များချည်းဖြစ်လေသည်။

"ဟေ့. . . မုဒိမ်းကောင် ငါနားလာခဲ့စမ်း"

တန်စီးကျားကြီးက ခေါ်သဖြင့် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အနားသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းနာမည် ဘယ်သူလဲ"

"စံ. . . စံနက်ကျော်ပါ"

"အချုပ်သားဖြစ်ပြီဆိုတော့ ပုံစံထိုင်တတ်သလား"

"မထိုင်တတ်ဘူး"

"ဒီလို ထိုင်ရတယ်ကွ. . . ဖြောင်း"

နားရင်းကို ရိုက်ချရာလည်ထွက်သွားသည်။

ထို့နောက် ပုံစံထိုင်ပုံအတိုင်း ထိုင်ခိုင်းပြီးစစ်မေးသည်။

"မင်းမှာ အစ်မ မရှိဘူးလား၊ နှမ မရှိဘူးလား၊ ဘာကြောင့် သူများသားပျိုသမီးပျိုကို စော်ကားချင်ရတာလား"

"ကျုပ် မစော်ကားပါဘူး"

"မင်းလက်ချက်ကြောင့်. . . ဟိုမှာ အကောင်အထည်တောင် ပေါ်နေပြီ၊ ဒါနဲ့တောင် ငြင်းချင်သေးလား"

"ဖြောင်း. . ."

မေးလိုက်ရိုက်လိုက်နှင့် စစ်မေးကြရာ နောက်ဆုံးသတိမေ့သွားတော့မှ ရပ်သွားကြသည်။

နောက်တစ်နေ့ မနက်ပိုင်းရောက်တော့ မျက်နှာတစ်ခုလုံး သွေးလူးနေပြီး ဖူးရောင်နေရာ ရုပ်ပင်မပေါ်တော့ပေ။

နံနက်စောစောအချိန်တွင်. . ဒေါ်မင်းဇာ ရောက်လာလေသည်။ တောင်ဝှေးတစ်ချောင်းနှင့် လက်ထဲမှာ အထုပ်တစ်ထုပ် ပါလာလေသည်။

ပုလိပ်များနဲ့တွေ့တော့. . .

"မနေ့က အပြစ်မရှိဘဲ ဖမ်းလာတဲ့ ငါ့တူနဲ့လာတွေ့တာ"





ဟုပြောသည်။

ထိုသို့ လာပြောသဖြင့် ပုလိပ်များက စာရေးကြီးကိုသွားပြောသည်။ စာရေးကြီးက အခြေအနေထွက်ကြည့်တော့ သူ့တူနှင့်မတွေ့ရမချင်း ပြန်မည့်ပုံ မပေါ်သဖြင့် တွေ့ခွင့်ပေးလိုက်လေသည်။

အခန်းအပေါက်ဝမှာပင် တွေ့ရခြင်းဖြစ်သည်။

"ဟဲ့. . စံနက်ကျော် နင့်မျက်နှာ တစ်ခုလုံး ဖူးရောင်နေတာပဲ ဘယ်လိုဖြစ်တာလဲ"

ဟုမေးသောအခါ ချုံးပွဲချငိုရင်းနှင့်. . ၊

"သူတို့နှိပ်စက်ကြတာ. . ."

ဟုပြောသည်။

"ဒီလိုမတရားလုပ်တာတော့ ငါမခံဘူး၊ သူတို့လူကြီးနဲ့ တွေ့မယ်"

ဟုပြောပြီး ဦးမင်းဒင်ရုံးခန်းထဲဝင်ရန် ပြင်နေသောကြောင့် ပုလိပ်များကဆွဲထားရသည်။

ထိုသို့မဝင်ရသောသောအခါ အော်ကြီးဟစ်ကျယ်ဖြင့် ပြောလေသည်။

"ဟဲ့. . အပြစ်မရှိတဲ့လူကို ဒီလိုနှိပ်စက်လို့ ခံမလားဟဲ့၊ နင်တို့ကလက်နက်အားကိုးနဲ့ ဒီလိုမတရားနှိပ်စက်ရင်၊ ငါကလည်း ငါတတ်တဲ့ပညာနဲ့ ပြန်ပြီးကလဲ့စားချေပြမယ်၊ နင်တို့အဖို့သာ ပြင်ထားကြပေတော့"

ဟုအော်ဟစ်ပြောဆိုကာ ပြန်သွားလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



အသံပျောက်သွားတော့မှ ဦးမင်းဒင် က အခန်းပေါက်ဝမှစာရေး
ကြီးကို ခေါ်မေးသည်။

"အဘွားကြီး ပြန်သွားပြီလား"

"ပြန်ထွက်ပြီ ဆရာကြီး"

"ဘာတွေအော်ဟစ်နေတာလဲ"

"သူတူအချုပ်ခံနေရတာကို မကျေနပ်လို့ ကြိမ်းမောင်း
သွားတာပဲ ကြည့်ရတာစုန်းမကြီးနဲ့တူတယ်"

"စုန်းမလည်း သေနတ်နဲ့တွေ့ရင် သေတာပါပဲကွာ
ကြောက်စရာမလိုပါဘူး"

ဟု ခပ်ပေါ့ပေါ့ ပြောလေသည်။

ညဘက်ရောက်တော့ အချုပ်ခန်းဘက်မှ စံနက်ကျော်
၏ ရူးရူးဝါးဝါးအော်သံများကို ကြားကြရသည်။

မိုးလင်းခါနီးတော့ အသံပျောက်သွားလေသည်။

မနက်လင်းတော့ ပုလိပ်များက အချုပ်ခန်းနှင့် အချုပ်
သားများ အရေအတွက်ကို လိုက်လံစစ်ဆေးရာ အခန်းထောင့်
မှာလဲနေသော စံနက်ကျော်ကို တွေ့ကြရသည်။

"ဟိုတစ်နေ့ကထည့်လိုက်တဲ့. . . အချုပ်သားအသစ်
မဟုတ်လား၊ ဘာဖြစ်နေတာလဲ"

"မသိဘူး ဆရာ"

"ကြည့်လိုက်ကြစမ်းကွာ"

ဟုပြောသဖြင့် မှောက်ရက်အနေအထားမှ ပက်လက်
လှန်လိုက်သောအခါ စံနက်ကျော်မျက်နှာတစ်ပြင်လုံး သွေးများ





ပေနေကာ အသက်ပျောက်နေလေပြီ။

"သေနေပြီဆရာ"

"လူမိုက်တစ်ယောက် လျော့သွားတာပေါ့ကွာ"

ဟုပြောပြီး ဆိုင်ခွန်ရွာမှ အဒေါ်ဖြစ်သူဒေါ်မင်းဇာကို
အကြောင်းကြားရာ နတ်ဆရာဇာလာဝီပါ လိုက်လာလေသည်။
ပုလိပ်များက အချုပ်သားအချင်းချင်း ရန်ဖြစ်ကြရာမှ သေသည်
ဟုပြောပြကာ အလောင်းကို ပြန်ပေးလိုက်သည်။

ဒေါ်မင်းဇာက ရုပ်ပျက်ဆင်းပျက် အသက်ပျောက်နေ
သော စံနက်ကျော်အလောင်းကိုကြည့်ကာ တစ်ခွန်းသာပြော
သည်။

"သူသေပြီ မဟုတ်လား၊ သူ့အလှည့်ပြီးရင်တော့ မကြာ
ခင် နင်တို့သေရမယ့်အလှည့် ရောက်လာတော့မှာပေါ့"

ဟုပြောဆိုပြီး စံနက်ကျော်အလောင်းကို သယ်ယူသွား
ကြလေသည်။ အလောင်းကိုသယ်ယူရန် ပြင်နေကြစဉ်မှာ နတ်
ဆရာဇာလာဝီက ဂါတ်တဲထောင့်တစ်နေရာမှ ဆောင့်ကြောင့်
ထိုင်ရင်းနှင့် မြေကြီးထဲသို့ အရုပ်တစ်ရုပ်မြှုပ်ထားခဲ့သည့်ကိုတော့
ပုလိပ်များမသိလိုက်ကြပေ။

စံနက်ကျော်တစ်ယောက် သေဆုံးသွားခဲ့ပြီး ညအချိန်
ရောက်သောအခါမှာတော့ ဖယ်နောင်မြို့ ဂါတ်တဲဝန်းထဲတွင်
ကြောက်မက်ဖွယ်ရာကောင်းသော အဖြစ်အပျက်များ တစ်ခုပြီး
တစ်ခု ပေါ်ပေါက်လာလေတော့သည်။

ည၌နက်ပိုင်းအချိန်ရောက်သောအခါ သစ်ပင်များအုပ်



www.burmeseclassic.com

www.burmeseclassic.com

နေသောနေရာဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများ စတင်ကြားကြရသည်။

အစောင့်ကျနေသော ပုလိပ်နှစ်ယောက်က ထိုနေရာဘက်သို့ မီးရောင်များနှင့် ထိုးကြည့်သော်လည်း ဘာမှထူးထူးခြားခြားမတွေ့ရပေ။

အတော်ကလေးညဉ့်နက်လာတော့ အမှောင်ရိပ်ဖုံးနေသော ဂိတ်ထဲဝန်းတစ်နေရာရှိ သစ်ပင်အောက်မှ လူရိပ်တစ်ခု လှုပ်ရှားမြင်လိုက်ရသဖြင့် ပုလိပ်တစ်ယောက်က ထိုနေရာသို့သွားကြည့်လေသည်။

ဂိတ်တဲထောင့်မှာကျန်နေခဲ့သော တစ်ယောက်မှာ နောက်ဘက်မှ ခြေသံကြားရသဖြင့် မိမိအဖော်ပြန်လာသလားဟု လှည့်ကြည့်လိုက်ရာ မျက်လုံးပြူးသွားလေသည်။

အခြားမဟုတ်ပေ။

အမွေးစုတ်ဖွားနှင့်ကြောက်စရာကောင်းသော ဘီလူးတစ်ကောင်ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"အောင်မယ်လေးဗျ"

ထိုအော်သံက ကျယ်ကျယ်လောင်လောင် ထွက်လာနိုင်သည်တော့ မဟုတ်ပေ။

မကြာမီ အဖော်တစ်ယောက်ပြန်ရောက်လာရာ. . မြေပေါ်မှာလဲနေသူကို မြင်ရသဖြင့် ကြည့်ရာ. . မျက်နှာက ကျောဘက်ရောက်ကာ သေဆုံးနေသူကို တွေ့ရလေသည်။

ထို့ကြောင့် သံချောင်းခေါက်အချက်ပေးပြီး အခြားသူ





များကိုပါခေါ်ပြီး အသိပေးရလေသည်။

အခြားသူများ ရောက်လာပြီး၊ မီးရောင်များဖြင့် အသေအချာကြည့်သောအခါ လည်ပင်းတစ်ဝိုက်မှာ အညိုအမည်းစွဲနေသော လက်ငါးချောင်းအရာကြီးကို တွေ့ကြရသဖြင့် မျက်လုံးပြူးသွားကြလေသည်။

ဂါတ်တဲတွင် အခြားတရားခံများလည်း သေဖူးသည်။ တစ်နေ့ကလည်း စံနက်ကျော်သေသဖြင့် အလောင်းသယ်သွားကြရလေသည်။

ထိုနေရာမျိုးမှာ လူသေသည်က သိပ်တော့မထူးဆန်းလှပေ။ ယခုလို ပုလိပ်တစ်ယောက် လူသတ်ခံရသဖြင့် သေသည်ကတော့ ထူးဆန်းသည်။

ပုလိပ်များမှာ ကျိုးကန်းနှင့်တူသည်။

အခြားသူ ဒုက္ခရောက်နေလျှင် ဝိုင်းဝန်းထိုးဆိတ်ရမှာ ခန့်မလေးတတ်သော်လည်း ကျိုးကန်းတစ်ကောင်သေလျှင်တော့ နားမခံသာအောင် ဝိုင်းဝန်းအော်ဟစ်တတ်ကြသည်။

ယခုလည်း ဂါတ်တဲအတွင်းမှာ ပုလိပ်တစ်ယောက် သေခဲ့ရသဖြင့် များစွာသွေးပျက်သွားကြလေသည်။

ဦးမင်းဒင်ကိုယ်တိုင် လာရောက်ကြည့်ရှုပြီး လူသတ်တရားခံကို အမြန်ဆုံးစုံစမ်းဖော်ထုတ်ရန် ဆားပုလင်းမောင်ရစ်တို့အဖွဲ့ကို တာဝန်ပေးလေသည်။

သို့သော်လည်း ပြဿနာက မအေးတော့ပေ။

ထိုအလောင်းကို သင်္ဂြိုဟ်ပြီး ရက်လည်ရုံရှိသေးသည်။


www.burmeseclassic.com

www.burmeseclassic.com



အချုပ်ထဲမှာထားသော တရားခံနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် သေကြပြန်သည်။

ပုလိပ်တစ်ယောက် သေခဲ့ရပြီးနောက်တွင် ဦးမင်းဒင်က အစောင့်ကို သုံးယောက်ထားပြီး စောင့်စေသည်။

ပုလိပ်များကလည်း ဂရုတစိုက်စောင့်ကြသည်။

ညဉ့်နက်ပိုင်းရောက်တော့ ခွေးအူသံ၊ ခွေးဟောင်သံများ စူးစူးဝါးဝါး ပေါ်ထွက်လာလေသည်။

လူသေသောညက ကြားရသော အသံမျိုးပင်ဖြစ်သည်။

အစောင့်ကျနေသော ပုလိပ်များကလည်း ယခင်ကကဲ့သို့ ပေါ့ပေါ့လျော့လျော့ မနေဝံ့ကြတော့သဖြင့် အသံကြားသောနေရာ မသင်္ကာသောနေရာများကို မီးရောင်တဝင်းဝင်းဖြင့် ထိုးကာ မျက်ခြည်မပြတ် ရှာဖွေကြည့်ကြလေသည်။

သံဆူးကြိုးများခတ်ထားသော ဂါတ်တဲဝင်းအတွင်းသို့ လူတစ်ယောက် မဝင်သာသော်လည်း ခွေးတစ်ကောင်လောက်ကတော့ ဝင်၍ရသည်။

ထိုကဲ့သို့ပင် အချုပ်သားများထားသော အချုပ်ခန်းထဲသို့ ခွေးတစ်ကောင် မဝင်သာသော်လည်း မြွေတစ်ကောင်အတွက်တော့ ချောင်ချောင်ချိချိ ဝင်ရောက်လာနိုင်ပေသည်။

ထိုညက အချုပ်သားများ အိပ်ချိန်ရောက်တော့မှ သစ်သားတိုင်များကြားမှ မြွေတစ်ကောင် တိုးဝင်လာခြင်းဖြစ်သည်။ အဆိပ်ပြင်းသော တောကြီးမြွေဟောက်မျိုးနွယ်ဖြစ်သော တစ်ကိုယ်လုံးအနက်ရောင်ဖြစ်နေသည့် မြွေပင်ဖြစ်သည်။





ထိုမြွေ အချုပ်ခန်းထဲ ဝင်လာသည်ကို အစောင့်ကျနေသော ပုလိပ်များလည်း မမြင်လိုက်ပေ။

မြွေက မီးရောင်မရှိသော အချုပ်ခန်းတွင်း ရောက်လာသောအခါ အိပ်ပျော်နေသော အချုပ်သားများကိုယ်ပေါ်တက်ပြီး တစ်ယောက်ချင်းလိုက်ပြီး လျှာဖြင့်တို့ကာ အနံ့ခံသည်။

နောက်ဆုံးအခန်းထောင့်မှာ အိပ်နေသော တန်းစီကျားကြီးကိုယ်ပေါ်သို့ ရောက်သောအခါ လည်ပင်းနေရာကို ပေါက်ချလိုက်သည်။

"အား. . . ဘာကောင်ကိုက်တာလဲဟ"

ကျားကြီးအော်သံကြောင့် နံဘေးမှာ အိပ်နေကြသူများ ပြန်နိုးလာသည်။ အစောင့်ကျနေသော ပုလိပ်များလည်း ရောက်လာကြသည်။

"ဘာဖြစ်တာလဲဟေ့"

"ဒီမှာ ကျားကြီးဘာဖြစ်တာလဲ မသိဘူး၊ ပါးစပ်ထဲက အမြှုပ်တွေထွက်ပြီး သတိမရတော့ဘူး"

ထိုသို့အော်ရင်းနှင့်ပင် ကျားကြီးမှာ အသက်ပျောက်သွားလေသည်။ ကျားကြီးသေပြီး တစ်ရက်နှစ်ရက်ပဲ ရှိသေးသည်. . နောက်ထပ် အချုပ်သားတစ်ယောက်လည်း အိပ်နေရင်းနှင့် ဇက်ကျိုးပြီး သေပြန်လေသည်။

စစ်ဆေးကြည့်တော့ တစ်ကိုယ်လုံးမဲပြာနေပြီး အဆိပ်သင့်ပြီးသေရသော လက္ခဏာမျိုး တွေ့ရသည်။

အချုပ်သားများ တစ်ယောက်ပြီး တစ်ယောက်သေသေ



www.burmeseclassic.com

www.burmeseclassic.com



အခါအချုပ်သားများ ဆူဆူပူပူဖြစ်လာကြလေသည်။

ထိုအချုပ်ခန်းထဲမှာ မနေဝံ့ကြသဖြင့် အချုပ်ပြောင်းပေးရန် တောင်းဆိုလာကြသည်။

ထိုသို့တောင်းဆိုသော်လည်း အခြားရွှေ့ပြောင်းထားစရာနေရာ မရှိသဖြင့် ထိုအခန်းမှာပင် ထားရလေသည်။

သို့သော် ယခင်ကမှောင်ချထားသော အချုပ်ခန်း စင်္ကြံတစ်လျှောက်မှာတော့ မီးအိမ်များ ထွန်းပေးထားသည်။

အပြင်အကာနှင့် အတွင်းအကာကြားမှာ လေးပေခန့်ကျယ်သော စင်္ကြံရှိပြီး ထောင့်လေးထောင့်တွင် ရေနံဆီမီးအိမ်များထွန်းထားသောကြောင့် ကောင်းစွာမြင်ရလေသည်။

ယခင်က အချုပ်ခန်းစင်္ကြံမှာ ပုလိပ်နှစ်ယောက်သာစောင့်သော်လည်း လူများတစ်ယောက်ပြီးတစ်ယောက် သေပြီးနောက်မှာ ပုလိပ်အစောင့်လေးယောက် ချထားပေးသည်။

ထောင့်လေးထောင့်မှာ တစ်ယောက်စီစောင့်ရသည့်အပြင် အခန်းထဲမှာရှိသော အချုပ်သားများကိုလည်း အားလုံးတပြိုင်နက် အိပ်ခွင့်မပေးတော့ပဲ တစ်နာရီခြားစီ နှစ်ယောက်တစ်တွဲကင်းစောင့်ရန် တာဝန်ချထားပေးလိုက်သည်။

ထိုကဲ့သို့ပြုလုပ်ကြသောအခါ. . . အချုပ်ခန်းထဲမှာ လူအသေအပျောက် မဖြစ်တော့ပေ။

☺ အောင်မြင်စာပေ ☺



# အခန်း (၁၀)

# သေရွာပြန် ဝိညာဉ်ကလဲ့စား

အချိန်က ညဥ့်နက်ပိုင်း အချိန်ဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများက ဖုံးလွှမ်းထားလေသည်။

ဂါတ်တဲဝင်းတစ်ခုလုံး တိတ်ဆိတ်နေသည်ဆိုသော်လည်း. . . မနီးမဝေးမှ ခွေးအူသံ၊ ခွေးဟောင်သံများ ကြားနေရသည်။

ထိုအသံများ ကြားနေရခြင်းကပင် မကောင်းလှပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

လူအသေအပျောက်ရှိသော ညများတွင် ထိုကဲ့သို့သော ခွေးအူသံ၊ ခွေးဟောင်သံများ ကြားရလေ့ရှိသည်။

အင်စပက်တော်ဦးမင်းဒင်မှာ မိသားစုများရှိသော်လည်း ခေါ်မထားဘဲ သူတစ်ဦးတည်း ဂါတ်တဲမှာနေလေသည်။ ဂါတ်တဲအဆောက်အအုံကြီးနောက်ဘက်မှာ သီးခြားအဆောင်တစ်ဆောင်ရှိပြီး ထိုအဆောင်မှာပင် အခန်းဖွဲ့ပြီးနေထိုင်ခြင်းဖြစ်သည်။

အဆောက်အအုံမှာ နှစ်ထပ်ဖြစ်ပြီး၊ အောက်ထပ်၌ ရုံးခန်းပြုလုပ်ထားပြီး အပေါ်ထပ်မှာတော့ သက်သေခံပစ္စည်းများထားသောအခန်းနှင့် သူနေသော အခန်းနှစ်ခန်းသာရှိလေသည်။

အပေါ်ထပ်ရှိ ပြတင်းပေါက်တံခါးကို ဖွင့်ကြည့်လျှင် ဂါတ်တဲဝန်းကို အပေါ်စီးမှမြင်နိုင်လေသည်။

ယခင်ရက်များက ညအချိန်ရောက်လာလျှင် အရက်မူးအောင်သောက်ပြီး အိပ်လေ့ရှိသော်လည်း၊ ယခုနောက်ပိုင်းရက်များမှာတော့ အိပ်မပျော်ဘဲဖြစ်နေသည်။

အိပ်မပျော်ရခြင်းမှာ မအိပ်ဝံ့သောအကြောင်း တစ်ခုလည်းပါလေသည်။

သူ အိပ်ပျော်နေစဉ်မှာ အန္တရာယ်တစ်ခုခုဖြစ်ပြီး သေရမည်ကို ကြောက်လန့်နေခြင်းဖြစ်သည်။

လူဆိုးလူမိုက်များမှာ ၎င်းတို့က အသာစီးရဖြင့် အခြားသူကိုနှိပ်စက်ရသောအခါ သတ္တိသွေးက အခြားသူများထက်





နှစ်ဆပိုကောင်းကာ ၎င်းတို့ခံရမည့် အလှည့်မျိုးရောက်သောအခါမှာလည်း အခြားသူများထက် နှစ်ဆတိုးကာ ကြောက်ရွံ့တတ်သောသဘော ရှိလေသည်။

ယခုဦးမင်းဒင်လည်း ထိုကဲ့သို့ပင်ရှိလေသည်။

တရားခံများအပါအဝင် အခြားသူများကို အခွင့်အာဏာသုံးပြီး နှိပ်စက်အနိုင်ကျင့်ခဲ့စဉ်က သူမတူအောင် လက်သံပြောင်ခဲ့လေသည်။

ယခု သူအုပ်ချုပ်သော ဂါတ်ထဲဝင်းထဲမှာ ပုလိပ်နှင့် အချုပ်သားများ တစ်ယောက်ပြီးတစ်ယောက် အသေဆိုးဖြင့် သေရသည်ကို မြင်သောအခါ မကြာခင်မှာပင် သူ့အလှည့်သို့ ရောက်လာတော့မည်ကဲ့သို့ ထိတ်လန့်ကြောက်ရွံ့နေသည်။

ဒေါ်မင်းဇာ၏ ကြောက်စရာကောင်းသော မျက်နှာနှင့်၊ သူပြောသွားသော အသံတို့ကို ကြားယောင်နေလေသည်။

"သူသေပြီ မဟုတ်လား၊ သူ့အလှည့်ပြီးရင်တော့ မကြာခင်နင်တို့သေရမယ့်အလှည့် ရောက်လာတော့မှာပေါ့"

ထိုအသံကြီးက ယခုပင်လာပြောနေသကဲ့သို့ နားထဲမှာ ကြားနေရခြင်းဖြစ်လေသည်။

ထိတ်လန့်စရာကောင်းသောအသံများ၊ အတွေးများက အဆက်မပြတ်ဝင်လာသောအခါ ပြေပျောက်စေရန်အတွက် အရက်မူးအောင်သောက်သည်။

ထိုကဲ့သို့ အရက်သောက်နေစဉ် ခွေးဟောင်သံ၊ ခွေးအူသံများက ဂါတ်တဲနှင့် တဖြည်းဖြည်းပိုနီးလာသကဲ့သို့ စိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com

ထင်လာမိသည်။

ထို့ကြောင့် မနေနိုင်တော့သဖြင့် နေရာမှထကာပြတင်းပေါက်ကိုဖွင့်ပြီး အောက်သို့ငုံ့ကြည့်လိုက်သည်။

ဂါတ်တဲနှင့် မနီးမဝေးမှာရှိသော သစ်ပင်ရိပ်နားမှာရပ်နေသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။

"ဟင်"

ဦးမင်းဒင်မှာများစွာ ထိတ်လန့်သွားသည်။

ပုလိပ်များကင်းလှည့်နေသည့်ကြားမှ ဒီလူက ဘယ်ကနေဘယ်လို ဂါတ်တဲဝင်းထဲရောက်နေပါလိမ့် ဟူ၍လည်းတွေးလိုက်မိသည်။ သူ့ကိုမြင်တော့ အမှောင်ရိပ်ထဲမှာ ရပ်နေသူကဒယိမ်းဒယိုင်ဖြင့် သူရှိနေသော ပြတင်းပေါက်အောက်ဘက်သို့လျှောက်လာပြီး အပေါ်သို့မော့ကြည့်လေသည်။

"အောင်မယ်လေး၊ ဘယ်နှယ်မျက်နှာမျိုးကြီးပါလိမ့်"

ဟုရေရွတ်ကာ နောက်သို့ ခြေလှမ်းတစ်လှမ်းနှစ်လှမ်းနောက်သို့ ဆုတ်လိုက်သည်။

အောက်မှ မော့ကြည့်နေသူ၏မျက်နှာပေါ်မှာ သရဲမျက်နှာဖုံးတပ်ထားသောကြောင့် မည်သူမည်ဝါမှန်း မသိလိုက်ရသော်လည်း ပုံပန်းသဏ္ဌာန်အနေအထားကိုတော့ ကောင်းစွာမှတ်မိလေသည်။

အခြားသူ မဟုတ်ပေ။

တလောကမှ သေဆုံးသွားသော စံနက်ကျော်ပင်ဖြစ်လေသည်။





"မဟုတ်သေးပါဘူး"

စိတ်ကိုတင်းပြီး နောက်တစ်ခါ ပြန်ကြည့်တော့ အောက်မှာ ဘယ်သူမှမတွေ့ရတော့ပေ။

"ဘယ်ရောက်သွားပြီလဲ"

တစ်ယောက်တည်း ဇဝေဇဝါတွေးရင်း မျက်စိတဆုံးလိုက်လံကြည့်တော့လည်း ဘာမှမတွေ့ရတော့ပေ။

ထိုအချိန်မှာကင်းတဲရှိရာမှ (၁၁)နာရီ သံချောင်းခေါက်သံကြားတော့မှ ပြတင်းတံခါးကိုပိတ်ကာ အိပ်ယာရှိရာဘက်သို့ပြန်လှည့်လာသည်။

ထိုသို့လှည့်လိုက်စဉ်မှာ အနောက်ဘက်အမှောင်ရိပ်ထဲမှ ရိပ်ခနဲဖြတ်သွားသော သဏ္ဌာန်တစ်ခုကို မသဲမကွဲမြင်လိုက်ရပြန်သည်။

ထို့ကြောင့် အိပ်ရာနံဘေးမှာ အဆင်သင့်ချထားသောလက်နှိပ်မီးနှင့် ခြောက်လုံးပြူးသေနတ်ကိုယူပြီး နေရာအနှံ့လိုက်ရှာကြည့်သော်လည်း ဘာမှမတွေ့ရပေ။

"ငါ့ကို သရဲခြောက်နေတာဖြစ်မယ်၊ ဒါမှမဟုတ် ငါ့စိတ်ထဲက စွဲလန်းမှုတွေများပြီး ထင်ယောင်ထင်မှားတွေ မြင်နေတာပဲဖြစ်မှာပါ"

ဟု စိတ်ကိုဖြေသိမ့်ပြီးနောက် အရက်မူးအောင်သောက်ပြီး အိပ်လေရာ. . မကြာခင် တခူးခူးတခေါခေါနှင့် အိပ်ပျော်သွားလေတော့သည်။

ထိုသို့ အိပ်ပျော်သွားစဉ် သန်းခေါင်ယံအချိန်လောက်


www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ တစ်စုံတစ်ယောက်က လက်အေးကြီးဖြင့် လာပုတ်နှိုးသဖြင့် ပြန်နိုးလာလေသည်။

ကြည့်လိုက်တော့ တစ်ကိုယ်လုံး အမွေးစုတ်ဖွားဖြင့် ရုပ်ပျက်ဆင်းပျက် မျက်နှာမျိုးရှိသော လူတစ်ယောက်ရပ်နေသည်။ သို့ကြောင့် နေရာမှထရန် ကြိုးစားလေသည်။

မရတော့ပေ။

သန်မာသော လက်ကြီးနှစ်ဖက်က လည်ပင်းပေါ် ရောက်လာပြီး ညှစ်လေတော့သည်။

သို့ကြောင့်. . ဦးမင်းဒင်လည်း အသက်ဘေးမှလွတ်အောင် အစွမ်းကုန်ရုန်းကန်ပြီး အော်ဟစ်လေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော အချိန်ဖြစ်သဖြင့် အပေါ်ထပ်မှ စူးစူးဝါးဝါးအော်သံများနှင့် ဝုန်းဝုန်းဒိုင်းဒိုင်းအသံများ ကြားရသဖြင့် အောက်မှာစောင့်နေကြသော ပုလိပ်နှစ်ယောက် ပြေးတက်လာကြလေသည်။

"ဆရာကြီး. . ဘာဖြစ်တာလဲ. . ဘာဖြစ်လဲ"

ပုလိပ်နှစ်ယောက် အပေါ်ရောက်လာတော့ ဦးမင်းဒင်ကို ကြမ်းပြင်ပေါ်မှာ လဲကျနေသည်ကို တွေ့ကြရသဖြင့် အနားလာပြီး ပွေ့ထူလိုက်ကြသည်။

ဦးမင်းဒင်ကတော့ သူ့လည်ပင်းကို လက်ဖြင့်ကိုင်ကာ အသက်ကို မနည်းရှူနေရလေသည်။

"ဆရာကြီး ဘာဖြစ်တာလဲ"

"ငါ့ကို သရဲ. . လည်ပင်း ညှစ်သတ်နေလို့"





"ဟင်"

ပုလိပ်နှစ်ယောက်က အထိတ်တလန့်ဖြင့် အခန်းထဲသို့ မီးရောင်ဖြင့်ထိုးကြည့်တော့လည်း ဘာမှမတွေ့ရတော့ပေ. . ။

သို့ကြောင့် မသင်္ကာသဖြင့် ပြတင်းပေါက်တံခါးဖွင့်ပြီး အောက်သို့ငုံ့ကြည့်သောအခါ ဂါတ်တဲအတွင်းမှ လူတစ်ယောက် ထွက်သွားသည်ကို မြင်ရသည်။

ထိုလူက အပြင်ရောက်တော့မှ သူတို့ရှိရာသို့ တစ်ချက် ပြန်မော့ကြည့်ရာ ပုလိပ်နှစ်ယောက်စလုံးလန့်သွားကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . . .

သရဲမျက်နှာဖုံးကြီးတပ်ထားသည်ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ထိုလူက ခြံထောင့်အမှောင်ရိပ်ထဲရောက်တော့ ပျောက်သွားလေသည်။

နောက်တစ်နေ့ရောက်တော့ ဦးမင်းဒင်လည်ပင်းမှာ နီရဲနေသောလက်ငါးချောင်းရာများကို တွေ့ရသော်လည်း အသက်အန္တရာယ်တော့ မဖြစ်ခဲ့ပေ။

ဦးမင်းဒင်က စာရေးကြီးကို သူ့အခန်းထဲခေါ်မေးသည်။

"ကျုပ်တို့ဂါတ်တဲမှာ ဘာတွေဖြစ်နေတာလဲဗျ၊ လူတွေလည်းဆက်တိုက်သေတယ်၊ မကောင်းဆိုးဝါးတွေကလည်း ဂါတ်တဲအထိဝင်နေကြပြီ ခင်ဗျားဘယ်လိုထင်သလဲ"

"ကျွန်တော်အထင်ပြောရရင် ကျွန်တော်တို့ဂါတ်မှာ ပုဏ္ဏက အတိုက်ခံနေရတာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက တိုက်တာလဲ"

"ဟိုတလောက သေသွားတဲ့ စံနက်ကျော်ရဲ့အဘွားက စုန်းကဝေပညာတွေ တတ်တယ်လို့ ပြောသံကြားမိတယ်"

"ဒီလိုဆိုရင် ဒီအဘွားကြီးပါ ဖမ်းခေါ်ပြီး ပေါ်အောင်စစ်ရမှာပေ့ါ"

"စုန်းကဝေပညာသည်တွေကို ဒီလိုလုပ်လို့မရဘူး ဆရာကြီး၊ သူတို့ကိုနိုင်တဲ့ဆရာနဲ့မှ ရနိုင်မယ်"

"ဆရာက ဘယ်မှာရှိသလဲ"

"ကျွန်တော်လည်း မသိဘူး၊ ဒါပေမယ့် ဟန်ဆီလုံရွာက ဆရာနဲ့ခင်တဲ့ ရွာလူကြီး ဦးထန်ဖုန်းရှိန်တို့ ခေါ်မေးရင်တော့ သိချင်သိမယ်"

"ဒါဖြင့် ဦးထန်ဖုန်းရှိန်ကို ပုလိပ်နှစ်ယောက်လွှတ်ပြီး ခေါ်ခိုင်းလိုက်ဗျာ"

"ကောင်းပါပြီ ဆရာကြီး"

ထို့နောက် စာရေးကြီးက အခန်းထဲမှ ခပ်သုတ်သုတ်ပြန်ထွက်သွားလေတော့သည်။

ညနေပိုင်းရောက်တော့ ဟန်ဆီလုံရွာသို့သွားသော ပုလိပ်နှစ်ယောက်ပြန်ရောက်လာပြီး သတင်းပို့လေသည်။

ဦးထန်ဖုန်းရှိန်တောင်ပေါ်သွားနေသောကြောင့် မတွေ့ခဲ့ရကြောင်းနှင့် ပြန်ရောက်ပါက ဖယ်နောင်ဂါတ်တဲသို့ လာခဲ့ပါရန် အိမ်သားများကိုမှာထားခဲ့ကြောင်း ပြောသဖြင့် ဦးမင်းဒင်လည်း ဘာမှမတတ်သာတော့ဘဲ ရှိလေသည်။

☺ အောင်မြင်စာပေ ☺



ညအချိန်ရောက်သောအခါ အပြင်ဘက်မှာ စောင့်နေသောပုလိပ်နှစ်ယောက်အပြင် ဂါတ်တဲအတွင်းမှာပင် ပုလိပ်အစောင့်နှစ်ယောက် ချထားလေသည်။

"မင်းတို့ ဂရုစိုက်ပြီးစောင့်ကြ၊ အချိန်မတော် ဂါတ်တဲဝင်လာရင် ပစ်သာသတ်လိုက်၊ နောက်ပိုင်းကိစ္စ ငါရှင်းပေးမယ်"

ဟုပြောထားသည်။

ညအချိန်ရောက်တော့ . . ထုံးစံအတိုင်း ခွေးအူသံ၊ ခွေးဟောင်သံများ ကြားရသည်။

ထိုအသံများကြားရလျှင် တစ်ခုမဟုတ်တစ်ခုခုဖြစ်တော့မည်ကို သိသဖြင့် အစောင့်ကျနေသော ပုလိပ်များပင် ကြောက်ရွံ့နေကြလေသည်။

အပေါ်ထပ်မှာရှိနေသော ဦးမင်းဒင်ကတော့ ထုံးစံ အတိုင်း အရက်မူးအောင်သောက်ပြီး. . .

"သရဲတစ္ဆေတွေကတော့ ဒီလိုပဲ ခြောက်လှန့်ကြတာပဲ ဘာမှကြောက်စရာမရှိပါဘူး၊ ဒီတစ်ခါတွေ့လို့ကတော့ သေနတ်စာအမိပဲ"

ဟု စိတ်ထဲမှ ကြိမ်းဝါးနေသည်။

အိပ်ခါနီးတော့ လက်နှိပ်မီးနှင့် သေနတ်ကို အနားမှာပင်အဆင်သင့်ချထားလေသည်။

ညဉ့်နက်ပိုင်းရောက်တော့ မူးခနဲအိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာသွားသည် မသိပေ. . ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကြောင့် ပြန်လန့်နိုးလာသည်။

နှာခေါင်းထဲမှာလည်း အပုပ်နံ့လိုလိုရနေသည်။

သို့ကြောင့် မျက်စိဖွင့်ကြည့်လိုက်သည်။

ခုတင်နံဘေးမှာ ရပ်နေသောလူတစ်ယောက်ကို တွေ့ရသဖြင့် မျက်လုံးပြူးသွားသည်။

ကြောက်စရာကောင်းသော သရဲမျက်နှာဖုံးကြီးကို မျက်နှာပေါ်မှာ တပ်ထားသဖြင့် မျက်နှာကို မမြင်ရသော်လည်း ပုံပန်းသဏ္ဌာန်ကတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။

အပုပ်နံ့က ၎င်းထံမှ ထွက်နေခြင်း ဖြစ်သည်။

"မင်း ဘယ်သူလဲ"

သူမေးလိုက်တော့ ရပ်နေသူက သရဲမျက်နှာဖုံးကို ဖယ်ပြလေသည်။ ထိုအခါမှ ပိုဆိုးသွားလေတော့သည်။

အချုပ်ခန်းထဲမှာ အချုပ်သားများနှိပ်စက်သဖြင့် သေဆုံးသွားသော စံနက်ကျော်၏မျက်နှာကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

စံနက်ကျော်က သေဆုံးတာကြာပြီဖြစ်သောကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။

ထိုအခါမှ ဦးမင်းဒင်မှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် သေနတ်ကို ဆွဲယူရန်ပြင်သော်လည်း ခြေလက်များက လှုပ်မရတော့ပဲရှိလေသည်။

စံနက်ကျော်က သရဲမျက်နှာဖုံးကို မျက်နှာပေါ်ပြန်တပ်လိုက်ပြီး ရှေ့သို့တိုးလာသည်။





"ငါသေရတဲ့အလှည့်ပြီးတော့ မင်းတို့အလှည့်ပေါ့"

"ငါ့ကိုမသတ်ပါနဲ့၊ ငါကိုမသတ်ပါနဲ့. . . လာကြပါဦး၊ ကယ်ကြပါဦး. . ."

အပေါ်ထပ်မှ ဦးမင်းဒင် အော်သံကြားသဖြင့် အောက်ထပ်မှာ ရှိနေသော ပုလိပ်နှစ်ယောက်က ပြေးတက်လာကြသည်။

အပေါ်ရောက်တော့ ဖုတ်ဝင်နေသော သရဲမျက်နှာဖုံးနှင့်လူကိုမြင်သောအခါ ကြက်သေ,သေသွားကြသည်။

သေနတ်နှင့်ပစ်ဖို့နေနေသာ. . ကြောက်လွန်းသဖြင့် တောင့်တောင့်ကြီး ဖြစ်သွားကြသည်။

သရဲမျက်နှာဖုံးနှင့်လူက ပုလိပ်နှစ်ယောက်ကိုတော့ ဘာမှမလုပ်တော့ဘဲ အမှောင်ထဲသို့ဝင်သွားရာ ချက်ချင်းဆိုသလို ပျောက်သွားလေတော့သည်။

ဦးမင်းဒင်ကတော့ နေရာမှ မထလာနိုင်တော့ပေ. .။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ ဂါတ်တဲသို့ ဦးထန်ဖုန်းရှိန်နှင့် နီမောင်တို့နှစ်ယောက် ရောက်ကြသည်။

သူတို့ရောက်လာတော့ အင်စပက်တော် ဦးမင်းဒင် အလောင်းပြင်ထားသည်ကိုသာ တွေ့ရတော့သည်။

ထိုအခါ စာရေးကြီးက ပြောသည်။

"ကျုပ်တို့ဂါတ်တဲမှာ ပုဏ္ဏကဝင်နေတယ်ထင်ပါရဲ့ တစ်ယောက်ပြီး တစ်ယောက်သေနေကြတော့တာပဲ၊ အခုတော့ အင်စပက်တော်မင်းပါ သေရရှာပြီ"

"ဘယ်လိုသေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သရဲ ကုပ်ချိုးသတ်လို့သေရတာပေ့ါဗျာ၊ ရှေးကသေတဲ့ လူတွေလည်း သူ့လိုပဲ သေရတာပဲ၊ ဒီပုံအတိုင်းသာဆိုရင်တော့ ကျုပ်တို့စခန်းတစ်ခုလုံး ကုန်တော့မယ်ထင်ပါရဲ့"

"ဘယ်လိုကနေဘယ်လို စပြီးဖြစ်တယ်ဆိုတာလည်း . . ပြောပြပါဦး စာရေးကြီးရဲ့"

"စတာကတော့ ဆိုင်ခွန်ရွာက စံနတ်ကျော်သေပြီးတဲ့ နောက်ပိုင်း အခုလိုဖြစ်လာတော့တာပါပဲ၊ သူ့အဒေါ်က စုန်းမ တစ်ယောက်လို့ ပြောသံကြားတယ်၊ သူပြုစားတဲ့လက်ချက်ပဲ ဖြစ်မှာပေ့ါဗျ၊ ခင်ဗျားတို့ကိုမှာရတာ အခြားတော့မဟုတ်ဘူး . ."

"ဘာများအကူအညီပေးရမလဲ ပြောသာပြောပါ"

"အခုဖြစ်နေတာတွေဟာ ရိုးရိုးဖြစ်နေတာမဟုတ်ဘူး ပယောဂတိုက်လို့ ဖြစ်နေတယ်ဆိုတာ ကျုပ်လည်းသိတန်သလောက် သိပါတယ်၊ ဒါပေမယ့် ဒါမျိုးတွေ နိုင်နင်းတဲ့ဆရာ ဘယ်မှာရှိတယ်ဆိုတာမသိဘူး၊ ဒါကြောင့် ခင်ဗျားကို မှာရတာပါ အကူအညီပေးပါဦးဗျား"

ဦးထန်ဖုန်းရှိန်အနေကတော့ ပုလိပ်တစ်ယောက်က သာမန်လူတစ်ယောက်ကို အောက်ကျနောက်ကျ အကူအညီတောင်းတာမျိုး ယခုတစ်ကြိမ်သာ တွေ့ဖူးသေးသောကြောင့် အထူးအဆန်းဖြစ်နေလေသည်။

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ စာရေးကြီးရယ် မိတ်ဆွေအချင်းချင်းတွေပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ဦးက အကူအညီပေးရမှာပေ့ါဗျာ"





ဟုပြောဆိုကာ တစ်နေရာတွင် နီမောင်နှင့် တိုင်ပင်ကြည့်ရလေသည်။

"နီမောင် ငါကတော့ ကတိပေးလိုက်ပြီ၊ ဒီကိစ္စမျိုးတွေက တော်ရုံဆရာတွေ မနိုင်ဘူး၊ မင်းသိတဲ့ဆရာများ ရှိသလား"

ဟု မေးသည်။

"ဖယ်နောင်မှာတော့ ပယောဂနိုင်တဲ့ ဆရာမျိုးမရှိဘူး၊ ဆိုင်ခွန်ရွာမှာရှိတဲ့ နတ်ဆရာဇာလာဝီကလည်း ဒီမှာလာလုပ်ပေးမှာမဟုတ်ဘူး"

"သူ့ တူစံနက်ကျော်သေထားမှတော့ ဘယ်လုပ်ပေးပါ့မလဲ၊ အခုဖြစ်နေတဲ့ ကိစ္စတွေတောင် သူတို့ပယောဂ ကင်းရဲ့လားမပြောတတ်ဘူး၊ ငါတို့ရွာက နတ်ဆရာဦးခွန်နောင်ကလည်း ပယောဂနိုင်တဲ့ စမူမဟုတ်ဘူး၊ ဒီတော့ . . ဘယ်လိုကြံစည်ရရင် ကောင်းမလဲ"

နီမောင်က အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြောသည်။

"အဖေနဲ့သိတဲ့ ဆေးဆရာကြီးတစ်ယောက်တော့ ရှိတယ်၊ သူက ပယောဂအတော်ကလေးနိုင်တယ်လို့ ပြောသံကြားဖူးတယ်"

"အဲဒီ ဆရာကြီးက ဘယ်မှာရှိသလဲ"

"ငွေတောင်မှာနေတယ်လို့ ပြောတယ်"

"ဒီလိုဆိုရင် မင်းနဲ့ငါငွေတောင်သွားရရင် ကောင်းမယ်၊ ဒီကပြီးရင် ငါတို့ရွာကို တစ်ခါတည်းခေါ်သွားပြီး မြေလးခင်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါကိုပါ ပြတန်ပြကြည့်တာပေါ့"

မြလေးခင်အတွက်ပါ အကျိုးရှိနိုင်သည်ဆိုသောကြောင့် နီမောင်က စိတ်ဝင်စားသွားလေသည်။

ဖယ်နောင်နှင့် ငွေတောင်က ကားလမ်းရှိသဖြင့် ဝေးလှသည်တော့ မဟုတ်ပါချေ။

× × × × × × × ×





# အခန်း (၁၁)

# ထူးဆန်းသော မျက်ဝင်မျက်နှာဖုံး

ငွေတောင်မှာ မြို့ငယ်တစ်မြို့ဖြစ်ပြီး ကယားပြည်နယ်အတွင်းမှာ ရှိလေသည်။

မြို့ကမကျယ်လှသောကြောင့် သူတို့တွေလိုသော ဆရာကြီး၏ အမည်ကိုမေးမြန်းစုံစမ်းကြည့်ရုံနှင့် လမ်းညွှန်ပေးနိုင်ကြလေသည်။

ဆရာကြီး၏ အမည်မှာ ဦးဗန်ကောင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်မြစ်ဝကျွန်းပေါ်ဘက်မှ မြို့လေးတစ်မြို့တွင် နီမောင်တို့နေစဉ်က ဖခင်ဖြစ်သူ ဦးဘရှိန်နှင့် ခင်မင်သိကျွမ်းခဲ့ကြလေသည်။

ယခုခေတ်ကာလ အခြေအနေမကောင်းသဖြင့် . . ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြရာမှ နီမောင်တို့ကဟန်ဆီလုံရွာဘက် ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်သည်။

နောက်ပိုင်းမှာတော့ ဦးဗန်ကောင်းလည်း ငွေတောင်ဘက်သို့ ရောက်နေကြောင်း သတင်းကြားရလေသည်။

ယခုတော့ မမျှော်လင့်ပဲ ဦးဗန်ကောင်းနှင့် ပြန်တွေ့ရလေပြီ။ ဦးဗန်ကောင်းနေအိမ်သို့ ရောက်သွားသောအခါ အဆင်သင့်ပင်တွေ့ရလေသည်။

နီမောင်ကို မြင်သောအခါ အံ့ဩသောအမူအရာဖြင့်ကြည့်နေသည်။

ပထမတော့ ဇဝေဇဝါဖြစ်နေဟန်ရှိသည်။

နောက်တော့မှ မှတ်မိသွားဟန်ရှိလေသည်။

"နီမောင် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ကမ္ဘာကြီးကကျဉ်းပြီး ကရွတ်ခွေလို လည်နေတဲ့စကားတယ်လည်းမှန်ပါလား၊ ဘယ်ကနေဘယ်လို ရောက်လာကြတာလဲ"

ဟုမေးပြီး နေရာထိုင်ခင်းများပေးသည်။

ထို့နောက် ဦးဗန်ကောင်းဧည့်ခံပေးသော ကွမ်းဆေးလက်ဖက်ရည်တို့ကို အမောပြေစားသောက်ရင်းနှင့် အကျိုးအကြောင်းပြောပြရသည်။





ပထမသူ တို့မိသားစုအကြောင်းကို အရင်ပြောပြပြီးမှ ဖယ်နောင်မြို့ဂါတ်တဲမှ အဖြစ်အပျက်များကို တစ်ဆက်တည်းပြောပြလိုက်သည်။

ဦးဗန်ကောင်းကတော့ ကွမ်းတမြုံ့မြုံ့ ဝါးနေရင်းမှ နားထောင်နေသည်။

"ပယောဂအနှောင့်အယှက်တွေကတော့ နေရာတကာမှာ အများကြီးရှိနေတာပါပဲ၊ ရေများရေနိုင် မီးများမီးနိုင်ဆိုသလို ဘုရားတရားဆည်းကပ်ကိုးကွယ်တဲ့နေရာတွေဆိုရင် မိစ္ဆာတွေက ပြုစားနှိပ်စက်ဖို့မဆိုထားနဲ့ အနားတောင်မကပ်နိုင်ကြပါဘူး"

"မှန်ပါတယ်"

ဦးထန်ဖုန်းရှိန်က ထောက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြသည်။

"ဘုရားမရှိ၊ တရားမရှိဘဲ မကောင်းမှုတွေသာရှိတဲ့နေရာတွေကို မိစ္ဆာတွေရောက်လာပြီး ပြုစားနှောင့်ယှက်တာအဆန်းတော့မဟုတ်ပါဘူး"

"မှန်ပါတယ် ဆရာကြီး၊ ဖြစ်နိုင်ရင် ကျွန်တော်တို့နဲ့ လိုက်လာပြီး အကူအညီပေးပါဦး"

"မိတ်ဟောင်းဆွေဟောင်းတွေပဲကွာ အကြောင်းရှိနေမှတော့ လိုက်ခဲ့ရမှာပေါ့၊ မင်းတို့ရွာရောက်တော့လည်း မင်းအဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့လည်း တွေ့ရတာပေါ့"

ဟုပြောသဖြင့် နီမောင်မှာဝမ်းသာသွားလေသည်။

ထို့နောက်ဦးဗန်ကောင်းကို တစ်ပါတည်းခေါ်ကာ ဖယ်နောင်မြို့သို့ ပြန်လာကြသည်။

ဖယ်နောင်သို့ပြန်ရောက်သောအခါ ဂါတ်တဲသို့အရင်သွားကြသည်။

သူတို့ပြန်ရောက်သွားတော့ ဦးမင်းဒင်အလောင်းပင် မြေမချရသေးပေ။

ထိုနေရာရောက်ကတည်းက ဦးဗန်ကောင်းကအခြေအနေကြည့်ပြီး အတတ်ပြောသည်။

"ဒီဝင်းထဲမှာ အောက်လမ်းပညာကျွမ်းကျင်တဲ့ ဆရာတစ်ယောက်က မိစ္ဆာရုပ်နဲ့တိုက်ထားတယ်၊ ဒီရုပ်တုရှိနေသရွေ့ နောက်ထပ်လူတွေ သေကြဦးမှာပဲ"

ထိုစကားကြားတော့ စာရေးကြီးမှာ များစွာကြောက်ရွံ့သွားပြီး တောင်းပန်ပြောဆိုလေသည်။

"ဆရာကြီးရယ် ဒီအရုပ်ကို ဖော်နိုင်ရင်ဖော်ပေးခဲ့ပါဗျာ၊ မဟုတ်ရင်တော့ အားလုံးဒုက္ခတွေ့ကြပါလိမ့်မယ်"

"ဒီလောက်စိတ်မပူပါနဲ့လေ. .၊ မကြာခင်အဖြေသိရအောင် လုပ်ပေးထားခဲ့ပါ့မယ်၊ ခင်ဗျားတို့ဂါတ်မှာ ဘုရားစင်ရှိသလား၊ ဗုဒ္ဓရုပ်ပွားတော်ရှိသလား"

"မ. . မရှိဘူး ဆရာကြီး"

"ဒါကြောင့် အတားအဆီးမရှိဘဲ. . မိစ္ဆာတွေက ဝင်ချင်





တိုင်းဝင် ထွက်ချင်တိုင်းထွက်နေတာပဲ"

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ကျုပ်ဆီမှာတော့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပါလာပါတယ်၊ လုပ်စရာရှိတာ လုပ်ပါ့မယ်"

ဟုပြောပြီး၊ ဂါတ်တဲအပေါ်ထပ်တက်သွားပြီး ဦးမင်းဒင်နေသွားသော အခန်းထဲသို့ဝင်ကာ ဗုဒ္ဓရုပ်ပွားတော်ကို ခေါင်းရင်းဘက်စင်မြင့်ပေါ်မှာတင်သည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ကလည်း. . အတူတူလိုက်သွားပြီး လိုသောကိစ္စများကို ပြုလုပ်ပေးကြသည်။

ဦးဗန်ကောင်းက တစ်နေ့လုံးရုပ်ပွားတော်ရှေ့မှာ ဆီမီးတိုင်ထွန်းပြီး၊ ပရိတ်ရွတ်ခြင်း၊ ဂါထာမန္တန်များရွတ်ဆိုခြင်းများ ပြုလုပ်လေသည်။

ရုပ်ပွားတော်မှ (၉)လက်မခန့်ရှိပြီး. . ရွှေချထားသော ဒက္ခိဏာသာခါ ရုပ်ပွားတော်ပင်ဖြစ်သည်။

နေဝင်ခါနီးတော့ ဦးဗန်ကောင်းက မှာသည်။

"ဒီည အတိုက်အခိုက်လုပ်ထားတဲ့ မိစ္ဆာရုပ်ကို ရှာရမယ်၊ အနှောင့်အယှက်တွေကတော့ လာမှာပဲ၊ အလောင်းမချသေးတော့ အလောင်းထားတဲ့နေရာမှာလည်း သေသေချာချာစောင့်ကြရလိမ့်မယ်"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဖုတ်ဝင်လာနိုင်တယ်"

ဦးဗန်ကောင်းက အေးအေးဆေးဆေး ပြောလိုက်သော်



www.burmeseclassic.com

www.burmeseclassic.com


လည်း အနားမှာရှိနေကြသူများမှာ မျက်လုံးပြူးသွားကြသည်။

"ဖုတ်ဝင်လာရင်တော့ အခက်ပဲ. . ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"နတ်စင်ရှိတဲ့ နေရာကိုသွားပြီး နတ်စင်ပေါ်မှာ တင်ထားတဲ့ ဓားဖြစ်ဖြစ်၊ လှံဖြစ်ဖြစ် ခဏယူလာခဲ့၊ နောက်ပြီး တံမြက်စည်းတွေလည်း အလောင်းနားမှာ အဆင်သင့်ထောင်ထား. . ၊ ကျုပ်မှာထားတာတွေကို နေမဝင်ခင် ရအောင်ရှာထားပေတော့"

ဟုမှာသဖြင့် စာရေးကြီးက ပုလိပ်များကိုခေါ်ပြီး ဦးဗန်ကောင်းမှာသော ပစ္စည်းများကို မရရအောင် ရှာဖွေယူဆောင်လာခဲ့ရန် စေလွှတ်လိုက်လေသည်။

ထို့နောက်မှာတော့ နေမဝင်ခင်ပြုလုပ်စရာရှိသည်များကို ပြီးအောင်ပြုလုပ်ကြလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ဦးဗန်းကောင်း ပယောဂနှင့်သက်ဆိုင်သော အစီအစဉ်များကို ပြုလုပ်လေသည်။

နီမောင်နှင့်ဦးထန်ဖုန်းရှိန်တို့ကတော့ လိုအပ်တာများကို ဝိုင်းလုပ်ပေးကြလေသည်။

ဦးမင်းဒင်အလောင်းကိုတော့ ပုလိပ်များနေသော တန်းလျားများရှေ့ဘက်၌ လေးတိုင်စင်ဖြင့်ပြုလုပ်ထားသော စင်ပေါ်သို့တင်ထားပြီး အဝတ်အုပ်ထားသည်။

အသုဘရှိသောနေရာ၌ ဂျူတီမရှိသော ပုလိပ်များနှင့် ၎င်းတို့၏မိသားစုများ ရှိနေကြသည်။



သို့သော်လည်း ဦးဗန်ကောင်းပြောထားသော 'ဖုတ်ဝင်လာတတ်သည်' ဆိုသောစကားကို တစ်ဆင့်စကားဖြင့် ကြားထားရသဖြင့် မိုးချုပ်လာသည်နှင့် ကြောက်လန့်နေကြသည်။

အချို့လည်း အဆောင်များနှင့် မနီးမဝေးမှာတင်ထားသောအလောင်းကို တကြည့်ကြည့်နှင့် ဖြစ်နေကြသည်။

လေတိုက်သဖြင့် အပေါ်မှဖုံးထားသော အဝတ်လှုပ်နေသည်ကိုပင် အလောင်းထလာသည်ဟု စိတ်ထဲမှ ထင်နေကာ ကြောက်ရွံ့နေကြသည်။

ဦးဗန်ကောင်းကတော့ ပရိတ်ရေ ပရိတ်ကြိုးများကို အတော်များများ ပြင်ဆင်ထားသည်။

ပယောဂနှင်ရာမှာ အသုံးပြုသောအင်းချပ်လေးချပ်ကိုလည်း အဆောက်အအုံရှိသော နေရာလေးထောင့်တွင် ချထားကာ. . အပေါ်မှ ဖယောင်းတိုင်ထွန်းထားလေသည်။

လေတိုက်နေသောကြောင့် မီးရောင်က ပျောက်လိုက်ပေါ်လိုက်နှင့် ဖြစ်နေသည်။

အားလုံးပြင်ဆင်ပြီးတော့မှ ဦးဗန်ကောင်းကပြောသည်။

"နီမောင် ဒီပရိတ်ရေနဲ့ ဆန်မန်းပေါက်ပေါက်ကို ဒီဝင်းထဲမှာ နေရာမလပ်အောင် လိုက်ဖျန်းပေတော့၊ ပြီးရင်. . ဘယ်နေရာက မီးခိုးငွေ့ထွက်တယ်၊ ဘယ်နေရာမှာ ဆန်မန်းပေါက်ပေါက်တွေ ခုန်နေပယ်ဆိုတာလည်း. . သေသေချာချာကြည့်ထား"

"ဟုတ်ကဲ့"


www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဦးဗန်ကောင်းပေးသော ပရိတ်ရေကိုယူပြီး နီမောင်နှင့် ဦးထန်ဖုန်းရှိန်တို့နှစ်ယောက်က ဂါတ်တဲဝန်းအတွင်းသို့ လိုက်လံဖျန်းလေသည်။

ထိုသို့ဖျန်းပြီးတော့လည်း အခြေအနေက မထူးခြားသေးပေ၊ သို့အခိုက်မှာပင် ဂါတ်တဲဝင်းအပြင်ဘက်၊ ဖဲမှောင်ရိ... များ ရှိသောနေရာဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများတပြိုင်နက်ပေါ်လာသည်။

"ခွေးအူသံ၊ ဟောင်သံတွေ တစ်ပြိုင်တည်းကြားရရင် မကောင်းဆိုးဝါးတွေ ဝင်လာတတ်တယ် သတိထား"

ဟုပြောနေစဉ် အလောင်းထားသောနေရာဘက်မှ . . ဆူဆူညံညံအော်ဟစ်သံများ ပေါ်ထွက်လာသည်။

"အမယ်လေး . . လုပ်ကြပါဦး၊ ကယ်ကြပါဦး"

ထိုအသံများကြားသည်နှင့် ဦးဗန်ကောင်းက . .

"နီမောင် အဲဒီဘက်ကို မြန်မြန်သွားစမ်း၊ တစ်ခုခုဖြစ်ရင် ငါပြောထားတဲ့အတိုင်းလုပ်နော် ဘာမှမကြောက်နဲ့"

"ဟုတ်ကဲ့"

ဦးဗန်ကောင်းက ပြောသဖြင့် နီမောင်လည်း ထိုနေရာဘက်သို့ ပြေးလာခဲ့သည်။

ထိုနေရာရောက်တော့ မြင်ကွင်းက မကောင်းလှပေ စင်ပေါ်မှာတင်ထားသော ဦးမင်းဒင်အလောင်းက ထထိုင်နေလေပြီ။

အနီးပတ်ဝန်းကျင်မှာ ရှိနေကြသူများမှာလည်း အော်သူ





ကအော်၊ ပြေးသူကပြေးနှင့် ရှုပ်ယှက်ခတ်နေတော့သည်။

မိန်းမအော်သံ၊ ကလေးများကြောက်လန့်တကြားငိုသံများမှာ ဆူညံနေတော့သည်။

ကြည့်လိုက်တော့ . . အလောင်းနားမှာ ဘယ်သူမှမရှိတော့ပေ၊ နီမောင်က ထိုနေရာပြေးဝင်သွားပြီး ကြည့်လိုက်တော့ အလောင်းစင်နံဘေးမှာ ချထားသော ဓါးတစ်လက်နှင့် တံမြက်စည်းတစ်ချောင်းကို တွေ့ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ထိုအရာနှစ်ခုစလုံးကို ကောက်ယူလိုက်သည်။

ပြီးလျှင် စင်ပေါ်မှာထိုင်နေသော အလောင်းကို တံမြက်စည်းဖြင့် ရိုက်သည်။

ထိုသို့ရိုက်သော်လည်း ပြန်လဲကျမသွားပေ။

ထိုင်မြဲထိုင်လျက်သားပင် ရှိနေသည်။

ထို့ကြောင့် 'မခုတ်ဓား' ဟုခေါ်သော နတ်စင်မှာ တင်ထားသော ဓားဖြင့်ခုတ်တော့မှ နောက်သို့ပြန်လဲကျသွားလေသည်။

ထိုသို့လဲကျသွားသောအခါ မနီးမဝေးမှာရှိသော ပုလိပ်များကိုခေါ်ကာ ပရိတ်ရေဖျန်းထားသောကြိုးများဖြင့် တုပ်နှောင်ကာ အပေါ်မှ အဝတ်ပြန်ဖုံးပေးထားလိုက်လေသည်။

ထိုကိစ္စပြီးတော့မှ ဦးဗန်ကောင်းရှိသောနေရာသို့ ပြန်လာလေသည်။

"ပြီးခဲ့ပြီလား"

"ပြီးခဲ့ပြီ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"မင်း သတ္တိကောင်းပြီး ဦးလို့သာပဲ၊ အလောင်းကောင်း မျက်လုံးဖွင့်ပြီး ထလာရင် မလွယ်တော့ဘူး"

နီမောင်က ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

ထိုနေရာပြန်ရောက်တော့ ဦးဗန်ကောင်းက ဆန်မန်း ပေါက်ပေါက်များကို ပေးပြန်သဖြင့် ဝင်းတစ်ခုလုံး လိုက်လံကြဲ ရပြန်လေသည်။

စောစောက ပရိတ်ရေများဖျန်းစဉ်က သိပ်မထူးခြား သော်လည်း၊ ဆန်မန်းပေါက်ပေါက်များ ကြဲလိုက်သောအခါ မကြာမီမှာပင် ထူးခြားမှုတစ်ခုကို စတင်တွေ့ရလေသည်။

ဂါတ်တဲထောင့်တစ်နေရာရှိ မြေပြင်မှ . . မီးခိုးငွေ့များ တလူလူထွက်လာလေသည်။

သို့ကြောင့် . . ထိုနေရာသို့ သွားကြသည်။

သူတို့ အနားရောက်သွားတော့ ကြဲထားသောဆန်မန်း ပေါက်ပေါက်တို့မှာ ပုစွန်ဆိတ်များခုန်နေသကဲ့သို့ တဖျပ်ဖျပ်ခုန် နေသည်ကို တွေ့ရသည်။

ဦးဗန်ကောင်းက မီးခိုးထွက်သောနေရာကို စက်ဝိုင်းပိုင်း ကာတူးလေသည်။

သိပ်နက်အောင် မတူးလိုက်ရပေ

မြေထဲမှာမြှုပ်ထားသော ရုပ်တုတစ်ခုကို တွေ့ရသဖြင့် ထုတ်ယူလိုက်လေသည်။

ရုပ်တုမှာ အရွယ်အစားသိပ်မကြီးသော်လည်း လက်ရာ မြောက်စွာ ထုလုပ်ထားသော ဘီလူးရုပ်တုပင် ဖြစ်လေသည်။





မျက်နှာပေါ်မှာလည်း မျက်နှာဖုံးတစ်ခု တပ်ဆင်ထား သည်။

"မှော်ဝင်မျက်နှာဖုံးပါလား"

ဦးဗန်ကောင်း ရေရွတ်သံကြားတော့ နီမောင်ကမေး လိုက်လေသည်။

"မှော်ဝင်မျက်နှာဖုံးဆိုတာ ဘယ်လိုဟာမျိုးလဲ ဆရာ ကြီး"

"မင်းတို့ တောထဲသွားတဲ့အခါ နောက်ကနေ ကျားမဆွဲ အောင်မျက်နှာဖုံးတပ်ထားကြတယ် မဟုတ်လား"

"ဟုတ်တယ် ဆရာကြီး၊ သရဲမျက်နှာဖုံးလို့ ခေါ်တယ်"

"သရဲမျက်နှာဖုံးက သာမန်ကျားဝင်မဆွဲအောင် တပ် ကြတာ၊ မှော်ဝင်မျက်နှာဖုံးဆိုတာ ပယောဂဆရာတွေ၊ အောက် လမ်းဆရာတွေ စီရင်ထားတဲ့ မျက်နှာဖုံးမျိုးပဲ၊ လူမျက်နှာပေါ်မှာ တပ်ပေးလိုက်ရင် လူစိတ်ပျောက်ပြီး မကောင်းဆိုးဝါးစိတ် ဝင် ရတတ်တယ်"

ထိုစကားကြောင့် အံ့သြသွားကြလေသည်။

"ဒါမှမဟုတ် သေပြီးသား လူတစ်ယောက်ရဲ့ မျက်နှာကို တပ်ပေးလိုက်ရင်လည်း ဖုတ်ဝင်လာပြီးတော့ ဆရာခိုင်းတဲ့အ တိုင်း လုပ်တယ်၊ မှော်ဝင်မျက်နှာဖုံးဆိုတာ အောက်လမ်းပညာ နဲ့ စီရင်ထားတဲ့ မျက်နှာဖုံးတစ်ခုပဲပေါ့"

ဟု ပြောကာ မြေကျင်းထဲမှရသော ဘီလူးရုပ်ကို အဝတ် အိတ်တစ်လုံးထဲသို့ထည့်ကာ ပိတ်ချည်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ စာရေးကြီးနဲ့ ပုလိပ်များကို ခေါ်ပြောလေသည်။

"ဒီစခန်းမှာရှိတဲ့ အတိုက်အခိုက်လုပ်ထားတာတွေကိုတော့ ဖယ်ရှားပေးလိုက်ပါပြီ၊ နောက်ပိုင်းတော့ ဆိုးဆိုးဝါးဝါး အနှောင့်အယှက်တွေ တွေ့ရတော့မှာမဟုတ်ပါဘူး"

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်၊ ဆရာကြီးသာ မကယ်ရင်တော့ ကျုပ်တို့စခန်းတစ်ခုလုံး အခက်ပါပဲ"

"နောက်ပိုင်းတော့ ဂါတ်တဲအပေါ်ထပ်မှာပဲဖြစ်ဖြစ်. . ဘုရားစင်နဲ့ ရုပ်ပွားတော်တင်ထားရင်. . ခင်ဗျားတို့အတွက် အနှောင့်အယှက်တွေ ပိုပြီးကင်းပါလိမ့်မယ်"

"အသုဘကိစ္စတွေပြီးရင်တော့ ဆရာကြီးပြောတဲ့အတိုင်း လုပ်ထားပါ့မယ်"

ဟုကတိပေးလေသည်။

ထိုညက အနှောင့်အယှက်များ ကင်းစွာအိပ်ကြရပြီး နောက်တစ်နေ့နံနက်စောစောမှာတော့ နီမောင်နှင့် ဦးထန်ဖုန်းရှိန်တို့နှစ်ယောက်မှာ ဆရာကြီးဦးဗန်ကောင်းကိုပါ တစ်ပါတည်း ခေါ်ဆောင်လျက် ဟန်ဆီလုံရွာသို့ ပြန်လာခဲ့ကြလေသည်။





# အခန်း (၁၂)

# တောပင်နှင့် ချွေးစမ်းပညာ

နေ့လယ်ပိုင်းအချိန်တွင် ရွာသို့ပြန်ရောက်သွားကြပြီး ဦးဗန်ကောင်းက နီမောင်တို့အိမ်သို့ လိုက်သွားလေသည်။

နီမောင့်မိဘများဖြစ်ကြသော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ကလည်း မမျှော်လင့်ပဲ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်နှင့် ပြန်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေသည်။

ညနေဘက်ရောက်တော့ နီမောင်က ဦးဗန်ကောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပါခေါ်ပြီး မြလေးခင်တို့ အိမ်သို့သွားလေသည်။

ဦးရွှေမှုံနှင့် ဒေါ်မယ်ခင်တို့ကလည်း အကျိုးအကြောင်း သိရသောအခါ ဝမ်းသာကြပြီး ကောင်းမွန်စွာဧည့်ခံ ကြိုဆိုလေသည်။

"နီမောင် ဟိုရက်ကဦးထန်ဖုန်းရှိန်နဲ့ ဖယ်နောင်ဂါတ်တဲ သွားကြတယ်လို့သတင်းကြားပါတယ် ဟိုမှာဘယ်လိုအကြောင်း ပေါ်နေလို့လဲ"

ဟုဦးရွှေမှုံကမေးသည်။

နီမောင်က စံနက်ကျော် သေပြီးနောက်တွင် ဖယ်နောင်ဂါတ်ထဲ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ပြောပြလိုက်ရာ ကြားရသူများမှာ တအံ့တသြ ဖြစ်ကြလေသည်။

"ဒီလိုဆိုရင် ငါသားလေးရွှေထွန်း သေရတာလည်း ဒီလူယုတ်မာတွေလက်ချက်ဆိုတာ သေချာပြီပေါ့"

ဒေါ်မယ်ခင်က မကျေမနပ်ဖြင့်. . .

"ဒါကြောင့် ဆရာကြီးကိုပါ ဒီကိုတစ်ပါတည်း ခေါ်လာခဲ့တာပါ ဆရာကြီးကကျွန်တော်တို့မိသားစုနဲ့ မိတ်ဟောင်းဆွေဟောင်းတွေပါပဲ"

"အခုလို တကူးတကခေါ်လာပေးတာ ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

ဟုဒေါ်မယ်ခင်ကပြောသည်။

ထိုသို့ပြောသောအခါ ဦးရွှေမှုံကပါ. . .

"တကူးတကာလိုက်လာပေးတဲ့ ဆရာကြီးကိုလည်း. .





ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့တစ်အိမ်သားလုံးကို ဆရာကြီးလက်ထဲကို အပ်ပါတယ်၊ ကြည့်ရှုစောင့်ရှောက်ပေးပါ ဆရာကြီးရယ်"

ဟု ပြောဆိုအပ်နှံလေသည်။

ဦးဇန်ကောင်လည်း ကွမ်းတမြုံမြုံဝါးရင်းဖြင့် နားထောင်နေရာမှ စကားဆိုတော့ပြောသည်။

"ကျုပ်တတ်နိုင်သလောက်တော့ အကူအညီပေးပါမယ်၊ နီမောင်က ကြိုပြီးပြောပြထားလို့ ဒီအိမ်မှာဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကိုလည်း သိတန်သလောက်သိထားပြီးပါပြီ၊ သေသွားတဲ့ ခင်ဗျားသားအတွက်လည်း စိတ်မကောင်းပါဘူး"

ဦးရွှေမှုံက ခေါင်းညိတ်ရုံညိတ်ပြသော်လည်း ဒေါ်မယ်ခင်က မျက်ရည်စတို့ကို အကျီစဖြင့်သုတ်ရင်းမှ. . .

"ကံတရားပေါ့ ဆရာကြီးရယ်"

ဟုပြောလေသည်။

"ကျုပ် ရောဂါဖြစ်နေတဲ့ ခင်ဗျားသမီးလေးကိုစစ်ဆေးကြည့်ပေးပါမယ်၊ ခွင့်ပြုပေးကြပါ"

"ခွင့်ပြုပါတယ် ဆရာကြီးရယ်၊ ဆရာကြီးလက်ကိုပဲ အပ်ပါတယ်. . သဘောကျသလိုသာ ကုသပေးပါ"

ဟုနှစ်ယောက်စလုံးက ကျေကျေနပ်နပ်နှင့်ပင် အပ်နှံကြလေသည်။ ထို့နောက် ဒေါ်မယ်ခင်က ခေါ်လိုက်ရာ မြလေးခင်က အခန်းထဲမှထွက်လာသည်။

ကိုယ်ပေါ်မှာ စောင်အပါးတစ်ထည်ကို ခြုံထားသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဗိုက်ကတော့ သုံးလေးလကိုယ်ဝန်အရွယ်ခန့် ရှိနေလေသည်။

ဦးဇန်ကောင်းက မနီးမဝေးမှာလာထိုင်သော မြလေးခင်ကို အကဲခတ်သလို ကြည့်လေသည်။

မြလေးခင်ကတော့ ရှက်ရွံ့သောအမူအရာများဖြင့် ဦးဇန်ကောင်းမျက်နှာကိုပင် ရဲရဲမကြည့်ဘဲ ဦးခေါင်းငုံ့ထားလေသည်။

အတန်ကြာအောင် ကြည့်ရှုပြီးမှ မိခင်ဖြစ်သူကိုမေးသည်။

"ဒီမိန်ကလေး ကိုယ်ဝန်မရှိခင်နဲ့ အခုကိုယ်ဝန်ရှိပြီးမှ ဘယ်လိုကွာခြားမှုတွေ ထူးခြားမှုတွေရှိသလဲဆိုတာ တစ်ဆိတ်လောက်ပြောပြပေးပါ"

ထိုအခါ ဒေါ်မယ်ခင်က အတော်ကြာအောင်စဉ်းစားပြီးမှ. .

"ထူးခြားတာကတော့ ကိုယ်ဝန်ရပြီးကတည်းက တစ်ခါမှမစားတဲ့ အမဲသားလိုအသားတွေကို မကြာခဏ ချက်ခိုင်းပြီး တောင်းစားနေတာပါပဲ၊ ကျွန်မတို့လည်း ကိုယ်ဝန်ရှိစ ချင်ခြင်းတပ်တယ် ထင်တာနဲ့. . ."

ဟုပြောကာ စကားမဆက်တော့ဘဲ ရပ်လိုက်သည်။

ဦးဇန်ကောင်းက ထိုစကားကြားတော့ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီးမှ၊ ရှက်လွန်းသဖြင့် မျက်ရည်အဝိုင်းသားဖြစ်နေသော မြလေးခင်ကို အနားတိုးဝင်ပြီး ဘယ်လက်ကို





ယူ၍ သေချာစစ်ကြည့်လေသည်။

လက်ကိုစမ်းကြည့်ပြီးမှ လက်ချောင်းငါးချောင်းကို တစ်ချောင်းစီ စမ်းကြည့်နေပြန်သည်။

ကျေနပ်လောက်အောင် စမ်းကြည့်ပြီးမှ ပြောသည်။

"ကံကြမ္မာဆိုးတွေ နှောင့်ယှက်တော့လည်း ဒီလိုပဲခံကြရပါတယ်၊ အခုတော့ မိန်းကလေးမှာ ဘာအပြစ်မှမရှိရှာဘဲ ခင်ဗျားတို့လည်း အရှက်အရ၊ သူလည်းအရှက်အကွဲဖြစ်ပြီး ဒုက္ခရောက်ရတော့တယ်"

ထိုစကားကြားတော့ မျက်လုံးပြူးထွားကြလေသည်။

"ဘယ်. . ဘယ်လိုဖြစ်လို့လဲ ဆရာကြီး"

"ဒီ မိန်းကလေးမှာ ဘာအပြစ်မှမရှိပါဘူး၊ သူ့ဗိုက်ထဲမှာ ကိုယ်ဝန်ရှိနေတာလည်း မဟုတ်ပါဘူး၊ တောပင်းဝင်နေတာပါ. ."

"ဗျာ. . ."

"ရှင်. . ."

ဦးရွှေမှုံရော ဒေါ်မယ်ခင်ပါ တအံ့တသြ ဖြစ်သွားကြသည်။ ထိုစကားကြားသောအခါ မြလေးခင်မှာ ဝမ်းသာလွန်းသောကြောင့် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ချုံးပွဲချကာ ငိုလေတော့သည်။

ထိုစကားကိုကြားသောအခါ. . . အခြေအနေကိုလာရောက်နားထောင်နေကြသော ရင်မေနှင့်မာလာတို့မှာ မျက်နှာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်အနေနဲ့ကတော့ ပြောစရာမလိုတော့ပေ. . ။ ချစ်သူတစ်ယောက် အနေဖြင့်သော်လည်းကောင်း၊ သူ ကူညီဆောင်ရွက်ပေးခဲ့သောကြောင့် မိန်းကလေးတစ်ယောက် ဘဝပျက်ရတော့မည့် အခြေအနေ. . ပတ်ဝန်းကျင် တံတွေးခွက်၌ ပက်လက်မျောရတော့မည့် အခြေအနေမျိုးမှ. . လွတ်မြောက်ရတော့မည့် အခြေအနေကြောင့်သော်လည်းကောင်း များစွာဝမ်းသာနေမိလေသည်။

"ဆရာကြီးရယ် တကယ်ပြောတာလားဗျာ . ."

"တကယ်ပြောတာပါ သူ့ဝမ်းထဲမှာရှိတဲ့ တောပင်းကို ထုတ်လိုက်ရင် အရင်လိုအတိုင်း ပြန်ဖြစ်သွားမှာပါ"

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ်တို့မိသားစုမှာ ပတ်ဝန်းကျင်ကို မျက်နှာမပြရဲလောက်အောင် ဖြစ်နေကြတာပါ အခုမှပဲ. ."

ရင်ထဲမှာ ဆို့နင့်နေသောကြောင့် ပြောနေသောစကားက တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားလေသည်။

ဝမ်းသာလွန်းသဖြင့် တရှုံ့ရှုံ့ငိုနေသော ဒေါ်မယ်ခင်ကလည်း. . .

"ကျုပ်သားလေးရွှေထွန်း သေရတာ အခုလိုအဖြစ်အပျက်တွေကြောင့် သေရတာပါ။ အခုလိုသာသိရင် ဘယ်လောက်များဝမ်းသာလိမ့်မလဲ၊ ဆရာကြီးကိုလည်း ကျေးဇူးတင်လိုက်တာ၊ ဆရာကြီးကို ဒီအိမ်ရောက်အောင် ခေါ်လာပေးတဲ့နီမောင်ကိုပါ ကျေးဇူးတင်လိုက်တာ. . ."





ဟုတာဖွဖွပြောနေလေသည်"

ထို့နောက်မှာတော့. . နောက်တစ်နေ့တွင် ဝမ်းထဲမှာရောက်နေသော တောပင်းကို ထုတ်ပေးမည်ဟုပြောကာ. . မြလေးခင်လည်ပင်းကို ပရိတ်ချည်မန်းကွင်းဖြင့် စွပ်ပေးထားလိုက်လေသည်။

"ဒီကနေ့ညမှာ သက်ဆိုင်ရာတောပင်းကို ခေါ်ရမှာဆိုတော့ နောက်ကအနှောင့်အယှက်တွေပါ ပါချင်ပါလာနိုင်တယ်၊ ဒါပေမယ့် ကျုပ်ဒီမှာနေပြီး ဖယ်ရှားပေးပါ့မယ်"

"ကောင်းပါပြီ ဆရာကြီး"

"လိုတဲ့ပစ္စည်းလေးတွေတော့ အခုကတည်းက ပြင်ဆင်ထားရမယ်"

ဟုပြောပြလေရာ ဦးရွှေမှုံတို့ကလည်း လိုလေသေးမရှိအောင် ပြင်ဆင်ပေးကြလေသည်။

နီမောင်လည်း မပြန်တော့ပဲနှင့် ဆရာကြီးဦးဗန်ကောင်းကို ကူညီလုပ်ကိုင်ပေးရလေသည်။

ထိုသတင်းကိုကြားပြီး တောထဲမှာ ပြန်ရောက်လာကြသော စောထီးနှင့် ငမဲအောင်တို့ပါ ရောက်လာကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်၊ ရင်မေ၊ မာလာတို့ငါးယောက်ဆုံမိတော့ ရင်မေကပြောသည်။

"နီမောင်. . နင်အခုတော့ မြလေးခင်အပေါ် အထင်လွဲနေတာတွေပြေပျောက်သွားပြီမဟုတ်လား၊ ငါအစကတည်းကပဲ မပြောဘူးလား၊ မြလေးခင်က ဒီလိုစည်းမဲ့ကမ်းမဲ့ နေတတ်သူ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူးလို့. . "

နီမောင်ကတော့ ပြုံးရုံသာ ပြုံးနေလေသည်။

ထိုအခါ စောထီးကဝင်ပြောလေသည်။

"နီမောင်က သဘောထားကြီးတဲ့သူဆိုတော့ မြလေးခင်ကိုအစကတည်းက ခွင့်လွှတ်ပေးပြီးသားပါ၊ ဒါထက်နင်တို့သာ အဲသလိုဖြစ်ရင် နင်တို့ချစ်သူတွေက သူ့လိုသဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးနိုင်ပါ့မလား"

"သေနာကောင်. . "

နှစ်ယောက်စလုံးက ပြိုင်တူပြောလိုက်လေသည်။

ဘာပဲဖြစ်ဖြစ် သူတို့အားလုံးရင်ထဲမှာ အစိုင်အခဲလိုဖြစ်နေသောအရာတစ်ခု ပြောလျှော့သွားခဲ့ပြီးဖြစ်သောကြောင့် အားလုံးစိတ်သက်သာရာ ရသွားကြသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့. . နီမောင်က ဦးဗန်ကောင်းအတွက်လိုအပ်သော ကိစ္စများကိုလုပ်ပေးရင်း သိချင်တာကို မေးလိုက်သည်။

"ဆရာကြီး ကျွန်တော်သိချင်တာကို မေးချင်လို့ပါ"

"မေးပေါ့ကွာ. . "

"ညနေက မြလေးခင်ရဲ့လက်ကို သွေးစမ်းကြည့်ရုံနဲ့ တောပင်းဖြစ်တာကို သိလားဟင်"

"သိတာပေါ့ကွ၊ ဒါမြန်မာ့ရိုးရာ သွေးစမ်းပညာတွေထဲမှာပါတာပဲ၊ သွေးစမ်းကြည့်ရုံနဲ့ ကိုယ်ဝန်ရှိနေတာလား၊ တခြားပယောဂ နှောင့်ယှက်လို့ဖြစ်နေတာလားဆိုတာ သိနိုင်တာပဲ"

နီမောင်က စိတ်ဝင်စားသွားလေသည်။

"ကျွန်တော့်ကို နည်းနည်းလောက် ရှင်းပြပေးပါလား ဆရာကြီး"

ဦးဗန်ကောင်းက သွေးစမ်းသပ်သည့် ပညာအကြောင်းကို အကျဉ်းမျှပြောပြလေသည်။

သွေးစမ်းသပ်ရမည့်ဌာနမှာ ယောကျ်ားဖြစ်လက်ယာ၊ မိန်းမဖြစ်လက်ဝဲဘက် လက်ကောက်ဝတ်ကို လက်မရင်း၌ စမ်းသပ်ရမည်။

အကြောင်းမှာ ထိုနေရာများ၌ သွေးကြောများ ကွန့်မြူးကြ၏။ ယင်းသွေးကြောကို "ဇီဝသက္ခိနီ" သက်စောင့်သွေးကြော (သို့မဟုတ်) အသက်၏သက်သေသွေးကြောဟု ခေါ်သည်။

သွေးစမ်းသပ်ပုံမှာ ဖော်ပြပါလက်ကောက်ဝတ်၊ လက်မရင်း သွေးကြောပေါ်၌ ဆရာ၏လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်သုံးချောင်းတို့ကို အကြောမိအောင် ဖိနှိပ်၍လည်းကောင်း၊ သွေးသွားလာလှုပ်ရှားနိုင်အောင် အနည်းငယ်ဖော့၍လည်းကောင်း၊ အတင်းအလျှော့ အနေတော် ချိန်ဆလျက် စမ်းသပ်ရမည်။

သွေးစမ်းသပ်ခံသည် သူနာကိုလည်း အသက်မှန်စွာရှူရှိုက်စေလျက် လက်ကိုမတောင့်မတင်း၊ မပြင်းမပျော့၊ အလိုက်သင့်. . အောက်သို့ညွတ်ငိုက်၍ထားစေရမည်။

ဆရာသည်လည်းအသက်ကို ရှူရှိုက်လျက် ခိုင်မြဲသော




www.burmeseclassic.com

www.burmeseclassic.com

သမာဓိဖြင့် သွေး၏သွားလာမှုအာရုံ၌ စူးစိုက်စွာထား၍ သတိပြုစဉ်းစားရမည်။

လက်သုံးချောင်းတို့တွင် ပထမလက်ချောင်း၏ အောက်၌ လေ၏သဘောကို ပြသည်။

ဒုတိယလက်ချောင်း၏ အောက်၌ သည်းခြေ၏ သဘောကိုပြသည်။

တတိယလက်ချောင်း၏ အောက်၌ သလိပ်၏ သဘောကိုပြသည်။

ရှင်းအောင်ထပ်မံဆိုရသော်. .

ရှေးဦးစွာ အလျင်အမြန်တိုးလာခြင်းသည် လေ၏သဘောကိုပြသည်။

ဒုတိယ ချွန်၍ ထောင်၍ တိုးလာခြင်းသည် သည်းခြေ၏သဘောကို ပြသည်။

တတိယ ဖြည်းလေးညင်သာစွာ တိုးလာခြင်းသည် သလိပ်၏သဘောကို ပြသည်။

ထိုဒေါသတို့၏ သဘောကို သိမှတ်နိုင်လျှင် ရောဂါ၏ပင်မကို တွေ့ရပါမည်။

"ပရိက္ခာ" ကျမ်းတို့၌ ဒေါသအလိုက် သွေးတိုးလာပုံကို သတ္တဝါတို့၏ သွားလာပုံနှင့် ယှဉ်ဟပ်ပြဆိုထားလေသည်။

သွေးကြောသည် မြွေ၊ မြွေသွားသကဲ့သို့ ကွေ့ကောက်တွန့်လိမ်လှုပ်ရှားမှု လေ၏သဘောကိုပြ၏။ ဤသည်မှာ လေပြဌာန်းသော ရောဂါရှိသည်ဟု သိမှတ်ရမည်။





ငှင်းသွေးတိုးလာပုံ လက္ခဏာကို. . လေပြဌာန်းသည့် သွက္ကာပါဒ၊ အဆစ်ကိုက်၊ ဝမ်းရင်၊ ဆီးအောင့် မီးယပ်သွေးချုပ်စသည့် ရောဂါတို့၌ တွေ့နိုင်သည်။

သွေးကြောသည် ကျီး၊ ဖားတို့သွားသကဲ့သို့ ခုန်၍ တိုးခြင်း၊ ချွန်ခြင်း၊ ထက်ခြင်း၊ သွေးလုံးပူခြင်းတို့ကိုတွေ့မူ သည်းခြေ၏သဘောကို ပြ၏။ ဤသည်မှာ သည်းခြေပြဌာန်းသော ရောဂါဖြစ်သည်ဟု မှတ်ရမည်။

ငှင်းသွေးတိုးပုံ လက္ခဏာကို သည်းခြေလွန်သောရောဂါ၊ အပြင်းဖျားသောသူ၊ အပူများ၊ ငန်းဖျား၊ သွေးဖျား ရောဂါတို့၌ တွေ့နိုင်သည်။

သွေးကြောသည် ဝမ်းဘဲ၊ ဟင်္သာ၊ ခိုငှက်တို့သွားသကဲ့သို့ ဖြည်းလေးညင်သာခြင်း၊ လှုပ်ရှားမှု အားနည်းခြင်းတို့ကို တွေ့မူ သလိပ်၏သဘောကို ဖော်ပြသည်။

ဤသည်မှာ သလိပ်ပြဌာန်းသောရောဂါ ရှိသည်ဟုမှတ်ယူရမည်။

ငှင်းသွေးတိုးပုံလက္ခဏာကို နှလုံးသွေးအားနည်းသောရောဂါ၊ သီတဖျား၊ သလိပ်ပန်း၊ မီးယပ်သွေးဆုပ် ရောဂါတို့၌တွေ့နိုင်သည်။

သွေးစမ်းပညာနှင့် ပတ်သတ်၍ အခြေခံ သိမှတ်ဖွယ်များကို အကျဉ်းချုပ်၍ ဖော်ပြပါမည်။

မြွေ၊ ဝမ်းဘဲများသွားသကဲ့သို့ လှုပ်ရှားမှု လေနှင့်သလိပ်ကိုပြသည်။


www.burmeseclassic.com

www.burmeseclassic.com



မြွေ၊ ဖားသွားသကဲ့သို့ လှုပ်ရှားမှု လေ၊ သည်းခြေ၊ သ လိပ်ကိုပြသည်။

သစ်တောက်ငှက်သည် သစ်တုံးကို နှုတ်သီးဖြင့် ထိ ခေါက်သကဲ့သို့ ရပ်၍ရပ်၍ သွားလာလှုပ်ရှားမှု သန္တိပါတ်ကို ပြ၏။

နှန့်နှန့်သွားခြင်း၊ လိမ်ကောက်၍ သွားခြင်းများ ဆေ ယှက်နေမှု သန္တိပါတ်ကိုပြသည်။

အငွေ့ပူ၍ လျှင်မြန်စွာလှုပ်ရှားမှု အဖျားရောဂါရှိသည် ကိုပြ၏။

သွေးကြောသည် သေးနှန့်နှန့်လှုပ်ရှားမှု ကြောက်ခြင်း နှင့်အကြံများခြင်းကိုပြ၏။

နှန့်နှန့်နှင့် အလွန်လှုပ်ရှားမှု ဝမ်းမီးညံ့ခြင်းနှင့် ခေါ အားကုန်ခန်းခြင်းကိုပြ၏။

ပူပူလေးလေးလှုပ်ရှားမှု သွေးဖောက်ခြင်းကိုပြ၏။

လေးလေးကြီးလှုပ်ရှားမှု အစာမကြေခြင်းကိုပြ၏။

မြန်မြန်ပေ့ါသွက်စွာ လှုပ်ရှားမှု ဆာလောင်မွတ်သိပ်ခြင်း ကိုပြ၏။

အလွန်လျှင်မြန်စွာ လှုပ်ရှားမှု ဝမ်းသက်ခြင်းကိုပြ၏။

ဖြည်းဖြည်းမှန်မှန်နှင့် သွေးလုံးပြ၍လှုပ်ရှားမှု ကျန်းမာ ခြင်းကိုပြ၏။

သွေးကြောသည် မပြောင်းမရွှေ့ဘဲ မိမိ၏တည်ရာ၌ သာ သဘာဝအတိုင်း လှုပ်ရှားနေမှု သေတော့မည်ကိုပြ၏။





သည်းခြေသလိပ်တို့သည် မိမိတို့တည်ရာဌာန၏သ ဘောကို မဆောင်မူ၍ ရှေ့(သို့မဟုတ်)နောက်သို့သွားမှု (သို့ မဟုတ်) ရပ်၍ရပ်၍လှုပ်ရှားပါမူ ကုသ၍မရပြီကိုပြ၏။

နှန့်နှန့်ညှင်းညှင်းဖြင့် ကောက်လိမ်လှုပ်ရှားမှု (၇)ရက် သာ အသက်ရှင်တော့မည်ကိုပြ၏။

လက်မရင်း၊ ခြေမရင်းတို့မှအပ လက်နှစ်သစ်ခန့်၌သာ မွေးတိုးလှုပ်ရှားမှု (၄)နာရီခန့်ကြာလျှင် သေတော့မည်ကိုပြ၏။

ပြဆိုခဲ့ပြီးသော လက္ခဏာတို့ဖြင့် သွေးကိုစမ်းသပ်ပါ လျက် ရောဂါမှန်ကို ရှာဖွေ၍မတွေ့ရှိခဲ့သော် လက်သည်း၊ လက် ဖဝါး၊ လျှာနှင့်မျက်ခမ်းတို့၌ သွေး၏အနည်းအများ ပမာဏ . . အရောင်အဆင်းနှင့် လှုပ်ရှားဟန်တို့ကို ကြည့်ရှု၍ရှာဖွေဆုံးဖြတ် ရပါမည်။

နှလုံးမှခန္ဓာဗေဒသို့ ပို့လိုက်သောသွေးသည် လက်ထိပ်၌ ဆုံး၏။

လက်ဖျားထိပ်ကို ဖုန်းအုပ်ထားသော . . လက်သည်းခွံ သည် ပါး၏။

လက်ထိပ်ဖျား၌ အကြော၊ သွေး၊ လေ၊ သည်းခြေတို့ လမ်းဆုံရာဌာနလည်းဖြစ်၏။

ထို့ကြောင့် လက်ဖျားထိပ်ရှိ လက်သည်းခွံမှနေ၍ သွေး ကိုကြည့်ရှုဆုံးဖြတ်ရခြင်းသည် ရောဂါမှန်ကို သိနိုင်လေသည်။

သွေးကြည့်ပညာရပ်၏ ပြတက်သဘောကို အကျဉ်းမျှ ဖော်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းသွေးသည် အပြည့်အဝရှိခြင်း၊ သန့်ရှင်းကြည်လင်ခြင်း၊ လှုပ်ရှားမှုမှန်ကန်ခြင်းဟူသော လက္ခဏာသုံးပါးကို တွေ့ရပါက ပကတိကျန်းမာနေသောသူဟု မှတ်ယူရမည်။

လက်သည်းသွေးသည် ပျစ်ခြင်း၊ ခဲခြင်း၊ ခန်းခြင်း၊ နီညိုညိုညစ်ညစ်အရောင်ရှိခြင်း၊ ခြောက်ခြင်းကွဲခြင်း၊ အစင်းများထခြင်း၊ လှုပ်ရှားမှုအနည်းငယ်နှေးကွေးခြင်း (လက်ချောင်းထိပ်ကို ခပ်ပြင်းပြင်းဖိနှိပ်၍ ကြည့်ပါက သွေးလှုပ်ရှားမှု စံနှုန်းကို သိနိုင်၏) လက္ခဏာများကို စမ်းသပ်တွေ့ရှိရပါက သည်းခြေဒေါသလွန်ကဲဖောက်ပြန်နေပြီဟု မှတ်ယူရမည်။

လက်သည်းသွေးသည် လှုပ်ရှားမှုနှေးကွေးနေခြင်း၊ ဖြူညစ်ညစ်အရောင်ရှိခြင်း၊ ကျဲခြင်း၊ ပြန့်ခြင်း၊ ပျော့ခြင်း၊ ပြားခြင်းလက္ခဏာများကို တွေ့ရှိပါက သလိပ်ဒေါသလွန်ကဲ ဖောက်ပြန်နေပြီဟု မှတ်ယူရမည်။

လက်သည်းသွေးသည် မသွက်လက်ခြင်း၊ ဝါခြင်း၊ အဝါစက် အဝါကွက်များထခြင်း၊ ခုံးခြင်း၊ ပွခြင်း၊ ငေါထွက်ခြင်းလက္ခဏာများကို တွေ့ရှိရပါက လေဒေါသ လွန်ကဲဖောက်ပြန်နေပြီဟု မှတ်ယူရမည်။

နီမောင်က ဦးဇန်ကောင်း ပြောပြသော သွေးစမ်းကြည့်ရှုသိနိုင်သောရောဂါ၊ သိနိုင်သောပညာကို သဘောကျလေသည်။

"မြလေးခင်ကို သွေးစမ်းကြည့်တော့ ကိုယ်ဝန်ရှိတာမဟုတ်ပဲ ပယောဂနှောင့်ယှက်လို့ ဖြစ်နေတယ်ဆိုတာကိုရော ဘယ်နည်းနဲ့သိတာပါလဲ"

"ပယောဂဝင်ပြီး နှောင့်ယှက်နေရင် လက်ချောင်းတွေမှာတိုးတဲ့သွေးကို စမ်းကြည့်ရုံနဲ့ သိနိုင်တယ်၊ လက်မကိုစမ်းကြည့်လို့ သွေးတိုးတာမမှန်ရင် မြို့တော်ရှင် နယ်တော်ရှင်လို့ခေါ်တဲ့ ကိုးမြို့ရှင်နတ်၊ ဦးရှင်ကြီးနတ်နဲ့ပတ်သက်တဲ့ ပယောဂ နှောင့်ယှက်ထားတယ်ဆိုတာ သိနိုင်ရတယ်"

"ဟုတ်ကဲ့"

"လက်ညှိုးနေရာမှာ သွေးတိုးတာမှုမမှန်ရင်. . မိဆိုင်ဖဆိုင်လို့ခေါ်တဲ့ ရိုးရာနတ်တွေ နှောင့်ယှက်ထားတယ်ဆိုတာ သိနိုင်တယ်၊ လက်ခလယ်နေရာမှာ သွေးတိုးတာမမှန်ရင် နတ်နဲ့သက်ဆိုင်တဲ့၊ ဒါမှမဟုတ် သရဲနဲ့သက်ဆိုင်တဲ့ အနှောင့်အယှက်တွေရှိတယ်ဆိုတာ သိနိုင်တယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"လက်သူကြွယ်မှာ သွေးတိုးမမှန်ရင် စုန်း၊ ကဝေ၊ ရွာသူတွေက စေခိုင်းတဲ့ အစိမ်းသေ နှောင့်ယှက်လို့ဖြစ်တယ်ဆိုတာ သိရတယ်၊ လက်သန်းကျတော့ ရွာသူနှောက်ယှက်လို့ လိပ်ပြာနဲ့သက်ဆိုင်တဲ့ပယောဂတစ်ခုခု စွဲကပ်နေတယ်ဆိုတာ သိရတယ်"

"ဟုတ်ကဲ့"

"လက်ဖဝါး အလယ်နေရာကို စမ်းကြည့်လို့ သွေးတိုးတာမမှန်ရင် ရွာသူထည့်တဲ့အပင်း၊ တောကထည့်လိုက်တဲ့အပင်းမိနေတယ်ဆိုတာ သိနိုင်ပါတယ်"

"ဒါကြောင့်. . မြလေးခင်ရဲ့ လက်ကိုကိုင်ပြီး သွေးစမ်း







www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာနဲ့ တောပင်းမိနေတယ်ဆိုတာကို ချက်ချင်းသိတာပေါ့နော်”

ဦးဗန်ကောင်းက. . ရေနွေးကြမ်းတစ်ပန်းကန်ကို ယူသောက်နေရင်းမှ ခေါင်းညိတ်ပြသည်။

“မှန်ပါတယ်”

“တောပင်းဆိုတာ ဘယ်လိုဟာမျိုးလဲဆရာကြီး”

“တောထဲမှာနေကြတဲ့ သရဲသဘက်တွေက ဝင်ရောက်ပူးကပ်တာတို့၊ ကိုယ်ထဲကို ဝင်နေတာမျိုးတွေကို တောပင်းလို့ခေါ်တယ်”

“ဘယ်အချိန်မျိုးတွေ ဝင်တာလဲ ဆရာကြီး”

“အကြောက်လွန်ပြီး ထိတ်လန့်သွားတဲ့ အချိန်နဲ့ သတိမေ့နေတဲ့အချိန်မှာ ဝင်ရောက်ပူးကပ်နိုင်ပါတယ်”

“ဆရာကြီး ပြောတာအမှန်ပါပဲ၊ သူ တောထဲမှာ သရဲအခြောက်ခံရလို့ သတိမေ့သွားတဲ့အချိန်မှာ မကောင်းဆိုးဝါးက ဝင်ရောက်ပူးကပ်တာ ဖြစ်မယ်”

“မကောင်းဆိုးဝါးကပ်တယ်ဆိုတာ. . တကယ်တော့ အသက်ရှင်နေရက်နဲ့ ဖုတ်ဝင်ခံရတာမျိုးပါပဲ၊ မကောင်းဆိုးဝါးက လူရဲ့ကိုယ်ခန္ဓာထဲရောက်တာနဲ့ ပရိယာယ်သုံးပြီးတော့ သူစားချင်တဲ့အစားအသောက်တွေကို တောင်းစားတော့တာပေါ့ကွာ”

“ကြောက်စရာပါပဲ ဆရာကြီးရယ်”

“လူတွေက မမြင်ရမတွေ့ရလို့သာ အမှတ်တမဲ့နေကြတာပါ၊ တကယ်တော့ကိုယ်ရဲ့ ပတ်ဝန်းကျင်မှာ. . မမြင်ရတဲ့





မကောင်းဆိုးဝါးတွေက အများကြီးရှိနေကြတာပဲ၊ အများအားဖြင့်တော့ တောအရပ်ဒေသတွေမှာပေါ့၊ တစ်ချက်ကလေး သတိလစ်ပြီဆိုတာနဲ့ အနားရောက်လာကြတော့တာပါပဲ”

“သူတို့ အနားမကပ်နိုင်အောင် ဘယ်လိုလုပ်ရမလဲဆရာကြီး”

“အကောင်းဆုံးကတော့ ဘုရား၊ တရား၊ သံဃာစတဲ့ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို စိတ်ထဲမှာ မမေ့မလျော့ထားရင် မိစ္ဆာပယောဂတွေရဲ့ အနှောင့်အယှက်တွေက ကင်းဝေးနိုင်ပါတယ်”

ဟု ပြောပြလေသည်။

ထို့နောက် တဖြည်းဖြည်းနှင့် နေဝင်ချိန်ရောက်လာပြီဖြစ်သောကြောင့် စကားဝိုင်းရပ်ကာ ပြင်ဆင်စရာရှိသည်များကို စတင်ပြင်ဆင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁၃)

# မှော်ဝင်မျက်နှာဖုံးကို ရရှိခြင်း

ညဦးပိုင်း အချိန်ရောက်သည်နှင့် ဦးဗန်ကောင်းက ပြင်ဆင်စရာများကို စတင်ပြင်ဆင်လေသည်။

ငွင်းကစေခိုင်းပေးပြီး နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်က လိုလေသေးမရှိအောင် လုပ်ပေးကြရခြင်း ဖြစ်လေသည်။

မြလေးခင်ကိုယ်ပေါ်မှာ လည်ပင်းနှင့် လက်ကောက်


www.burmeseclassic.com

www.burmeseclassic.com

ဝတ်နေရာတွင် ပရိတ်ကြိုးများ ချည်ပေးထားခြင်း၊ အိမ်ပတ်လည်ကိုလည်း ရေမန်းနှင့် ဆန်းမန်းပေါက်ပေါက်များ နေရာလပ်မကျန်အောင် ကြဲပက်ထားခြင်း၊

အိမ်လေးထောင့်တွင် ဦးဇန်ကောင်းကိုယ်တိုင် စီမံထားသော ပယောဂနိုင်သည့် အင်းလေးချပ်ကို မြှုပ်ထားခြင်း၊ အဆင်သင့်ချက်ပြီးထားသော ထမင်းနှင့်ဟင်းများ၊ ငှက်ပျောဖက်၊ အင်ဖက်များကို အိမ်အနောက်ဘက် တစ်နေရာတွင် ချထားခြင်း၊

ထို့ပြင် . . ဦးဇန်ကောင်းက မှာထားသဖြင့် နတ်ဝင်မှာဆက်ထားသည့် . . မခုတ်ဓားဟုခေါ်သော နတ်ဓားနှစ်လက်သုံးလက်ကိုလည်း အဆင်သင့်ယူလာသည်။

ဦးဇန်ကောင်းကတော့ ၎င်းနှင့်အတူပါလာသော ဆေးလွယ်အိတ်ထဲမှ ဆေးပစ္စည်းများကို စစ်ဆေးကြည့်ရှုရင်းနှင့် အားလုံးကြားအောင် ပြောလေသည်။

“အိမ်မှာရှိတဲ့လူ အပြင်ထွက်စရာရှိရင် စောစောထွက်ထားကြ၊ ညဉ့်နက်ပိုင်းရောက်တာနဲ့ အိမ်ထဲမှာပဲနေကြ”

ထိုစကားကြားသောအခါ စောစောကတည်းက စိုးရိမ်စိတ်ဝင်နေကြသော အိမ်ထဲမှာရှိနေသူတို့မှာ မျက်စိမျက်နှာပျက်လောက်အောင် ကြောက်လန့်သွားကြလေသည်။

ထိုညက မြလေးခင်တို့အိမ်မှာ အပင်းချရန် ကိစ္စရှိသဖြင့် စောထီးနှင့်ငမဲအောင်တို့အပြင် ရင်မေနှင့်မာလာတို့ပါ ရောက်နေပြီးစောင့်ပေးကြလေသည်။

ညဉ့်ဦးပိုင်းရောက်တော့ ဦးဇန်ကောင်းက နီမောင်ကို





တိုးတိုးမေးလေသည်။

“နီမောင် မင်းသရဲကြောက်တတ်သလား”

“မကြောက်ပါဘူး ဆရာကြီး”

“သရဲနဲ့တွေ့ရင် အနားကပ်ပြီး နပန်းလုံးဝံ့ပါ့မလား”

“ဆရာကြီးရှိနေတာပဲ ဆရာကြီးကခိုင်းရင် ကျွန်တော်လုပ်ဝံ့ပါတယ်”

ဟု ရဲရဲဝံ့ဝံ့ပြန်ပြောရာ ဦးဇန်ကောင်းက သဘောကျသွားလေသည်။

ထိုကဲ့သို့ စကားတပြောပြောနှင့် ရှိနေကြရာ တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ ရောက်လာချေပြီ။

လကွယ်ရက်ဖြစ်သဖြင့် ကောင်းကင်မှာလရောင်မရှိပေ ကြယ်ရောင်ကလေးများရှိနေသော်လည်း နေရာအတော်များများ၌ အမှောင်ရိပ်များ ဖုံးလွှမ်းထားသည်။

ရွာ၏ အနောက်ဘက်တွင် သစ်တောများရှိသည်။

တောအတွင်းမှ တောတိရစ္ဆာန်များ အော်သံကိုကြားကြရသည်။

ထိုအချိန်ရောက်တော့ ဦးဇန်ကောင်းက ဆန်ကောတစ်ချပ်ပေါ်မှာ ဝါးဆစ်တစ်ခုတင်ပြီး တုတ်တစ်ချောင်းဖြင့် . . ‘တတောက်တောက်’နှင့်ခေါက်ကာ ပါးစပ်မှလည်း ရွတ်ဆိုမှုများပြုလုပ်နေလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်ကတော့ မနီးမဝေးမှာ အဆင့်သင့်ရှိနေကြပြီး အခြေအနေကြည့်နေကြ


www.burmeseclassic.com

www.burmeseclassic.com

လေသည်။

အတန်ကြာတော့. . တောစပ်ဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများ ပေါ်ထွက်လာသည်။

ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများကြောင့် ကြားရသူများမှာ ကျောထဲမှပင် စိမ့်တက်သွားကြလေသည်။

သူတို့ရှိနေသောနေရာနှင့် မဝေးသောကြောင့် ထိုနေရာဘက်သို့ လှမ်းကြည့်ရာ ပုပုရှုရှုတွေရော ကြီးကြီးမားမားတွေရော လှုပ်ရှားသွားလာနေကြသည့် မည်းမည်းသဏ္ဌာန်များကို ဝိုးတဝါးလှမ်းမြင်ကြရလေသည်။

အတန်ကြာတော့ ထိုမည်းမည်းသဏ္ဌာန်များက အဖော်အပေါင်းများနှင့်အတူ သူတို့ရှိရာလာနေကြလေသည်။

"သူတို့လာနေပြီ၊ ထမင်းဟင်းတွေကို ဖက်တွေပေါ်မှာ ပုံထားပေးလိုက်"

ဟုပြောသဖြင့်. . မနီးမဝေးနေရာမှာ ဖက်များခင်း၍ ထမင်းနှင့် အမဲသားဟင်းများကို ပုံပေးလိုက်ကြသည်။

မီးရောင်မရှိသဖြင့် ထိုနေရာတစ်ဝိုက်မှာ မှောင်နေသည်။ တောစပ်မှ ထွက်လာသော မည်းမည်းသဏ္ဌာန်များ မနီးမဝေးရောက်လာတော့ ဦးဇန်ကောင်းက တိုးတိုးသတိပေးသည်။

"သူတို့စားသောက်နေတဲ့ အချိန်မှာ စကားမပြောနဲ့၊ ချောင်းမဟန့်နဲ့၊ အသံလုံးဝမထွက်ကြစေနဲ့"

ထိုသို့ပြောသဖြင့် ခေါင်းညိတ်ပြလိုက်ကြသည်။

မနီးမဝေးရောက်လာတော့ ပုံပန်းသဏ္ဌာန်များကို ဝိုးတ





ဝါးမြင်လာရသည်။

တချို့က ပုပု. . တစ်ချို့က ရှည်ရှည်. .

တချို့က ကိုယ်လုံးကြီးပြီး. . တချို့ကျတော့ကြောင်တစ်ကောင်လောက်သာရှိသည်။

အချို့မှာ တစ်ကိုယ်လုံးအမွေးအမှင်များ ဖုံးနေပြီး. . အချို့ကျတော့ ကိုယ်လုံးတီးဖြစ်သည်။

ကိုယ်လုံးကကြီးပြီး ခေါင်းသေးသေးရော၊ ခေါင်းကအဆမတန်ကြီးပြီး ကိုယ်လုံးကသေးသေးလေး ဖြစ်နေသည်မျိုးလည်းပါသည်။

တချို့က မျက်လုံးကလင်းကွင်းလောက် ရှိသော်လည်း အချို့ကျတော့ မျက်လုံးပေါက်ပင်မပါပေ။

အချို့က နှာခေါင်းကြီးသည်၊ အချို့ကသေးသည်။

ဆင်နားရွက်ကဲ့သို့ ကြီးမားသော ဆင်နားရွက်ကြီးများနှင့်ရှိကြသလို အချို့မှာနားရွက်ပင် မတွေ့ရပေ။

ပါးစပ်ကအဆမတန် ကျယ်လှသဖြင့် သွားများပေါ်ကာ ရှည်လျားသောလျှာက တွဲလောင်းကျနေသော သဏ္ဌာန်များ ပါသကဲ့သို့ ပါးစပ်နေရာက အပ်ပေါက်လောက်မျှပင် မကျယ်သော ပြိတ္တာများလည်း ပါလာကြသည်။

အချို့က ကလေးများလက်ဆွဲပြီး မိသားစုဖြင့်လာကြသည်။ အချို့ကျတော့ တစ်ကောင်တည်းလာသည်။

အားလုံးကတော့ ပြိတ္တာဘုံဘဝရောက်နေကြသော ပရလောကသားများပင် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြိတ္တာဘုံဘဝမှာ အမျိုးအမည်များပြားသလို အရေအတွက်ကလည်း ရေတွက်၍ မရလောက်အောင်များပြားလှသည်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စသောအပါယ်လေးဘုံ၌ ကျရောက်နေသူတို့မှာ လူဘုံ၌ရှိသော လူသားအရေအတွက်ထက် အဆပေါင်းများစွာ ပိုမိုများပြားလေသည်။

ပြိတ္တာဘုံသည် လူဘုံလောကနှင့် တစ်ဆက်တစ်စပ်တည်းရှိသော်လည်း မြင်ခွင့်မရသောကြောင့် မကြောက်ရွံ့ကြခြင်း ဖြစ်ကြလေသည်။

အကယ်၍သာ မြင်ခွင့်တွေ့ခွင့်ရပါလျှင်. . . နေစရာတောင် ရှိကြတော့မည် မဟုတ်ပါချေ။

အပါယ်လေးဘုံမှာ မြင်ခွင့်ရသော တိရစ္ဆာန်ဘုံဘဝကို ကြည့်လျှင်ပင် လူဘုံအရေအတွက်ထက် ဘယ်လောက်ပိုများကြောင်း သိနိုင်လေသည်။

ပုရွတ်ဆိတ်တစ်အုံမှာရှိသော တိရစ္ဆာန်အရေအတွက်သည် ရွာတစ်ရွာမှာရှိသော အရေအတွက်ထက် ပိုများသည်။

ရေထဲမှာရှိသော ငါးတစ်အုပ်သည် မြို့တစ်မြို့မှာရှိသော လူဦးရေအရေအတွက်ထက် ပိုများသည်။

လူနှင့် တိရစ္ဆာန်တို့သည် မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြားမှာသာ အသက်ရှင်ခွင့်ရကြသောကြောင့် သိပ်မကြာလိုက်ကြပေ။

ပေါ်လာလိုက် ပြန်ပျောက်သွားလိုက်နှင့်သာ ရှိနေကြသည်။ အသက်ရှည်တာနှင့် တိုတာသာကွာသည်။





တစ်နေ့ကျလျှင် သေဆုံးရပြီး ပြန်လည်ပျောက်ကွယ်သွားကြရလေသည်။

ပြိတ္တာဘုံဘဝကတော့ ထိုသို့မဟုတ်ပေ။

မကျွတ်မလွတ်မချင်း ထိုဘုံဘဝမှာသာ နေရသောကြောင့် ပြိတ္တာဘုံသားအရေအတွက်က ပိုမိုများပြားနေကြခြင်း ဖြစ်ပေသည်။

လူနှင့်တိရစ္ဆာန်လောကတွင် ကမ္ဘာတစ်သိန်း၊ နှစ်သိန်း အသက်ရှည်နိုင်လောက်သူ မရှိကြပေ။

ဘုရားတစ်ဆူပွင့်ပြီး နောက်တစ်ဆူပွင့်သည်အထိ အသက်ရှည်သူမရှိပေ၊ ပြိတ္တာဘုံ ဘဝမှာတော့ရှိသည်။

ကမ္ဘာတစ်သိန်း၊ နှစ်သိန်း၊ ဒါမှမဟုတ် ဘုရားတစ်ဆူနှင့်တစ်ဆူကြားမှာ ပြိတ္တာဘုံဘဝမှာပင် နေကြရသော ပြိတ္တာများရှိကြလေသည်။

သို့ကြောင့် ပြိတ္တာဘုံဘဝမှာ ရောက်သူကများပြီး၊ ကျွတ်လွတ်ခွင့်ရသူက နည်းပါးလှသည်က တစ်ကြောင်း၊ နှစ်ပေါင်းများစွာ ကမ္ဘာပေါင်းများစွာကြာအောင် ဝဋ်မကုန်မချင်းနေကြရသဖြင့် ပြိတ္တာဘုံဘဝမှာ အရေအတွက်များပြားနေခြင်း ဖြစ်မေ့သည်။

ပြိတ္တာဘုံဘဝတွင် နတ်ဆိုး၊ ဘီလူး၊ သရဲ၊ သဘက်၊ တစ္ဆေ၊ ကျတ်၊ မှင်စာ၊ လူခြောက်၊ ဥစ္စာစောင့် စသောပရလောကသားတို့ ပါဝင်လေသည်။

ယခုလည်း အမျိုးအမည် ပုံပန်းသဏ္ဌာန်တို့မတူသော



www.burmeseclassic.com

www.burmeseclassic.com



ပရလောကသားတို့ ရောက်လာကြလေသည်။

ထမင်းဟင်းများ ပုံထားသောနေရာနှင့် မနီးမဝေး ရောက်တော့ ရှေ့ဆက်တိုးမလာတော့ပဲ တန့်သွားကြသည်။ ရှေ့ကလူများရပ်သွားတော့ နောက်မှလိုက်လာကြသူတို့မှာ စုပြုံတိုးကာ ရပ်တံ့သွားကြလေသည်။

ဦးဇန်ကောင်း သတ်မှတ်ထားသောစည်းကို မကျော်ဝံ့ကြပေ။

"သက်ဆိုင်သူ ပါသလား"

ဦးဇန်ကောင်းက မေးလိုက်တော့ 'အပြစ်ရှိသူကို စစ်မေးသောအခါ အပြစ်မရှိသူများက ချက်ချင်းခေါင်းခါပြသကဲ့သို့' အသီးသီး ခေါင်းခါပြကြသည်။

"ဒါဖြင့် ငါကျွေးတဲ့အစားအသောက်တွေကိုလည်း စားသောက်ဖို့ ခွင့်ပေးပါတယ်၊ ငါပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း အမျှဝေပေးပါတယ်၊ အမျှရပြီး သာခုခေါ်နိုင်ပြီး ကျွတ်လွတ်ခွင့်ရနိုင်သူတွေ ကျွတ်လွတ်ကြပါစေ"

"အမျှ အမျှ အမျှ"

ဟု အမျှဝေပေးလိုက်လေသည်၊

ပရလောကသားများက အစားအသောက်များ စားသောက်ကြပြီး တောဘက်သို့ ပြန်သွားကြလေသည်။

နီမောင်စိတ်ထဲမှာတော့ ပြန်သွားကြသော အရေအတွက်မှာ လာစဉ်ကအရေအတွက်လောက် မများတော့ဟု ထင်နေသည်။ အမျှရသူရပြီး ကျွတ်လွတ်သွားကြလေသလော. .





မပြောတတ်တော့ပါချေ၊

ထိုအခြေအနေများကတော့ နီမောင်တို့လို ဉာဏ်တစ်ထွာတစ်မိုက်ဖြင့်လိုက်၍ မမီနိုင်သည့်အကြောင်းအရာများပင် ဖြစ်ကြလေသည်၊

ဤသို့ဖြင့် ညဥ့်ဦးပိုင်းတစ်ချိန်လုံး နီမောင်တို့ထည့်ပေးသော ထမင်းဟင်းများကို လာရောက်စားသော ပြိတ္တာလောကသားများ တဖြည်းဖြည်းနည်းသွားကြလေသည်။

နောက်ဆုံးရောက်လာသည်က တစ်ကောင်တည်းဖြစ်သည်၊ အရပ်မြင့်မြင့် အမွေးစုတ်ဖွားနှင့်ဖြစ်သည်။

"သင်ဆိုင်သူလား"

"အင်း"

'အင်း'ဆိုသောအသံကြီးက ဗလုံးဗထွေးပေါ်လာခြင်း ဖြစ်သည်။

"ဘာကြောင့် နှိပ်စက်တာလဲ"

"စားချင်သောက်ချင်လို့ပါ"

"ကျေနပ်အောင်ကျွေးမယ်၊ ဖယ်ပေးမလား"

"ဖယ်ပေးပါမယ်"

ဟုပြောသံကြားရသဖြင့် ဦးဇန်ကောင်းကိုယ်တိုင် ရှိသမျှ ထမင်းဟင်းများကို ဖက်ထဲမှာပုံပြီး ထိုရှေ့မှာ သွားချပေးလိုက်လေသည်။

ထိုအခါ ဆောင့်ကြောင့်ထိုင်ပြီး စားသောက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပြီးရင် နင့်အပင်းကို နင်ပြန်ယူသွား"

ဟုပြောရာ ဘာမှပြန်ပြောသံမကြားရပေ၊ ချကျွေးသော အစားအသောက်များကို ပြောင်အောင်စားသောက်ပြီးသောအခါ နေရာမှထသွားလေသည်။

ထိုအချိန်မှာပင် အိမ်ထဲမှ မြလေးခင် ငိုသံကြားရလေသည်။ သို့ကြောင့် အိမ်ပေါ်သို့ပြန်တက်လာကြသည်။

"ဘာကြောင့် ငိုနေတာလဲ"

ထိုအခါ ဒေါ်မယ်ခင်က ပြောပြသည်။

"ကျွန်မသမီးလေးရဲ့ ပူနေတဲ့ဗိုက်ကြီး . . မရှိတော့ဘူး ဆရာကြီး၊ ဒါကြောင့် ငိုနေတာပါ"

"ဒါ ငိုစရာလားဟဲ့"

ဟုပြောပြီး အနီးသို့သွားကာ အသင့်စီရင်ထားသော ပယောဂအပင်းချသောဆေးကို တိုက်ရန်ပြင်လေသည်။

"နီမောင် မင်းတို့သုံးယောက်က အပြင်မှာစောင့်နေပေါ့ ဒီမှာဆေးတိုက်နေတဲ့အချိန် အနှောင့်အယှက်ဝင်လာရင် ပြောကြ"

"ဟုတ်ကဲ့ဆရာကြီး"

ထိုသို့ပြောပြီး သုံးယောက်သား အပြင်သို့ပြန်ထွက်လာကြလေသည်။

ဦးဗန်ကောင်းက တံစက်လက်ပြန်ရေနှင့် ဘူးခါးသီးအညှာကိုသွေးပြီး မြလေးခင်လည်ပင်းမှ သပ်ချစေသည်။

ပက်လက်ဘူးသီး၊ ဥသျှစ်မျှစ်၊ သနပ်ခါးအနှစ်တို့ကို





သွေးစေပြီး ဆေးရည်ရသောအခါ စက်ကြီးတစ်ဆယ့်သုံးပါးဂါထာကို (၇)ခေါက်မန်းပြီး မြလေးခင်ကိုတိုက်သည်။

ပြီးနောက် ရှေ့မှာ အဝတ်ဖြူခင်းပြီး ဆီးခက်ခံထားပေးလိုက်သည်၊

(ဘူးခါးသီးမှာ . . ကချင်ဘူးပက်လက်သီး ဟုခေါ်သောအသီးဖြစ်ပြီး များစွာခါးသည်၊ သနပ်ခါးမြစ်က အခါး၊ ဥသျှစ်မြစ်က အခါးဖြစ်သောကြောင့် ထိုဆေးသုံးမယ်ကိုပေါင်းစပ်ပြီး တိုက်ပါက မခံသာပဲ ချက်ချင်းအန်လေသည်။)

ဆေးအနည်းငယ်တိုက်ပြီးရုံ ရှိသေးသည် . . ခဏကြာသော် အန်ချလေတော့သည်။

အန်ဖတ်ရေနှင့်အတူ ဘူးရွက်စိမ်း၊ သားရေဖတ်၊ အမဲသွတ်ဖတ်များ ပါလာလေတော့သည်။

နှစ်ကြိမ် သုံးကြိမ်အန်ချလိုက်ပြီးသောအခါ မြလေးခင် သတိမေ့သွားရာ အနားရှိနေသူများ မျက်လုံးပြူးသွားကြလေတော့သည်။

"ဘာမှမစိုးရိမ်နဲ့ ရင်ထဲမှာ ပယောဂကုန်စင်သွားလို့မေ့ကျသွားတာ၊ မနက်မိုးလင်းရင် ကောင်းသွားလိမ့်မယ်"

ဟုပြောမှ စိတ်သက်သာရာရသွားကြပြီး သတိမေ့နေသူကို အခန်းထဲခေါ်သွားပြီး သိပ်ထားလိုက်ကြလေသည်။

ဦးဗန်ကောင်းက စေခိုင်းသဖြင့် ဆီးခက်ပေါ်မှာတင်နေသော အံဖတ်များရော ဆီးခက်ပါအဝတ်ဖြင့် ထုပ်ယူသွားပြီး မီးရှို့မှုကိုယ်တိုင် မီးရှို့လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကိစ္စများပြီးသောအချိန်မှာပင် နီမောင်က လာပြော သည်။

"ဆရာကြီး အပြင်ဘက်မှာ သရဲမျက်နှာဖုံးတပ်ထားတဲ့ လူတစ်ယောက် ဒီဘက်လာနေတယ်"

"လာရမှာပေါ့. . . နီမောင် မင်းကိုမှာထားတဲ့အတိုင်း ပစ္စည်းတွေ အဆင်သင့်ပြင်ထားပေတော့၊ ဘာမှမကြောက်နဲ့ နော်"

"ဟုတ်ကဲ့"

နီမောင်က စိတ်ဓာတ်တက်ကြွသော အမူအရာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ငါမှာထားတဲ့အတိုင်းသာ လုပ်ပေတော့"

ဟုပြောသဖြင့် နီမောင်လည်း လိုအပ်သောပစ္စည်းများ ကို အဆင်သင့်ပြင်ပြီး အပြင်ဘက်၌ ထွက်ရပ်နေလေသည်။

စောထီးနှင့် ငမဲအောင်တို့ကတော့ အကြောင်းရှိလျှင် အကူအညီပေးရန် အပြင်ဘက်သို့ထွက်ကာ မနီးမဝေးမှ ကြည့် နေကြလေသည်။

ဦးဗန်ကောင်းကတော့ အပြင်မထွက်ဘဲ အကွယ်နေရာ မှ စောင့်ကြည့်နေသည်။

အဝေးမှ ခွေးအူသံ၊ ခွေးဟောင်သံများက အဆက်မ ပြတ် ပေါ်ထွက်နေသည်။

ညဦးနက်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် အ မှောင်ရိပ်က ပိုမိုများပြားလာသည်ဆိုသော်လည်း ကောင်းကင်





မှာရှိသော ကြယ်ရောင်များကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး မြင်ရလေသည်။

တောအုပ်ရှိသောဘက်မှ သူတို့ရှိနေသောနေရာဘက် သို့ လူတစ်ယောက်လာနေသည်။

ဒယိမ်းဒယိုင်နှင့် လျှောက်လာနေခြင်းဖြစ်ပြီး မျက်နှာ ပေါ်၌ သရဲမျက်နှာဖုံးတစ်ခု တပ်ဆင်ထားသည်။

သရဲမျက်နှာဖုံးကို ရေးခြယ်ထားသည်မှာ လက်ရာ မြောက်လှသောကြောင့် အမှောင်ရိပ်ထဲမှာကြည့်လျှင် သရဲသ ဘက်တစ်ကောင်နှင့်မခြား ကြောက်စရာကောင်းသော မျက်နှာ မျိုးဖြစ်လေသည်။

နီမောင်က အပြင်ဘက်မှာ ထွက်ရပ်နေသောကြောင့် လျှောက်လာသူကို ကောင်းစွာမြင်ရလေသည်။

အတန်ကြာတော့ သူရပ်နေသောနေရာနှင့် မနီးမဝေး နေရာရောက်လာသည်။

တကယ်ဆိုလျှင် ယခုကဲ့သို့ မှောင်မိုက်သော အချိန်မျိုး မှာ ကြောက်စရာကောင်းသော သရဲမျက်နှာဖုံး တပ်ထားသော ကောင်းဆိုးဝါးတစ်ကောင်ကို ရုတ်တရက် တွေ့ရသောအခါ သွေးပျက်သွားဖွယ်ရာရှိသည်။

ဘယ်လောက်သတ္တိကောင်းပါသည် ဆိုသော်ငြားလည်း ထိုအခြေအနေမျိုးမှာတော့ ထိတ်လန့်တုန်လှုပ်သွားမည်မှာ အမှန်ပင်ဖြစ်သည်။

နီမောင်ကတော့. . တစ်စက်ကလေးမှ ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ခြင်းမရှိပေ။

နောက်ဘက်မှာ ဦးဗန်ကောင်းတို့ရှိနေသည်က ထ ကြောင်း၊ သူကိုယ်တိုင်ကလည်း မကြောက်တတ်သောကြော ဖြစ်သည်။

သရဲမျက်နှာဖုံးတပ်ထားသူက သူနှင့်မနီးမဝေးမှာရ ပြီး သူ့ကို ပြုံးကြောင်ကြောင်ကြည့်နေသေးသည်။

ထိုအချိန်မှာပင် နောက်ဘက်မှမမြင်ရသော တင တစ်ယောက်က အမိန့်ပေးစေခိုင်းလိုက်သကဲ့သို့ တွန့်ခနဲဖြစ်သွ ကာ လှုပ်ရှားလာသည်။

ဦးစွာလက်နှစ်ဖက်ကို ဆန့်တန်းပြီး သူရှိရာသို့တိုး လာသည်။ အနီးသို့ရောက်သည်နှင့် လက်နှစ်ဖက်ဖြင့် လည် ကိုဆုပ်ကိုင်လာသည်။

ဇွင်းလည်ပင်းပေါ်သို့ လက်နှစ်ဖက်ရောက်လာသည် နီမောင်က အသင့်ဆောင်ထားသော ပရိတ်ကြိုးဖြင့် ထိုလ နှစ်ဖက်ကို ချည်နှောင်လိုက်သည်။

ထိုကဲ့သို့ပရိတ်ကြိုးဖြင့် ပတ်လိုက်သောအခါ လည် ကိုဆုပ်ကိုင်လာသော လက်နှစ်ဖက်မှာ တန့်သွားသည်။

မလှုပ်နိုင်သလို ဖြစ်သွားလေသည်။

ထိုအခါ နီမောင်က မကြောက်မရွံ့နှင့်ပင် လက်ထ ကမ်းမှာရောက်နေသော သရဲမျက်နှာဖုံးကို ခွာယူလိုက်သည် ထိုမျက်နှာဖုံး သူ့လက်ထဲပါလာသည်နှင့် ရှေ့မှာရပ်နေသူ လူသေအလောင်းကဲ့သို့ ဖြစ်သွားကာ 'ဗိုင်း'ခနဲ လဲကျသွားသေ





တော့သည်။

ထိုအခါမှ ဦးဗန်ကောင်းနှင့် အခြားသူများထွက်လာကြ လေသည်။

နီမောင်က သူ့လက်ထဲမှသရဲမျက်နှာဖုံးကို . . ဦးဗန် ကောင်းကို ပေးလိုက်သည်။

စောထီးနှင့်ငမဲအောင်က ထိုမျက်နှာဖုံးကို မြင်သော အခါ. . .

"ဒီသရဲမျက်နှာဖုံးက ကျွန်တော်တို့တောထဲမှာ သုံးတဲ့ သရဲမျက်နှာဖုံးနဲ့လည်း မတူပါလား"

ဟုပြောကြသည်။

"ဘယ်တူပါ့မလဲ မင်းတို့သုံးတဲ့ သရဲမျက်နှာဖုံးဆိုတာ တောထဲသွားရင် နောက်ကကျားဝင်မဆွဲဝံ့အောင် သုံးတဲ့မျက်နှာ ဖုံးမျိုးမဟုတ်လား"

"ဟုတ်တယ် ဆရာကြီး"

"ဒီမျက်နှာဖုံးက ရိုးရိုးမျက်နှာဖုံးမဟုတ်ဘူး၊ မှော်သွင်း ထားတဲ့မှော်ဝင်မျက်နှာဖုံးလို့ ခေါ်တယ်"

"ဘယ်လိုနေရာတွေမှာ သုံးတာလဲဆရာကြီး၊ ဘယ်သူ တွေက သုံးတာလဲ"

"အောက်လမ်းဆရာတွေ၊ ပယောဂဆရာတွေ သုံးလေ့ ရှိကြတယ်၊ မှော်သွင်းထားတဲ့ မှော်ဝင်မျက်နှာဖုံးကို တပ်ပေးလိုက် ရင်. . လူဆိုရင် ပင်ကိုယ်စိတ်ပြောင်းသွားပြီး မကောင်းဆိုးဝါး စိတ်ဝင်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုစကားကြောင့် နှစ်ယောက်သား မျက်လုံးပြူးသွားကြသည်။

"ဒါအပြင် သေပြီးသားအလောင်းကို တပ်ပေးလိုက်ရင် ဖုတ်ဝင်လာပြီးတော့ ဆရာစေခိုင်းတဲ့အတိုင်း အားလုံးလုပ်ပေးတယ်"

"ကြောက်စရာပါလား"

"ဒီပညာတွေဟာ ကောင်းတဲ့ဘက်မှာသုံးရင် အကျိုးရှိသလောက် မကောင်းတဲ့ဘက်မှာ သုံးတော့လည်း အန္တရာယ်များလှတယ်ပေါ့"

"ဒီလူသေကောင်ကို မျက်နှာဖုံးတပ်ပေးပြီး ကျွန်တော်တို့ဆီကို ဘယ်သူကများ လွှတ်လိုက်တာလည်း မသိဘူး"

"ငါတို့ကိုဒုက္ခပေးဖို့ တစ်ယောက်ယောက်က စီမံပြီး လွှတ်လိုက်တာ ဖြစ်မှာပေါ့ကွာ"

"ဆရာကြီးက. . ဘာကြောင့် ဒီလောက်ကြောက်စရာကောင်းတဲ့ မျက်နှာဖုံးကြီးကို ယူထားရတာလဲ"

"အကြောင်းရှိလို့ပေါ့ကွာ၊ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်မလို့ပေါ့၊ ငါတို့ကို မှော်ဝင်သရဲမျက်နှာဖုံးနဲ့ နှိပ်စက်ဖို့ ကြံစည်ခိုင်းတဲ့သူကို သူ့စီရင်ထားတဲ့ မျက်နှာဖုံးကို အသုံးချပြီး ပြန်နှိပ်စက်ရမှာပေါ့"

ဟု ပြောသောအခါ သဘောပေါက်သွားကြလေတော့သည်။ ထို့နောက်မှာတော့ မနီးမဝေးမှာ လဲကျနေသော လူသေအလောင်းကြီးကို ညတွင်းချင်းသယ်ယူသွားကြပြီးနောက် တောစပ်မှာ မြေကျင်းနက်နက်တူးပြီး မြှုပ်လိုက်ကြလေသည်။





မြေမြှုပ်ကာနီးတော့ လက်မှာနီမောင်ပတ်ပေးလိုက်သော ပရိတ်ကြိုးများကို ပြန်ဖြုတ်ပြီးမှ မြေဖို့လိုက်ကြလေသည်။

ထိုကိစ္စများပြီးသောအခါ အဆက်မပြတ်ကြားနေရသော ခွေးအူသံ၊ ခွေးဟောင်သံများလည်း တိတ်ဆိတ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

# ကြေမွက်စရာကောင်းသော အပင်းသွင်းခြင်း

နောက်တစ်ရက်မှာတော့.. မြလေးခင်တစ်ယောက် သတိပြန်ရလာပြီး ကျွန်းကျွန်းမာမာ ပြန်ဖြစ်လာလေသည်။

ယခင်က ကိုယ်ဝန်သည်တစ်ယောက်ကဲ့သို့ ဖြစ်နေသောဗိုက်မှာလည်း မူလအခြေအနေအတိုင်း ပြန်ဖြစ်သွားလေသည်။

"နီမောင်ရယ် ငါအခုလိုအခြေအနေပြန်ဖြစ်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



နင်အကူအညီပေးခဲ့တာ သိပ်ပြီးကျေးဇူးတင်တာပဲ၊ နင်သာ. . ဆရာကြီးကို တကူးတကခေါ်လာမပေးရင် အခုလိုပြန်ကောင်းလာမှာမဟုတ်ဘူး၊ တစ်သက်လုံးမျက်နှာမဖော်ရဲတဲ့ ဘဝမျိုးနဲ့ နေရမှာ"

"ငါလည်း ဝမ်းသာပါတယ်ဟာ"

"အခုတော့ ငါ့အပေါ်မှာ အထင်လွဲနေတာတွေ ပျောက်သွားပြီးမဟုတ်လား၊ အပြစ်တင်ချင်တဲ့ စိတ်တွေလည်း လျော့သွားပြီမဟုတ်လား"

"ငါ နင့်အပေါ်မှာ အပြစ်မတင်ခဲ့ပါဘူး၊ ဘယ်ဘဝမျိုးရောက်ရောက် နင့်ကိုခွင့်လွှတ်ပေးနိုင်ပါတယ်"

"အခုမှ ဒီစကားမျိုးပြောတာ မဟုတ်လား၊ အရင်ကတော့ လူကိုမြင်ရင် သံသယမျက်လုံးတွေနဲ့ ကြည့်နေပြီးတော့"

"အမှန်အတိုင်းပြောရရင်တော့၊ သတင်းကြားခါစက တစ်မျိုးထင်ခဲ့တာတော့ မှန်ပါတယ်၊ နောက်ပိုင်းရောက်လာတော့မှ တဖြည်းဖြည်းပြန်စဉ်းစားပြီး နင့်အပေါ်မှာ ခွင့်လွှတ်ပေးနိုင်ခဲ့ပါတယ်၊ ရွှေထွန်းသေခဲ့ရတဲ့ နောက်ပိုင်းမှာတော့ နင့်အပေါ်မှာရှိနေတဲ့သံသယတွေ ပျောက်သွားခဲ့ပါတယ်"

"သူ့အကြောင်းပြောရင်း ငါတကယ်စိတ်မကောင်းဖြစ်မိတယ်၊ ငါ့မောင်လေးသေရတာ ငါ့ကြောင့်ပါပဲ"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ နင်လည်းဖြစ်ချင်လို့ဖြစ်ခဲ့ရတာမှ မဟုတ်တာ"

"ဒါပေမယ်. . ငါဒီလိုအခြေအနေမျိုး ပြန်ရောက်နေပြီ





ဆိုတာကိုတော့ သူ့ကိုမြင်စေချင်တာပေါ့"

ဟု အသံကလေး ကတုန်ကယင်ဖြင့် ပြောသဖြင့်. . . နီမောင်က သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး နှစ်သိမ့်မှုပေးရသည်။

"ပြီးခဲ့တာတွေ ပြီးပါစေတော့ဟာ ဒီအကြောင်းတွေကို ပြန်တွေးမနေပါနဲ့တော့၊ နင်လည်း နေကောင်းခါစပဲ ရှိသေးတာဆိုတော့ စိတ်ချမ်းသာအောင်နေပါ၊ နင့်ကို ဒီလိုအခြေအနေမျိုးနဲ့ ပြန်တွေ့ရတာ ငါဝမ်းသာပါတယ်"

"အရင်အခြေအနေမျိုးဆိုရင်တော့ လှည့်မကြည့်ချင်ဘူးမဟုတ်လား"

"ငါက မေတ္တာကိုတန်ဖိုးထားတဲ့ လူတစ်ယောက်ပါ၊ နင် ဘယ်ဘဝမျိုးပဲရောက်ရောက် ခွင့်လွှတ်ပေးနိုင်ပါတယ်၊ တကယ်လို့ အရင်အခြေအနေအတိုင်းဆိုရင်တောင်မှ ငါနင့်ကို လက်တွဲဖို့ ဆုံးဖြတ်ထားပြီးသားပါ"

"နင့်ဘက်က ဘယ်လောက်သဘောထားကြီးနိုင်တယ်ဆိုပေမယ့် အရင်အခြေအနေအတိုင်းဆိုရင်တော့ ငါဘက်က ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါဘူး၊ တော်ကြာ ပတ်ဝန်းကျင်က တစ်မျိုးထင်ကြမှာပေါ့"

"ဒါဖြင့် အခုတော့ရော"

"အခုကတော့ ဘာပြောစရာရှိလို့လဲ၊ နင်ကငါ့ကို ခွင့်လွှတ်ပြီးချစ်သေးတယ်ဆိုရင် ငါဘက်က လက်ခံထားပြီးမယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် မြလေးခင်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com

လာမယ့်နွေရောက်ရင် နင့်ကိုလူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ယူပါ့မယ်"

ထိုသို့ပြောလိုက်သောအခါ မြလေးခင်မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ ယှက်သန်းသွားပြီး ခေါင်းညိတ်ပြလေသည်။

ထိုအခြေအနေရောက်သော်လည်း ဦးဇန်ကောင်းက စိတ်ချလက်ချရှိစေရန် မြလေးခင်ကို ဆေးဝါးအစီအရင်များဖြင့် ကုသပေးရာ တစ်နေ့ထက်တစ်နေ့ ပြန်ကောင်းလာလေသည်။

တစ်နေ့တော့ နီမောင်ကမေးသည်။

"ဆရာကြီး ကျွန်တော်တစ်ခုလောက်မေးပါရစေ"

"သိချင်တာရှိရင် မေးပေါ့"

"ကျွန်တော်တို့က ပြုစားတယ်၊ အပင်းသွင်းတယ်ဆိုတာ စုန်းကဝေတွေ အောက်လမ်းဆရာတွေပဲ လုပ်နိုင်တယ်လို့ ထင်နေကြတာ၊ တောထဲတောင်ထဲမှာ ဒီလိုဖြစ်နိုင်တယ်ဆိုတာ. . အရင်ကမသိခဲ့ဘူး"

"နေရာတိုင်းမှာ ရှိတာပေါ့ကွ"

"ဝမ်းထဲကို အပင်းသွင်းတယ်ဆိုတာ ဘယ်ပုံဘယ်နည်း သွင်းတယ်ဆိုတာ သိချင်လို့ပါ"

"အပင်းသွင်းတယ်ဆိုတာ အစကတည်းက ခန္ဓာကိုယ်ထဲကို အရိုးတွေ၊ သားရေပြားတွေ၊ ကျောက်ခဲတွေ၊ အသားတုံးတွေ ထည့်ပေးလိုက်တာ မဟုတ်ပါဘူး၊ ပညာရှင်က သူ့ပညာစွမ်းနဲ့ နောက်ပိုင်းမှဖန်တီးယူတာပါ"





"ဟုတ်ကဲ့"

"ပထမထည့်တာက သူ့ပညာနဲ့ အကောင်အထည်မမြင်ရတဲ့ ပထမဒြပ်စင်လို့ခေါ်တဲ့ ရုပ်မှုန့်တွေရောက်အောင် ထည့်လိုက်တာပါ"

"ရုပ်မှုန့်ဆိုတာ ဘယ်လိုမျိုးလဲ ဆရာကြီး"

"ရုပ်မှုန့်ဆိုတာ အကောင်အထည်မမြင်ရတဲ့ မြူမှုန်တွေပေါ့၊ အငွေ့အသက်လို့လည်း ခေါ်တယ်၊ ပြုစားလိုတဲ့သူအစားအစာစားရင်၊ ရေသောက်ရင်ပဲဖြစ်ဖြစ်၊ အစာနဲ့အတူ၊ ရေနဲ့အတူ တစ်ခါတည်း ရောပါသွားနိုင်တယ်"

"ဆန်းကြယ်လှတယ်"

"ဒါမှမဟုတ် အိပ်ပျော်ပြီး အသက်ပြင်းပြင်းရှူတဲ့အခါမှာပဲဖြစ်ဖြစ်၊ ထိတ်လန့်ကြောက်ရွံ့မှုတွေနဲ့တွေ့ပြီး နှလုံးသွေးပြောင်းလဲတဲ့အခါ၊ သတိမေ့သွားတဲ့အခါမှာ ခန္ဓာကိုယ်ထဲကို ဝင်ရောက်လာနိုင်တယ်"

"ဟုတ်ကဲ့"

"သဘောကတော့ ရေနွေးပူပူသောက်တဲ့အခါ ရေနဲ့အတူ အခိုးအငွေ့တွေ ပါသွားသလိုမျိုးပေါ့၊ ပညာသည်က သူထည့်လိုက်တဲ့ ပရမတ်ဒြပ်စင်လို့ခေါ်တဲ့ ရုပ်မှုန့်လေးတော့ ခန္ဓာကိုယ်ထဲ ရောက်သွားပြီးတဲ့နောက်ရောက်တော့မှ မူလရုပ်သွင်ကို တဖြည်းဖြည်းပြောင်းလဲယူတာ၊ ကျောက်ခဲ၊ သားရေပြား၊ အရိုး၊ အသားတုံးစတဲ့ ရုပ်ဒြပ်တွေက သူဖြစ်စေချင်တဲ့အတိုင်း နောက်မှဖြစ်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အခုမှပဲ သဘောပေါက်တော့တယ် ဆရာကြီး၊ ဒါကြောင့်တွေးနေတာ. . . အပြုစားခံရတဲ့သူရဲ့ ဗိုက်ထဲကို ဒီလိုပစ္စည်းတွေက ဘယ်ပုံဘယ်နည်းရောက်သွားတယ် ဆိုတာကို အစက မသိဘူး၊ အခုမှပဲ သိရပေတော့တယ်"

ဆရာကြီး ဦးဗန်ကောင်း ခေါင်းတညိတ်ညိတ်ဖြင့်. . အများအားဖြင့် စိတ်မခိုင်သောအမျိုးသမီးများ အပြုစားခံရ အပင်းသွင်းခံရသော အကြောင်းများကို ပြောပြလေသည်။

အမျိုးသမီးများသည် ခါတ်လေးပါးညီညွတ်နေလင့်ကစား မိမိ၏အကုသိုလ်ကံကြောင့် ယုတ်မာသော ကာကနီ၊ ဇော်ဂနီအစရှိသော နတ်ဆိုး၊ စုန်းတို့၏ လှံ့လနှင့်ယှဉ်သောကြောင့်၎င်း၊ စိတ်ညို့အတတ်ပညာ ပြုစားခြင်းကို ခံရသောကြောင့်၎င်း၊ အင်း၊ အိုင်၊ ဆေးဝါး၊ မန္တရားတို့ဖြင့် စီရင်သော အပင်းအဆာဖြင့် ယှဉ်စေသောကြောင့်၎င်း၊ ခါတ်လေးပါးနှင့်တကွ သွေး၊ လေ၊ သည်းခြေ၊ အနေမမှန် စိတ်ဖောက်ပြန်ခြင်းသည် အပ,ပယောဂစွက်သော ပယောဂဖြစ်၏။

မြန်မာ့ဆေးပညာအရ အထူးအားဖြင့် စုန်းကဝေဖမ်းစား(ပြုစား)သော ပယောဂနာ၌ နတ်ဆေး၊ ပယောဂဆေးဖြင့်၎င်း၊ မှော်ပညာဖြင့်၎င်း၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်တို့ဖြင့်၎င်း၊ မြတ်စွာဘုရား၏ ပရိတ်ဒေသနာတော်ဖြင့်၎င်း ကုသကြသည်။

အထင်၊ အမြင်၊ အကြား၊ အသိတည်းဟူသော ဆရာလေးရပ် အတတ်ပညာတစ်ပါးပါးကို ယထာဘူတကျကျဟုတ်





င်းမှန်ရာ သိနိုင်ခြင်းမရှိကြသေးသည့် ဆရာအချို့တို့သည် သွေးရိုးသားရိုးရောဂါကို အပ,ပယောဂဟူ၍ မှတ်ထင်ပြီး ဆေးးခြင်း၊ ရိုက်နှက်ကုသကြခြင်းကြောင့် မှော်ဆရာတို့၏ ဂုဏ်ကြွာကို ထိခိုက်စေပြီး လူနာသည်လည်း မလိုလားအပ်သော ခိုက်မှု၊ ရှက်ရွံ့မှုများနှင့် ကြုံတွေ့ကြရလေသည်။

အမျိုးသမီးတို့၏ မညီညွတ်သောသွေး၏ အခိုးများည် မူလခါတ်ကြီးလေးပါးကိုသာမက ဟဒယဝတ္ထုရုပ်ဟု ဆိုပ်သော နှလုံးသွေးကိုပင်လျှင် ထိခိုက်တတ်သောကြောင့် စိတ်ာရုံ၏ စွဲလမ်းရာ တောင့်တခါမတ္တ မျှဖြစ်သော အာသာဆန္ဒားမှုဝေဒနာများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဗိန္ဓောသဘောအရ သွေးလေနှင့် ပတ်သက်ပြီး အမျိုးမီးတို့တွင် အပင်းဖြစ်ရပုံသဘောကို သိထားပါမူ ဝေဒနာကိုင်ခြင်ကြည့်နိုင်ပါမည်။

သွေးပင်းဖြစ်ပေါ်လာပုံကို ဖော်ပြပါမည်။

အမျိုးသမီးတို့မှာ မီးယပ်သွေးသည် အသက်ငယ်သည်စေ၊ ကြီးသည်ဖြစ်စေ အရေးကြီးလှပါသည်။

အဆိုပါ မီးယပ်သွေးသည် ရက်စောလွန်းခြင်း၊ ရက်ာက်ကျခြင်း၊ ပိုခြင်း၊ လိုခြင်း၊ နည်းခြင်း၊ များခြင်း၊ ကြွင်းန်ခြင်း၊ အရှိန်ပျက်ပြီး ရပ်တန့်ခြင်းတို့ မဖြစ်စေအောင် ဂရုပြုမည်။ ထိုသို့အမျိုးမျိုးဖြစ်ခဲ့သော ရောဂါဥပဒ် ရောက်တတ်သည်။

အမျိုးသမီးတို့တွင် မီးယပ်သွေးကြွင်းကျန်ခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရမည့်သွေး မဆင်းခြင်းကြောင့်၄င်း၊ ကောဋ္ဌာသအချင်းအားဖြင့် သွေးဟောင်းသွေးသစ်ဖြစ်ရန် ချက်နိုင်သည့် ဟဒယ ခေါ် နှလုံးအိမ်အတွင်းသို့ မသက်ဝင်နိုင်ခြင်းကြောင့်၄င်း၊ သွေးပိုဖြစ်၍နေ၏။

အရေထူ၊ အရေပါး အကြားမှာဖြစ်စေ၊ သို့မဟုတ် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသကိုမျှ မျှတသက်ဝင်ခြင်း မစွမ်းနိုင်ဘဲ ၄င်းတို့၏အကြားတွင် အရေထူကြီး၏ အောက်မှဖြစ်စေ.. မီးဖိုချောင် စသည်တို့၌ ကျပ်ခိုးစသည် တွယ်ကပ်ဘိသကဲ့သို့၄င်း အမှေးအမှုင်တွယ်ကပ်နေဘိသကဲ့သို့၄င်း၊ အဆိုပါသွေးတို့သည် တစ်နေရာတစ်နေရာတို့၌ အနည်းငယ်စုခြင်း၊ များများစုခြင်းအားဖြင့် အဆောက်အအုံဖြစ်၍.. နဂိုမူလသွေးမှ ပိုလျှံခြင်းကြောင့် သွေးပိုဖြစ်နေလေသည်။

၄င်းသွေးပို အလုံးအခဲသည် မကျဆင်းဘဲ တစ်နေ့ထက်တစ်နေ့ ရင့်ကျက်ကြီးပြင်း ရင့်ကျက်ခြင်းဖြစ်ခဲ့သော် မူလရှိရင်း ကောဋ္ဌာသနှင့်ပင် သင့်တော်ရုံမျှဧရိယာရှိသော ဝမ်းအရေအိမ်သည် ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းကျပ်တည်းခြင်းကြောင့် အဆိုပါသွေးကြွင်းအပိုကို "သွေးပင်း" ဟုခေါ်ဆိုသည်။

ဥပမာအားဖြင့် ဓါးတွင်အရိုးတပ်သည့်အခါ တပ်သည့်အခါ ကျပ်တည်းခိုင်ခန့်သော သားရေ၊ သစ်သားစသည်တို့နှင့် "သစ်ပင်း"၍ တပ်သည်ဟု ခေါ်သကဲ့သို့ "အပင်း"၏အဓိပ္ပါယ်ကိုယူဆနိုင်ပါသည်။





ဖော်ပြခဲ့သည့် သွေးပို၊ သွေးပင်းကဲ့သို့ပင် "ဥဒ္ဓင်္ဂ မဝါယော"ခေါ်သည့် အထက်သို့ဆန်တက်သောလေ၊ "အဓောဂမဝါယော"ခေါ်သည့် အောက်သို့စုန်ဆင်းသောလေ၊ "ကုစ္ဆိဋ္ဌာသဝါယော"ခေါ်သည့် ဝမ်းတွင်း၌ရှိသောလေ၊ "အင်္ဂ မင်္ဂါနုသာရီဝါယော"ဟုခေါ်သည့် အင်္ဂါကြီးငယ်တို့ကို လျှောက်သောလေ၊ "အဿာသ ပဿာသ ဝါယော"ဟုခေါ်သည့် ထွက်သက်ဝင်သက်လေ၊ ဝါယောဓါတ်ခြောက်ပါးတို့သည် အစဉ်အတိုင်းမဟုတ်ဘဲ မိမိစားခြင်း၊ သောက်ခြင်းစသော အာဟာရဓါတ်တို့သည်. . . မညက်မကြေသဖြင့် လေတို့၏ သွားလာလမ်း မှားယွင်းခြင်း၊ အာဟာရဓါတ် ပိတ်ဆို့မှုကြောင့်၄င်း၊ ဖော်ပြခဲ့သည့် သွေးပို၊ သွေးပင်းတို့၏ ဆို့ပိတ်မှုကြောင့်၄င်း၊ ဝါယောဓာတ်တို့ လမ်းလွဲ၍ လွန်ကဲပိုလျှံသဖြင့်. ကောဋ္ဌာသ၏လမ်းတို့မှ ပြင်ဘက်အကြား ဝမ်းရေ၏နံရံ စသည်တို့၌ အစုအဝေးဖြစ်၍ နေခြင်းကြောင့်၄င်း၊ အူတွင်း၌ပင် ဖောက်လျှောက်မသွားဘဲ ပိတ်ဆို့စုဝေးခြင်းကြောင့်၄င်း ပိုလျှံသောလေလုံးလေခဲကို "လေပင်း"ဟူ၍ မှတ်ယူနိုင်ပေသည်။

သွေးပင်း၊ လေပင်းတို့မှ သွေးသလိပ်၊ လေသလိပ်ဖြစ်ခြင်း၊ သွေးတံကူ၊ လေတံကူဖြစ်ခြင်းတို့သည် ဆက်စပ်လျက်ရှိသည်။

သွေးပင်း၊ လေပင်းကြောင့်ဖြစ်သော ဝေဒနာများ ဖြစ်ပေါ်လာသောအခါ အပ၊ ပယောဂနှောင့်ယှက်သကဲ့သို့ပင် ထင်ယောင်ထင်မှား ဖြစ်စေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတို့သည် မိမိတို့၏ခန္ဓာကိုယ်တွင်း၌ သွေးပင်း၊ လေပင်းမဖြစ်ရန် အထူးဂရုစိုက်သင့်ပါသည်။

အဆိုပါ ရောဂါများခံစားနေရပါလျှင်လည်း ရောဂါကို အချိန်မီ ကုသသင့်ကြသည်။

ဖော်ပြခဲ့သည့် သွေးကြွင်းသွေးကျန်ခေါ် သွေးပင်းမှုတို့သည် ဝမ်းရေအိမ်တွင်းရှိ အသီးသီးသော ကောဋ္ဌာသတို့၏ အစိုင်အခဲဖြစ်၍ သိုလှောင်ပုပ်သိုးကာ မသန့်မရှင်းဖြစ်နေသည်။

ထိုမသန့်ရှင်းသည့် သွေးပုပ်နံ့တို့မှ အခိုးပြန့်နှံ့ခြင်း၊ ဥဒ္ဓဂံဂဝါယောထကြွမှုကြောင့် နှလုံးသည်းခြေအိမ်တို့မှစ၍ ဦးနှောက်တိုင်အောင် ၎င်းသွေးပုပ်၏ အခိုးရိုက်ခြင်း၊ အဝေါဇဝါယော၏ ကိစ္စပျက်ကွက်၍၊ ၎င်းဝါယောဓာတ်သည် သွေးပုပ်ခိုးနှင့် ရောယှက်ကာ ဒါဟတေဇော၏သတ္တိကြောင့် ထကြွ၍ နှလုံးအိမ်တွင်းရှိ မနောအကြည်ဓာတ်ကို နှောက်ကျူရှုပ်ထွေးစေသဖြင့် ဟဒယဝတ္ထုရုပ်ကို တုန်လှုပ်ချောက်ချားစေနိုင်သည်။

မနောဓါတ်ချောက်ချားခြင်းကြောင့် မထင်မြင်အပ်သည်ကို ထင်မြင်ခြင်း၊ မကြောက်လန့်အပ်သည်ကို ကြောက်လန့်ခြင်း၊ မတုန်လှုပ်အပ်သည်ကို တုန်လှုပ်ခြင်း၊ မပြောအပ်သည်ကို ပြောခြင်း၊ မငိုမရယ်အပ်သည်ကို ငိုရယ်ခြင်း စသောဖောက်ပြန်မှုများ ဖြစ်ပေါ်လာတတ်၍ အချိန်မီဆေးကုသရန် လိုအပ်သည်။

ရိုးရိုးရောဂါနှင့် ပယောဂကြောင့်ဖြစ်သော ရောဂါဟူ၍လည်း ခွဲခြားသိရှိသင့်သည်။





အထက်ဖော်ပြပါ အကြောင်းအရာများသည် သွေးပင်း၊ လေပင်းနှင့်ပတ်သက်၍. . အမျိုးသမီးတို့ ခံစားရတတ်သော ရောဂါများကို ဖော်ပြထားခြင်းဖြစ်သည်။

ရှေးအခါက. . အမျိုးသမီးများ အပင်းသွင်းခံရသောကြောင့် ရောဂါသက်ရောက်ကြောင်း တွေ့မြင်သိရှိပါက ရောဂါကုသပုံများကို ဆက်လက်ဖော်ပြပါမည်။

ဩစတြေးလျရှေးဟောင်းလူမျိုးသမားသည် လူနာအား နာကျင်သည့် ကိုယ်လက်အင်္ဂါပိုင်းကို ပြခိုင်း၍. . နာကျင်သည့် အပိုင်းကို အသာပွတ်သပ်ပေးနေရာမှ ရုတ်တရက် အပင်းကို စမ်းတွေ့ရပြီဖြစ်ကြောင်း ပြောပြောဆိုဆိုနှင့် နာသည့် ကိုယ်လက်အင်္ဂါပိုင်းကို အဝတ်တစ်ခုဖြင့် ဖုံးထားသည်။

ခဏအကြာတွင် ကျောက်သလင်းစ သို့မဟုတ် သစ်ကွဲစ စသည့်အရာဝတ္ထုတစ်ခုခုကို အဝတ်အောက်မှ ထုတ်ယူ၍ ပြသည်။

၎င်းသည်မှာ ဝမ်းတွင်းမှအပင်းထုတ်ယူခြင်းဖြစ်သည်။

အခြားတစ်နည်းမှာ ကုသသည့်သမားသည် လူနာ၏ နာကျင်သည့် ကိုယ်လက်အင်္ဂါပိုင်းကို နာနာပွတ်သပ်ပြီးနောက် ပါးစပ်ဖြင့်စုပ်၍ အပင်းဝတ္ထုကို ထွေးထုတ်ပြခြင်းဖြစ်သည်။

အကယ်၍ 'ဥလ္လင်က' အပင်းသွင်းခံရပါက. . ဝေဒနာပြင်းစွာ ခံစားရသည်။

'ဥလ္လင်က' အပင်းဟူသည်မှာ "မြားထိပ်ကဲ့သို့သော အသွားရှိ၍ သာမန်လူသားတို့ မမြင်နိုင်သော ကြိုးတစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

တပ်ဆင်ထားသည့် တုတ်တံတို" ကို ဆိုလိုသည်။

အပင်းသွင်းထားသောသရဲက ကြိုးကိုဆွဲသောအခါ လူနာသည် အလွန်နာကျင်ခြင်းဝေဒနာကို ခံစားရသည်။

ကုသနည်းမှာ ကျောမှီတစ်ခုကိုမှီလျက် ထိုင်သယောင်း လျောင်းသယောင်နေသော လူနာ၏အနီး၌ရပ်၍ သမားသည် လူနာ၏မျက်နှာကို စေ့စေ့စိုက်ကြည့်သည်။

ယင်းနောက်သမားသည် လူနာနှင့် ကိုးပေ၊ ဆယ်ပေ ခန့်အကွာသို့သွား၍ လူနာ၏မျက်နှာကို. . ကြမ်းကြုတ်သော မျက်နှာထား၍ ကြည့်သည်။

ပြီးလျှင်. . ရှေ့သို့အနည်းငယ်ကိုင်း၍ မိမိ၏လက်တံ နှစ်ဖက်ကို အကြိမ်ကြိမ်ဘေးဘက်သို့ ဆန့်ထုတ်သည်။

ဤအပြုအမူသည် "အတ္တာနွံဂရ" အမည်ရှိသော မိမိ ကိုယ်သို့ ပစ်သွင်းသည့် အပြုအမူဖြစ်သည်။

ဤသို့ဖြင့် လူနာ၏ကိုယ်တွင်းသို့ ရောက်သွားသော ခါတ်လုံးများက ပြုစားဒဏ်ကိုဖြေမည်။ ယင်းနောက်. . သမား သည် လူနာ၏ကိုယ်တွင်းသို့ ခါတ်လုံးများကို ပစ်သွင်းပြန်သည်။

ယခုအကြိမ်တွင်မူ သမားသည် ဒူးကိုမြင့်စွာမြှောက်၍ စည်းဝိုင်းတစ်ဘက်စွန်းမှ အခြားတစ်ဘက်စွန်းသို့ လျင်မြန်စွာခုန် ပေါက်သွားပြီးနောက် ခါတ်လုံးများကို လူနာ၏ကိုယ်တွင်းသို့ ပစ်သွင်းခြင်းဖြစ်သည်။

ယင်းနောက် သမားသည် လူနာကိုချဉ်းကပ်၍ 'ဥလ္လင် က' အပင်း၏ ကြိုးစကိုရှာ၍ ဖြတ်တောက်ပစ်လိုက်သည်။





ထို့နောက် ခါတ်လုံးကို လူနာ၏ကိုယ်တွင်းသို့ ပစ်သွင်း ပြန်သည်။

ပြီးလျှင်. . သမားသည် လူနာ၏ကိုယ်ပေါ်သို့ နိမ့်စွာ ကိုင်း၍ မိမိ၏ပါးစပ်ကို လူနာ၏နာကျင်ရာ ကိုယ်လက်အင်္ဂါ၌ အပ်ကာ အပင်းကိုစုပ်ယူသည်။

တစ်အောင့်မျှကြာသောအခါ သာမန်သမားဖြစ်လျှင် အပင်းသည် တစ်စစီ၊ တစ်စစီထွက်လာသည်။ အလွန်စွမ်းသော သမားဖြစ်လျှင် တစ်ကြိမ်တည်းနှင့် အပင်းတစ်ခုလုံးထွက်လာ သည်။

အပင်းအကုန်အစင်ထွက်လာသောအခါ၌ ပစ်သွင်းခဲ့ သော ခါတ်လုံးတို့သည် သမား၏ကိုယ်တွင်းသို့ ပြန်လည်ရောက် ရှိလေသည်။

အမေရိကန် အိန္ဒိယအမျိုးသားသမားတို့သည် အပင်း ကိုနုတ်၍ ကုသနိုင်ကြသည်။

ချေယင်နီး (Cheyenes) အမျိုးသားသမားသည် မိမိ ကိုယ်ကို စင်ကြယ်အောင် သီလဆောက်တည်ပြီးမှ အပင်းကို ပါးစပ်ဖြင့်စုပ်၍ ထုတ်ယူသည်။

အာရပ္ပဟိုး (Arapaho) အမျိုးသားသမားနှင့် ချောက တော့ (Choctaw) အမျိုးသားသမားတို့ကမူ လူနာ၏အနာပေါ် ရှိအရေကို ဓားဖြင့်ခြစ်၍ သွေးထွက်စေပြီးမှ ဦးချိုခွက်တစ်ခု အားဖြင့် စုပ်၍ထုတ်ယူကြသည်။ ဦးချိုခွက်တွင်းသို့ ဝင်လာသည့် သွေးထဲ၌အပင်းကို တွေ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com

အပင်းသွင်းခံရသူ ဝမ်းဗိုက်ထဲရောက်နေသော ပစ္စည်းများ သဘာဝအတိုင်း ဝါးမြိုစားသောက်ထားသလိုမဟုတ်ပဲ အံ့ခြားအပိုပစ္စည်းလိုဖြစ်နေသောကြောင့် ကျေပျက်သွားခြင်းမျိုးလည်း မရှိတော့ပေ။

သူ့သဘာဝအတိုင်း ဘယ်သောအခါမှ ပြန်မထွက်လာသောကြောင့် ထိုအပင်းရှိနေသရွေ့ အပင်းသွင်းခံရသူမှာ ဒုက္ခရောက်ရလေသည်။

နောက်ဆုံး ထိုပယောဂကို နိုင်နင်းသော ဆရာကောင်းနှင့်တွေ့မှသာ အန်ထုတ်ခြင်း စသောအမှုများပြုကာ အပြင်သို့ပြန်ရောက်နိုင်ပေသည်။

မမြင်ရ မသိရသဖြင့် မကြောက်ရွံ့ကြသော်လည်း အကယ်၍သာ ထိုအကြောင်းများကို မြင်ရသိရပါလျှင် များစွာကြောက်စရာကောင်းလှပေတော့သည်။





## အခန်း (၁၅)

# သရဲမျက်နှာဖုံးနှင့် တစ်ကျော့ပြန်ကြမ္မာ

အချိန်က ညဉ့်ဦးပိုင်းအချိန် ကျော်လာပြီ. . ။

ကောင်းကင်မှာ လရောင်အသင့်အတင့် ရှိသော်လည်း မြူများက ဝေ့ဆိုင်းနေသောကြောင့် အလင်းရောင်က မှုန်ဝါးဝါးမျှသာ ရှိလေသည်။

တောရွာများ၏ ဓလေ့ထုံးစံအတိုင်း တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရပြီး ညဉ့်ဦးပိုင်းအချိန် ရောက်သည်နှင့်


www.burmeseclassic.com

www.burmeseclassic.com

ရှိတာစားသောက်ပြီး အိပ်ရာဝင်ကြသည် ဖြစ်သောကြောင့် မှိုင်းချုပ်သည်နှင့် တစ်ရွာလုံး အသွားအလာမရှိတော့ပဲ တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

ဆိုင်ခွန်ရွာ၏ အစွန်ဘက်၊ သုသာန်နှင့်နီးသော နေရာတွင် နတ်ဆရာဇာလာဝီနေသော တောရှိသည်။

ဇာလာဝီတစ်ယောက်တည်း နေသည်ဆိုသော်လည်း ယခုညမှာတော့ အခြားတစ်ယောက် ရောက်နေလေသည်။

အစ်မကြီးဖြစ်သူ ဒေါ်မင်းဇာပင် ဖြစ်တော့သည်။

တဲပေါ်မှာ မီးတိုင်တစ်ခုထွန်းထားပြီ ထိုနေရာမှာပင် ထိုင်ပြီး စကားပြောနေသည်။

“အခြေနေ ဘယ်လိုရှိသလဲ ဇာလာဝီ”

“သိပ်မကောင်းလှဘူး”

ဇာလာဝီက မကျေမနပ်ဖြစ်နေသော အမူအရာဖြင့် ပြန်ပြောလေသည်။

“ဘယ်လိုမကောင်းတာလဲ”

“သူတို့ဆီမှာ ပယောဂနိုင်တဲ့ ဆရာကြီးတစ်ယောက် ရောက်နေတယ်၊ သူက ဖယ်နောင်ဂါတ်တဲမှာထားခဲ့တဲ့ ဘီးလူးမျက်နှာဖုံး ရုပ်တုကိုလည်းယူသွားတယ်”

“ယူပေစေပေါ့. . ငါ့တူစံနက်ကျော်တစ်ယောက် သေရတာကို သူတို့ဂါတ်ထဲက သုံးလေးယောက်တောင် သေပြီးမှပဲ”

ဒီအထဲမှာ အင်စပတ်တော်ဆိုလား၊ အင်စပက်တော်ဆိုလားတစ်ယောက်တောင် ပါသွားသေတယ်မဟုတ်လား”





ဒေါ်မင်းဇာက ကျေနပ်သောအမူအရာဖြင့် ပြောနေလေသည်။

“ဒါ. . ဒါပေမယ့် . သူကဟန်ဆီလုံရွာမှာ ရောက်နေတယ် ဟိုတစ်ညကလွှတ်လိုက်တဲ့ သရဲမျက်နှာဖုံးတပ်ထားတဲ့ ဖုတ်ကောင်လည်း ပြန်ရောက်မလာဘူး”

“သူလက်ချက်ပဲဖြစ်မှာပေါ့၊ ငါတူသေရသလို သူတို့သားတစ်ယောက်လည်း သေရပြီမဟုတ်လား”

“ဒါပေမယ့် ကျုပ်က မကျေနပ်နိုင်သေးဘူး၊ ကျုပ်အလုပ်ကိုဝင်ပြီး အနှောင့်အယှက်ပေးနေတဲ့ သူတွေကို သတ်ချင်သေးတယ်”

“သတ်ချင်ပေမယ့်လည်း. . . နင်တတ်ထားတဲ့ပညာလောက်နဲ့ သူကိုနိုင်မှာမို့လို့လား၊ တော်ကြာ အန္တရယ်က ကိုယ့်ဘက်ပြန်လှည့်လာဦးမယ်”

ဒေါ်မင်းဇာကတော့. . မောင်ဖြစ်သူကို စိုးရိမ်သောကြောင့် သတိပေးလိုက်လေသည်။

“အစ်မကလည်း ဝိုင်းကူပေးမှာပေါ့”

“ဟဲ့. . ငါကပြုစားတတ်တဲ့ ပညာလောက်သာ နည်းနည်းပါးပါးတတ်တာ အထက်လမ်းပညာတွေနဲ့ယှဉ်တော့ ငါလိုမပြောပလောက်တဲ့ ပညာမျိုးနဲ့ ဘယ်လိုယှဉ်နိုင်မှာလဲ”

အမှန်တော့ ဒေါ်မင်းဇာမှာ တစ်ရွာလုံးကကြောက်ရွံ့လေးစားအောင် စုန်းကဝေပညာသည်တစ်ယောက်လို နေထိုင်ခဲ့သော်လည်း သူတတ်သောပညာက အနည်းငယ်လောက်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။

မောင်ဖြစ်သူ နတ်ဆရာဇာလာဝီအားကိုးနှင့် ဟန်မပျက်နေခဲ့ခြင်းသာဖြစ်သည်။

နတ်ဆရာဇာလာဝီမှာလည်း ‘စမူ’ဟုခေါ်သော ပယောဂနှင့်သက်ဆိုင်သော ကိစ္စများကို နားလည်တတ်ကျွမ်းပြီး အောက်လမ်းပညာမျိုးကိုသာ တတ်ကျွမ်းသူဖြစ်လေသည်။

သူအစွမ်းဆုံး တတ်ကျွမ်းသောပညာမှာ မှော်ဝင်မျက်နှာဖုံး စီရင်ခြင်းနှင့် ဖုတ်သွင်းသောပညာပင် ဖြစ်လေသည်။

လူသေဖြစ်စေ၊ အသက်ရှိသောသူဖြစ်စေ သူစီရင်ထားသော မှော်ဝင်မျက်နှာဖုံးတပ်ပေးလိုက်ပါက လိုရာစေခိုင်း၍ရသည်။

အသက်ရှိသောသူ ဖြစ်ပါက လူစိတ်ပျောက်သွားသလို အသက်မရှိသော အလောင်းဖြစ်ပါက ဖုတ်ဝင်၍ ထလာပြီး သူစေခိုင်းသည့်အတိုင်း ပြုလုပ်ပေးကြလေသည်။

ထိုပညာကြောင့်ပင် လူအများက သူ့ကိုကြောက်ရွံ့နေကြရခြင်း ဖြစ်လေသည်။

ယခုလို အစွမ်းသိဒ္ဓိရှိသော အထက်လမ်းပညာများနှင့် ယှဉ်သောအခါ ၎င်းတတ်ထားသောပညာမှာ မပြောမလောက်ပါချေ. . ။

အောက်လမ်းပညာများက မိစ္ဆာများနှင့် လူကိုဒုက္ခပေးနိုင်သောပညာမျိုးဖြစ်ပြီး အကျိုးပြုသောပညာရပ်မျိုးတော့ မဟုတ်ပေ။





အထက်လမ်းပညာရပ်များကသာ ဒုက္ခရောက်နေသူများကိုကယ်တင်ပေးနိုင်ပြီး အကျိုးပြုသောပညာရပ်များ ဖြစ်ကြလေသည်။

ထိုပညာရပ်နှစ်ခု တွေ့ဆုံ၍သော်လည်းကောင်း . . ၊

ယှဉ်ပြိုင်ကြရာ၌သော်လည်းကောင်း အောက်လမ်းပညာ တတ်ကျွမ်းသူက အထက်လမ်းပညာ တတ်ကျွမ်းသူတို့ကို အသာစီးမရ၊ အနိုင်မရခဲ့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

အောက်လမ်းပညာကို သရဲသဘက်မိစ္ဆာနတ်ဆိုးများက အကူအညီပေးနိုင်သော်လည်း ၊အထက်လမ်းပညာရပ်များကိုတော့ နတ်၊ ဝိဇ္ဇာစသော သိဒ္ဓိရှိသောဝိဇ္ဇာများက ကူညီစောင့်ရှောက်ပေးသောကြောင့်ဖြစ်သည်။

အောက်လမ်းပညာတတ်သူက မြတ်စွာဘုရားစသော ရတနာသုံးပါးကို မကိုးကွယ်. . မဆည်းကပ်ပေ။

အထက်လမ်းပညာတတ်သူတို့က မြတ်စွာဘုရားစသော ရတနာသုံးပါးကို ယုံကြည်အားထားသောကြောင့် နတ်ကောင်းနတ်မြတ်တို့က ကူညီစောင့်ရှောက်ပေးကြခြင်းပင် ဖြစ်လေသည်။

ယခုလည်း ဆရာကြီးဦးဗန်ကောင်း ရောက်လာကတည်းက ဇာလာဝီစီစဉ်သော အတိုက်အခိုက်များ မအောင်မြင်တော့ဘဲ တစ်ခုပြီးတစ်ခု ပျက်စီးလာခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့်. . ဇာလာဝီမှာ မကျေမနပ် ဖြစ်နေခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"အစ်မ မကူညီနိုင်လည်း . . ကျုပ်ကတော့ ဒီအတိုင်း ခေါင်းငုံ့မခံနိုင်ဘူး၊ သူတို့ကို ဖြစ်တဲ့နည်းနဲ့ ပြန်ပြီးဒုက္ခပေးရမှာပဲ၊ ကြာရင် ရွာသားတွေက သူ့ကိုယုံကြည်လို့ သူဘက်ပါသွားရင် ကျုပ်ကို နှင်ထုတ်ကြလိမ့်မယ်"

ဟု မကျေမနပ်ပြောလေသည်။

"နင်စီစဉ်ထားတဲ့ မှော်ဝင်သရဲမျက်နှာဖုံးတောင် သူတို့ဆီရောက်သွားပြီလားမှမသိတာ နင်ကဘာနဲ့ ဒုက္ခပေးမှာလဲ"

"အို . . တစ်မျိုးနဲ့မရရင် တစ်မျိုးနဲ့တော့ပြန်လုပ်ရမှာပဲ"

ဟုပြောဆိုနေစဉ် မဝေးလှသောနေရာဘက်မှရှိသော သုသာန်ဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများ စူးစူးဝါးဝါး ပေါ်ထွက်လာသဖြင့် နှစ်ယောက်သား စကားပြောနေသည်ကိုရပ်ခါ နားစွင့်လိုက်ကြလေသည်။

"ဒီခွေးအူသံတွေ ထူးတယ်"

"ဟုတ်တယ် မကောင်းဆိုးဝါးတွေကိုတွေ့လို့ ဟောင်တာမျိုးပဲ . . ."

"တခြားမိစ္ဆာကောင်တွေရော မဖြစ်နိုင်ဘူးလား"

"ကျုပ်ရှိတဲ့နေရာက တခြားမသက်ဆိုင်တဲ့ မိစ္ဆာတွေလာဝံ့ဖို့ မဆိုထားနဲ့ ၊ အနားတောင်မကပ်ဝံ့ကြဘူး"

ဟုပြောကာ ဇာလာဝီက အပြင်ဘက်သို့ ထွက်ကြည့်သည်။ အပြင်ဘက်မှာ လရောင်ကတော့ မှုံဝါးဝါးဖြင့် ရှိနေသေးသည်။





ညဉ့်နက်ပိုင်းအချိန် ရောက်လာပြီဖြစ်သောကြောင့် မြူနှင်းများက ကျလာရာ ပတ်ဝန်းကျင်မှာ မှုန်ဝါးနေလေသည်။

ထိုအချိန်မှာ သူတို့တဲရှိရာဘက်သို့ ခွေးဟောင်သံများက တဖြည်းဖြည်းနှင့် နီးလာသည်။

ဇာလာဝီကလည်း အသံကြားရာဘက်သို့ စိတ်ဝင်စားစွာဖြင့် လှမ်းကြည့်နေလေသည်။

ထိုသို့ကြည့်နေရင်းမှာပင် . . . သူတို့တဲရှိရာဘက်သို့ လျှောက်လာနေသော သဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။

ပထမတော့ မသဲကွဲပေ။

နောက်တဖြည်းဖြည်း နီးလာတော့မှ သဲသဲကွဲကွဲမြင်လာရလေသည်။

ဒယိမ်းဒယိုင်ဖြင့် လျှောက်လာနေခြင်းဖြစ်သည်။

အတော်နီးလာတော့ သရဲမျက်နှာဖုံးတပ်ထားသည်ကို မြင်ရသောအခါ စိတ်ထဲမှာဝမ်းသာသွားသည်။

သူလွှတ်လိုက်သည့်ဖုတ်ကောင် ပြန်ရောက်လာပြီဟု ထင်လိုက်သောကြောင့်ဖြစ်သည်။

"ဟဲ့ . . ဇာလာဝီ ဘာတွေ့သလဲ"

"ကျုပ် လွှတ်လိုက်တဲ့ ဖုတ်ကောင်ပြန်လာပြီထင်တယ်"

ထိုသို့ပြောသဖြင့် ဒေါ်မင်းဇာကပါ အပြင်ဘက်ထွက်လာပြီး ကြည့်လေသည်။

သို့သော် . . . မျက်စိသိပ်မကောင်းသဖြင့် မည်းမည်းသဏ္ဌာန်ကိုသာမြင်ရပြီး သဲသဲကွဲကွဲတော့ မမြင်ရပေ။



www.burmeseclassic.com

သရဲမျက်နှာဖုံးတပ်ထားသောသူ မနီးမဝေးရောက်လာသောအခါ ဇာလာဝီမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်၊

"ဟင်. . ဘယ်လိုဖြစ်လာတာလဲ"

"ဟဲ့. . ဘာဖြစ်လို့လဲ"

"သရဲ မျက်နှာဖုံးတပ်လာပေမယ့် ကျုပ်လွှတ်လိုက်တဲ့ ဖုတ်ကောင် မဟုတ်ဘူးဗျ"

"ဒါဖြင့် ဘာကောင်လဲ"

"ဂါတ်တဲမှာ ကျုပ်မြှုပ်ထားတဲ့ ဘီလူးဗျ၊ သူကမှော်ဝင် သရဲမျက်နှာဖုံးတပ်ပြီး လာနေတာ"

"ဘယ်လိုဖြစ်တာလဲ"

"တစ်ယောက်ယောက်က တန်ပြန်အစီအရင်လုပ်ပြီး လွှတ်လိုက်တာဖြစ်မယ်"

"ဒါဖြင့်. . နင့်ပညာနဲ့ သူ့ကိုတားပြီး၊ သူ့မျက်နှာပေါ်က သရဲမျက်နှာဖုံးကို ရအောင်ပြန်ယူလိုက်လေ"

ထိုသို့ပြောနေစဉ်မှာ တစ်ကိုယ်လုံးအမွေးရှည်များ ဖုံးနေသော သရဲမျက်နှာဖုံးတပ်ထားသည့် မိစ္ဆာကောင်က မနီးမဝေး ရောက်လာလေသည်။

ထိုအခါ ဇာလာဝီက သူ့အမိန့်ဖြင့်တားသည်။

မရပ်ပေ။

နောက်တစ်ကြိမ် အမိန့်ပေးသည်။

ရှေ့သို့ဆက်တိုးလာသဖြင့် လက်တစ်ကမ်းအကွာသို့





ရောက်လာလေသည်။

ဇာလာဝီမှာ အခြေအနေမဟန်တော့မှန်း သိသဖြင့်. . ဆေးဝါးပစ္စည်းများနှင့် ဆေးလွယ်အိတ်ရှိသော တဲအတွင်းသို့ ပြန်ပြေးဝင်သည်။

နောက်မှ မိစ္ဆာကောင်ကလည်း ထက်ကြပ်မကွာလိုက်လာလေပြီ။

နတ်စင်ပေါ်မှာ တင်ထားသောဆေးပစ္စည်းများကို ရှာဖွေနေစဉ် ဘီလူးက နောက်သို့ရောက်လာသည်။

"ဟဲ့. . မိစ္ဆာကောင်ရပ်လိုက်စမ်း၊ ငါစီရင်တဲ့ မျက်နှာဖုံးနဲ့ငါ့ကို ပြန်ဒုက္ခပေးလို့ရမယ် ထင်သလား၊ ငါကိုဘာများထင်နေသလဲ ရပ်လိုက်စမ်း"

ဟု ကြောက်ကြောက်လန့်လန့်ဖြင့် အမိန့်ပေးနေစဉ်မှာ နောက်မှာရောက်နေသောဘီလူးက ဇာလာဝီလည်ပင်းကို သန်မာသော လက်နှစ်ဖက်ဖြင့် ညှစ်လိုက်လေသည်။

"ငါ့ကိုလွှတ်. . ငါ့ကိုလွှတ်စမ်း"

ဟုအော်ဟစ်ကာ အားရှိသရွေ့ ရုန်းကန်ပါသော်လည်း သရဲမျက်နှာဖုံးတပ်ထားသော ဘီလူးကတော့ မလွှတ်တမ်း ညှစ်ထားလေသည်။

"အမယ်လေး သေပါပြီ၊ အစ်မရဲ့ ကျုပ်ကိုကယ်ပါဦး"

ဟု ဗလုံးဗထွေးအော်ဟစ်သံကြားသဖြင့် ဒေါ်မင်းဇာက နောက်မှလာကြည့်သည်။

ဘီလူးလက်နှစ်ဘက်ကြားမှာ ယက်ကန်ယက်ကန်ဖြစ်

www.burmeseclassic.com



နေသော ဇာလာဝီကိုမြင်သော်လည်း သူမှာ ဖြစ်မြောက်သော ပညာမျိုး မရှိသဖြင့် အကူအညီ မပေးနိုင်တော့ပေ။

"သူပြီးရင် ငါ့ဘက်လှည့်လာတော့မယ်၊ ဒီနေရာက ပြေးမှဖြစ်မယ်"

ဟု တုန်တုန်ယင်ယင်ဖြင့် ပြောဆိုရေရွတ်ကာ ထိုနေရာမှ ခြေဦးတည့်ရာ ထွက်ပြေးလေတော့သည်။ အတန်ကြာသော အခါမှာတော့ ဇာလာဝီတစ်ယောက် ဘီလူးလက်ထဲမှာ ဇက်ကျိုးပြီး သေလေတော့သည်။

ထိုအခါမှ သရဲမျက်နှာဖုံးတပ်ထားသော ဘီလူးလည်း အမှောင်ထဲသို့ ပြန်ထွက်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် နတ်ဆရာဇာလာဝီတဲသို့ ရွာလူကြီးဇမုန်းထန်ခေါင်းဆောင်သော လူအချို့ရောက်လာကြလေသည်။

ညကထိုတဲဘက်မှ အော်ဟစ်သံများကြားရသဖြင့် အခြေအနေလာကြည့်ကြခြင်းဖြစ်သည်။

သူတို့ရောက်လာတော့ တဲအတွင်းမှာ ဇက်ကျိုးလျက် သေနေသော ဇာလာဝီကို တွေ့ကြရသည်။

ထိုအခါ ဇမုန်းထန်က အခြေအနေကိုကြည့်ပြီး မှတ်ချက်ချလေသည်။

"ကြည့်ရတာ နတ်ဆရာကို သရဲဝင်သတ်သွားတာဖြစ်မယ်"

ထိုစကားကြားသောအခါ ရွာသားတစ်ယောက်က. . .





"ဟင်. . သူက သရဲမွေးပြီး ခိုင်းနေတာမဟုတ်လား" ဟုမေးသည်။

"သရဲမွေးပြီးခိုင်းလည်း သရဲသတ်လို့ သေချင်သေမှာပဲ၊ မကောင်းဆိုးဝါးလို့ နာမည်ပေးထားမှတော့ ကောင်းကျိုးပေးပါ့မလား၊ မကောင်းကျိုးပဲပေးမှာပေါ့"

ထို့နောက်. . .

ဇာလာဝီသေဆုံးနေသောအကြောင်းကို အစ်မဖြစ်သူ ဒေါ်မင်းဇာအား သွားရောက်ပြောသောအခါ. . . ဒေါ်မင်းဇာကိုလည်း မတွေ့ကြရပေ။

ထိုအချိန်မှစပြီး ဆိုင်ခွန်ရွာ၌ ဒေါ်မင်းဇာကိုနောက်ထပ် မတွေ့ကြရတော့ပါချေ။


မှော်ဝင်မျက်နှာဖုံးစီရင်သူမှာ မှော်ဝင်မျက်နှာဖုံးကြောင့် သေရသည်။

သရဲမျက်နှာဖုံးစီစဉ်သူမှာလည်း ကောင်းသောဘက်မှာ အသုံးမချဘဲ မကောင်းသောဘက်၌ အသုံးချမိသောကြောင့် ကိုယ့်အတတ်နှင့်ကိုယ်စူးကာ နောက်ဆုံးမှာတော့ အသေဆိုးဖြင့်သာ သေရခြင်းဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၆)

# ဖူးစာမှန်သော ကံတရား

ယခုတော့ . . အခြေအနေအားလုံးက ပြီးဆုံးသွားပြီဟု ဆိုရပေတော့မည်။ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများ၊ ကြေကွဲဝမ်းနည်းစရာများ၊ စိတ်သောကရောက်စေခဲ့သော အနိဋ္ဌာရုံများစသည်တို့မှာ ယခုတော့ အရာအားလုံး ပြီးသွားခဲ့ပေပြီ။

လွန်ခဲ့သော ရက်ပိုင်း၊ လပိုင်းအတွင်းက ဖြစ်ပျက်ခဲ့ရ၊ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များတို့မှာ ယခုတော့ နောက်၌ကျန်ခဲ့ကြပေပြီ။ ကိစ္စများပြီးသောအခါ ဦးဗန်ကောင်းက ငှင်းနေ့ရပ်သို့ ပြန်ရန်ပြင်လေသည်။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးရယ်. . . အခုလိုလာပြီး အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးကွာ၊ ဒုက္ခရောက်နေတဲ့သူတွေကို အကူအညီပေးတာ ဆေးဆရာရဲ့ဝတ္တရားပါပဲ၊ နောက်ပြီး မင်းတို့နဲ့ငါနဲ့က မိတ်ဟောင်းဆွေဟောင်းတွေဆိုတော့ ပြောစရာမလိုပါဘူး"

"ဒါထက် စီရင်ထားတဲ့ ဘီလူးရုပ်နဲ့မှော်ဝင်မျက်နှာဖုံးကို ဆရာကြီးယူသွားမှာလား"

"ယူသွားရမယ်၊ ဒီပစ္စည်းတွေကို တခြားလူတွေလက်ထဲ ရောက်သွားရင် မကောင်းဘူး"

"ဟုတ်တော့ဟုတ်ပါတယ်၊ အခုတောင်လူအတော်များများသေခဲ့ရပြီ၊ ကျွန်တော်တို့ဆရာကြီးကို ဒီမှာပဲနေစေချင်တာ"

"ငါက နတ်ဆရာမလုပ်ချင်ဘူးကွ ဆေးဆရာပဲလုပ်ချင်တာ၊ နောက်အကြောင်းရှိရင် အချိန်မရွေးလာခေါ်ပေါ့ကွာ"

ဟုပြောဆိုနှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

နောက်ထပ် လအနည်းငယ်ကြာသောအခါ လူကြီးများက နီမောင်နှင့်မြလေးခင်တို့ကို လက်ထပ်ပေးလိုက်ကြလေသည်။ နှစ်ယောက်သား လက်တွဲခွင့်ရသောကြောင့် ယခင်ကကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များတို့ကို မေ့ပျောက်သွားကြလေတော့သည်။ သူတို့နှစ်ယောက် လက်တွဲခွင့်ရသည်ကို မိတ်ဆွေများကလည်း ဝမ်းသာနေကြသည်။

စောထီးနှင့် ငမဲအောင်တို့နှင့် တွေ့သောအခါ သူတို့နှစ်ယောက်ကပြောသည်။





"နီမောင်ရယ် မင်းတို့နှစ်ယောက်ကို အခုလိုမြင်ရတော့မှ ငါတို့လည်း စိတ်ချမ်းသာတော့တယ်"

"ဒီလိုပေါ့ကွာ ဖူးစာမကုန်တော့လည်း ဒီလိုပဲလက်တွဲခွင့်ရကြတာပေါ့"

"ဒါပေမယ့်. . မြလေးခင် ဒုက္ခရောက်နေတုန်းကတော့ မင်းအတော်လေးခံစားနေရတယ် မဟုတ်လား"

"ဒါကလည်း သူ့အတွက် စိတ်မကောင်းဖြစ်မိတာပါ"

"မင်းတို့ကတော့ အေးသွားပြီ၊ ငါတို့နှစ်ယောက်ပဲ ကျန်တော့တယ်"

"မင်းတို့နှစ်ယောက်ရော ရင်မေတို့ မာလာတို့နဲ့ အဆင်ပြေသွားပြီလား"

"အခုထိတော့ မတင်မကျအဆင့်လောက်ပဲ ရှိပါသေးတယ်ကွာ"

စောထီးက ရင်မေကို သဘောကျနေပြီး၊ ငမဲအောင်က မာလာကို ပိုးပန်းနေသောကြောင့် မေးလိုက်ခြင်းဖြစ်ရာ. . ငမဲအောင်က ပြန်ပြောခြင်းဖြစ်လေသည်။

"လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေ့ရတယ်ဆိုတဲ့ စကားလိုပေါ့၊ တကယ်ချစ်လို့ တဖြည်းဖြည်းနဲ့ကြိုးစားသွားရင် တစ်နေ့ကျရင် အဆင်ပြေလာမှာပါ၊ မင်းတို့နှစ်ယောက် အဆင်ပြေပါစေလို့ ငါဆုတောင်းပေးပါ့မယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေကွာ"

ဤသို့ဖြင့် လအနည်းငယ်ကြာပြန်သောအခါ မြလေး



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာ ကိုယ်ဝန်ရှိလာပြန်လေသည်။

ထိုအခါ ရင်မေနှင့် မာလာတို့ကမေးကြသည်။

"ဟဲ့. . မြလေးခင် နင်ဗိုက်ကပူလာပြန်ပြီလား၊ ဒီတစ်ခါ ကရော ဘယ်ပရောဂပြုစားပြန်ပြီလဲ"

ထိုသို့မေးသောအခါ မြလေးခင်က သဘောကျစွာ ပြုံး လိုက်ပြီး အိမ်ရှေ့တစ်နေရာမှာ အလုပ်လုပ်နေသော နီမောင် ရှိရာသို့ မေးငေါ့ပြကာ. . .

"ဒီတစ်ခါတော့ ဟောဟိုက ချစ်ကြိုးကဝေ ကိုတာတေ ရဲ့လက်ချက်ပေါ့ဟာ"


ဟုပြောလိုက်ရာ ရင်မေနှင့်မာလာတို့က သဘောကျစွာ ဖြင့်ကျယ်လောင်စွာ ရယ်မောလိုက်ကြလေသည်။ ထိုအခြေအ နေကိုတော့ အလုပ်ဖောကပ်နေသော နီမောင်တစ်ယောက် မသိ ပါတော့ချေ။ ဤနေရာတွင် ကျွန်ုပ်ရေးသားထားသော (သရဲမျက် နှာဖုံး)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနီယာ ဟောန္တု၊ သုခီ အတ္တာနံ၊ ပရိဟရန္တု။

ကြိုးစား

စာပြီးချိန်။ ။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်၊ သောကြာနေ့၊ နံနက် (၉း၀၀)နာရီ

☺ အောင်မြင်စာပေ ☺




BURMESE CLASSIC
www.burmeseclassic.com